www.burmeseclassic.com

သောင်းဝေဦး

ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့်
သူတို့၏တိုက်ပွဲကွပ်ကဲမှုများ အမှတ်(၁)

# ဗိုလ်ချုပ်ကြီးယာမာမိုတို နှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၀၆၃၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၀၅၉၀၈၀၉ |
| ပထမအကြိမ် | - | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၂၅၀ ကျပ် |
| မျက်နှာဖုံးပန်းချီ/ကာလာခွဲ | - | မြရတနာ Colour Seperation |
| အတွင်းဒီဇိုင်း | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| တည်းဖြတ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ
ဒေါ်မှုမှု(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သိမ်မြိုင်သာရေးအတွင်း
မဟာ္တလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဗိုလ်မှူးကြီးသောင်းဇော(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မဟာ္တလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

သောင်းဇော်ဦး ၃၅၅.၄
ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ
အမှတ်(၁)၊ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့်ပုလဲဆိပ်ကမ်းတိုက်ပွဲ/
သောင်းဇော်ဦး။ ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၀၉၊
၆၀ စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ
(၁) ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများအမှတ်(၁)၊ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့်ပုလဲဆိပ်ကမ်းတိုက်ပွဲ

BURMESE CLASSIC

16 JAN 2015

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သောင်းဝေဦး

ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့်
သူတို့၏တိုက်ပွဲကွပ်ကဲမှုများ
အမှတ် (၁)

# ဗိုလ်ချုပ်ကြီးယာမာမိုတို
# နှင့်
# ပုလဲဆိပ်ကမ်းတိုက်ပွဲ

(၁၉၄၁)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများ နှင့် သူတို့၏တိုက်ပွဲဝင်စစ်ဆင်မှုများ

### အမှတ် ( ၁ )


### ဗိုလ်ချုပ်ကြီးယာမာရှိတိုနှင့်ပုလဲဆိပ်ကမ်းတိုက်ပွဲ (၁၉၄၁)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| | **ယာမာမိုတိုဆိုသည်မှာ** | |
| ၁။ | သူဘယ်သူလဲ | ၇ |
| ၂။ | ပုလဲဆိပ်ကမ်းကိုတိုက်ခိုက်ခဲ့သူယာမာမိုတို | ၁၅ |
| ၃။ | တောပန်းလေးနှင့်ယာမာမိုတို | ၁၉ |
| ၄။ | ယာမာမိုတိုနှင့် အမေရိကန်များ | ၂၀ |
| ၅။ | ရာထူးတာဝန်အမျိုးမျိုးပြောင်းလဲထမ်းဆောင်ရခြင်း | ၂၃ |
| ၆။ | ဘုရင်မင်းမြတ်ကိုယ်တိုင်က တာဝန်ပေးပြီ | ၂၇ |
| ၇။ | ယာမာမိုတို၏ တိုက်ပွဲစီမံချက် | ၂၉ |
| ၈။ | တိုက်ပွဲအကျဉ်း | ၄၁ |
| ၉။ | နိဂုံး | ၄၃ |
| | **အခန်း (၂)** | |
| | **ပုလဲဆိပ်ကမ်းတိုက်ပွဲကြီး** | |
| ၁၀။ | နိဒါန်း | ၄၅ |
| ၁၁။ | လေ့ကျင့်စခန်းများပြုလုပ်ခြင်း | ၄၆ |
| ၁၂။ | ကျွန်တော်တို့ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ခဲ့စဉ်က | ၅၀ |
| ၁၃။ | တိုက်ပွဲဖြစ်စဉ်အဆင့်ဆင့် | ၅၉ |
| ၁၄။ | ဗိုလ်ချုပ်ကြီးနာဂူမို၏ နောက်ဆုံး ဆုံးဖြတ်ချက် | |
| | **အခန်း (၃)** | |
| | **ဗိုလ်ချုပ်ကြီးယာမာမိုတို၏တိုက်ပွဲတွင်စစ်ဆင်မှု** | |
| ၁၅။ | ပြတ်သားသောယာမာမိုတို | ၁၂၇ |
| ၁၆။ | စစ်ဆောင်ရာသောအကြောင်းကြီးများနှင့် ရိုးရိုးနည်းယှဉ်သုံးသပ်ခြင်း | ၁၃၁ |
| | **အခန်း (၄)** | |
| | **ပုလဲဆိပ်ကမ်းတိုက်ပွဲသင်ခန်းစာနှင့်ရှုမြင်သုံးသပ်ချက်များ** | |
| ၁၇။ | တိုက်ပွဲဂလက်များ | ၁၃၉ |
| ၁၈။ | နိုင်ငံရေးဂယက်များ | ၁၄၂ |
| ၁၉။ | တိုက်ပွဲသုံးသပ်ချက်များ | ၁၄၉ |
| ၂၀။ | ဂျပန်တို့အပေါ်သုံးသပ်ချက် | ၁၄၉ |
| ၂၁။ | အမေရိကန်တို့အပေါ်သုံးသပ်ချက် | ၁၅၆ |
| ၂၂။ | နိဂုံးချုပ်ဖော်ပြချက် | ၁၆၉ |

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အခန်း (၅) | |
| | ယာမာမိုတိုကျဆုံးခြင်း | |
| ၂၃။ | မြစ်ဝဉ်အကျဉ်း | ၁၇၅ |
| ၂၄။ | ကျွန်တော်နှင့်ယာမာမိုတို | ၁၈၀ |

BURMESE CLASSIC



စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

၁၉၈၆ ခုနှစ်က စာရေးသူ ဒုတပ်ရင်းမှူးဘဝနှင့် စစ်ဦးစီးတက္ကသိုလ် တက်ခဲ့ရသည်။ ထိုစဉ်က မြန်မာ့တပ်မတော်တွင် အဆင့်အမြင့်ဆုံးသင်တန်းဟု ခေါ်နိုင်ပါ၏။

ထိုသင်တန်းကြီးတွင် Thesis စစ်ရေး နိုင်ငံရေးစာတမ်းနှင့် Command Study ခေါ် . တိုက်ပွဲကွပ်ကဲမှု သုံးသပ်ချက် စာတမ်းများရေးတင်ကြရသည်။ Thesis စာတမ်းက အကြောင်းအရာကို အခြေခံရေးရသည့် စာတမ်းဖြစ်သည်။ Command Study က စစ်ခေါင်းဆောင်ကြီးများ၏

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲကွပ်ကဲမှုကို လေ့လာသုံးသပ်သည့် စာတမ်းဖြစ်သည်။ သင်တန်းသားတစ်ဦးလျှင် အထက်ပါအတိုင်း စာတမ်း နှစ်စောင်စီ ပြုစုတင်သွင်းကြရ၏။

စာရေးသူက ဂျပန်ကို စိတ်ဝင်စားသူဖြစ်၍ Command Study ပြုစုရာတွင် ဂျပန်ဗိုလ်ချုပ်ကြီး ယာမာရှိတာကို ရွေးခဲ့သည်။ ဗိုလ်ချုပ်ကြီး ယာမာရှိတာနှင့် မလေးကျွန်းဆွယ်တိုက်ပွဲကို ရေးခဲ့သည်။ နည်းပြများ Credit ပေးသည့် စာတမ်းများတွင် ပါဝင်ခဲ့၏။ ထိုစဉ်ကတော့ ကြီးမားသော ရည်ရွယ်ချက် မရှိခဲ့ပါ။ စစ်သားမို့ ကိုယ့်ပေးသည့်တာဝန် ကျေပွန်အောင် ထမ်းဆောင်လိုက်ခြင်းသာ ဖြစ်ပါသည်။ ၁၉၈၈ ၌ စာရေးသူအား တပ်မတော်လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံးမှ ခေါ်ယူခြင်းခံရ၏။ သင်တန်းကျောင်းများအတွက် စစ်စာပေများပြုစုရန် တာဝန်ပေးသည်။

စာရေးသူနှင့်အတူ ဗိုလ်ချုပ်စစ်မောင်(ကွယ်လွန်) ဗိုလ်ချုပ်အောင်ကြည်(ယခုဝန်ကြီး) တို့ပါဝင်သည်။ အခြား နိုင်ငံခြားပြန်အရာရှိကြီး လေးငါးဦးလည်း ပါဝင်၏။ ဗိုလ်သင်တန်းကျောင်း၊ တပ်မတော်(ကြည်း) တိုက်နိုက်ရေးကျောင်းနှင့် စစ်ဦးစီးတက္ကသိုလ်တို့တွင် သွားရောက်နေထိုင်ပြီး တာဝန်ထမ်းဆောင်ကြရသည်။ စာတွေ အများကြီး ဖတ်ရ



ည်း ရေးရသည်။

ဤတွင် သင်တန်းသားများ ရေးသားတင်သွင်းများကြသည့် Command Study အမြောက်အမြားကို ဖတ်ရတော့၏။ ကမ္ဘာကျော်ဗိုလ်ချုပ်ကြီးများ၏ တိုက်ပွဲကွပ်ကဲမှုများကို အတော်လေး ပြည့်ပြည့်စုံစုံ သိရသည်။ ဟိုဘက်ဒီဘက် ဗိုလ်ချုပ်ကြီးများထဲ၌ စာရေးသူ လေးစားသဘောကျသော ဗိုလ်ချုပ်ကြီးများကို မှတ်သားထားခဲ့၏။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကာလက ဗိုလ်ချုပ်ကြီးများပင်။ ၎င်းတို့အထဲမှ အချို့ကိုဖော်ပြရပါက

* ဂျပန်ဗိုလ်ချုပ်ကြီးများထဲမှ –
  ယာမာရှိတာနှင့် ယာမာမိုတို
* အင်္ဂလိပ်ဗိုလ်ချုပ်ကြီးများထဲမှ –
  မောင်ဂိုမာရီနှင့် ဝီလီယံစလင်း
* အမေရိကန်ဗိုလ်ချုပ်ကြီးများထဲမှ –
  အိုက်စင်ဟောင်ဝါနှင့် စတီးဝဲလ်
* ဂျာမန်ဗိုလ်ချုပ်ကြီးများထဲမှ –
  ရွမ်းမဲလ်နှင့် ဂူဒါရီးယန်
* ရုရှားဗိုလ်ချုပ်ကြီးများထဲမှမူ –
  ဇူးကော့(ဗ်)တို့ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုဗိုလ်ချုပ်ကြီးများ၏ ထင်ရှားကျော်ကြားသော တိုက်ပွဲများနှင့်အတူ ၎င်းတို့၏ အတ္ထုပ္ပတ္တိများကိုပါ လေ့လာရပါသည်။

သူတို့၏ စိတ်နေသဘောထားများက သူတို့ တိုက်ခဲ့သည့် တိုက်ပွဲများကို ရောင်ပြန်ဟပ်လေ့ရှိ၏။ ဥပမာ-

ယာမာရှိတာနှင့် ယာမာမိုတိုတို့က ဂျပန်ပီပီ ပြတ်သားသည်။ လုပ်ရဲကိုင်ရဲသည်။

မောင်ဂိုမာရီနှင့် ဝီလီယံစလင်းတို့က အင်္ဂလိပ်ပီပီ စေ့စပ်သေချာသည်။

ရွမ်းမဲလ်က ဂျာမန်ပီပီ လျှပ်တစ်ပြက် စစ်ဆင်သည်။ စွန့်စားရဲသည်။

စတီးဝဲလ်က ဇီဇာကြောင်သည်။ ခေါင်းမာသည်။

ဖူးကော့ဗ်က စစ်စည်းရုံးမှု အလွန်ကောင်းသည် ဒုဖြင့် စစ်ဆင်တတ်သည်။ စိတ်ဓာတ်အလွန်ခိုင်မာသည် စသည်တို့ ဖြစ်ပါ၏။

မည်သို့ဆိုစေ ထင်ရှားကျော်ကြားသော ဗိုလ်ချုပ်ကြီးတိုင်း ထူးခြားသော အရည်အချင်း ပိုင်ဆိုင်သူများပါ။ သူတို့သည် စစ်အောင်ရာသော အကြောင်းတရားကြီး ဆယ် လေးငါးချက်အနက် အတော်များများကို နားလည်အသုံး



သူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခု ကျွန်တော် ရေးသားတင်ပြမည့် "ထင်ရှားကျော်ကြား ဗိုလ်ချုပ်ကြီးများနှင့် သူတို့၏ တိုက်ပွဲကွပ်ကဲမှုများ" Series တွင် ကမ္ဘာကျော်ဗိုလ်ချုပ်ကြီးတစ်ဦးစီ၏ အတ္ထုပ္ပတ္တိနှင့် သူတို့၏ကျော်ကြားသော တိုက်ပွဲများ၌ အသုံးချသွားသည့် နည်းဗျူဟာများ စစ်အောင်ရာသော အကြောင်းတရားများကို ဖော်ပြသွားမည်ဖြစ်ပါသဖြင့် သာမန် စစ်စာပေလေ့လာသူများအတွက်သာမက တပ်မတော်သားများအတွက်ပါ လေ့လာနိုင်မည်ဖြစ်မည်ဟု ထင်မြင်ယူဆမိကြောင်းပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး

...ရာ - ရန်ကုန်
...ခွဲ - ၂၀၀၉ ခုနှစ်၊ ဇွန်လ (၂၀) ရက်



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁ )
# ယာမာမိုတိုဆိုသည်မှာ

**အယ်သူလဲ**

၁၉၃၉ ခုနှစ်၊ စက်တင်ဘာတွင် ဂျာမဏီက ပိုလန်ကို ဝင်တိုက်သဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဂျာမဏီကို စစ်ကြေညာရာ ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တော့သည်။ အာရှတွင်လည်း ဂျာမဏီ၊ အီတလီတို့နှင့် မဟာမိတ် ဖွဲ့ထားသည့် Berlin, Rome, Tokyo ဝန်ရိုးတန်း မဟာမိတ်အဖွဲ့ဝင် ဂျပန်က စစ်ရေးစီးပွားရေး အလွန်စွာနေ့

မြရတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com




သည်။ ဂျပန်သည် ရုရှား ဂျပန်စစ်ပွဲပြီးကတည်းက စစ်မာန် ယစ်နေ၏။ ဂျပန်တွင် စစ်လိုလားသူများ အာဏာရလာကြသည်။ တရုတ်ကိုရီးယားတို့ကိုသာမက ပြင်သစ်ပိုင် အင်ဒိုချိုင်းနားအထိ နယ်ချဲ့လာကြ၏။ အင်္ဂလိပ်ပိုင် အာရှ ကိုလိုနီများကိုပါ မျက်စောင်းထိုးလာသည်။ အင်္ဂလိပ်နှင့် ဒတ်ချ်ပိုင် ကိုလိုနီများမှ ရေနံအပါအဝင် ကုန်ကြမ်းများကို ရယူလိုခြင်းကြောင့်ဖြစ်၏။

ဂျပန်သည် အာရှအင်အားကြီး နိုင်ငံအဖြစ်မှ အနောက်တောင် ပစိဖိတ်ဒေသနှင့် အာရှတွင် စစ်တံခွန် လွှင့်ထူလာရာ ပစိဖိတ်သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းရှိ အမေရိကန်တို့က မျက်စိဒေါက်ထောက် ကြည့်နေကြ၏။ ဂျပန်၏ ရန်လိုသော အပြုအမူများကို နည်းမျိုးစုံဖြင့် ဟန့်တားလာကြ၏။ အမေရိကန်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်၌ ပါဝင်ခြင်းမရှိသေးပေ။ သို့ရာတွင် သူတို့၏ မဟာမိတ်ဖြစ်သော အင်္ဂလိပ်တို့ကို စစ်ပစ္စည်းများအပါအဝင် လိုအပ်သည်များကို ထောက်ပံ့ပေး နေခဲ့၏။ တရုတ်ပြည် ဂျပန်လက်တွင်း မကျရောက်စေရေး အတွက် တရုတ် ချန်ကေရှိတ်အစိုးရသို့ အကူအညီများ



www.burmeseclassic.com




ဂျပန်ပြည်တံခါးများဖွင့်ပေးရပုံ (၁၈၅၄)

www.burmeseclassic.com

www.burmeseclassic.com



လည်း ပေးလျက်ရှိ၏။

ဤတွင် ဂျပန်နှင့် အမေရိကန် ထိပ်တိုက်ရင်ဆိုင်ကြရတော့၏။

အမေရိကန်က ဂျပန်တို့ အင်ဒိုချိုင်းနားကို သိမ်းပိုက်လိုက်သည်နှင့် အမေရိကန်နိုင်ငံရှိ ဂျပန်နိုင်ငံ၏ ပိုင်ဆိုင်မှု အရင်းအမြစ်အားလုံးကို ထုတ်ယူခွင့်မပြုဘဲ ထိန်းချုပ်ထားလိုက်တော့၏။ ထို့ကြောင့် ဂျပန်နှင့် အမေရိကန်တို့ ကုန်သွယ်ရေး လုံးဝရပ်စဲသွားလေတော့သည်။ အင်္ဂလိပ်အစိုးရကလည်း အမေရိကန်နည်းတူ ဗြိတိန်ရှိ ဂျပန်ပိုင်ငွေကြေးနှင့် ပစ္စည်းများကို ဂျပန်တို့ အသုံးမပြုနိုင်အောင် ပိတ်ပင်ထားလိုက်သည်။ ဒတ်ချ်တို့ကလည်း အရှေ့အိန္ဒိယကျွန်းစု မှ ရေနံနှင့် စက်သုံးဆီများကို မရောင်းဘဲထားသည်။ ထို့ကြောင့် ဂျပန်တို့ အလွန်အထိနာသွားတော့၏။ ဂျပန်သည် ပြည်ပမှ ရေနံကိုသာ မှီခိုရသည့် နိုင်ငံဖြစ်၏။

ရေနံနှင့် စက်သုံးဆီများ မရတော့သည်နှင့် ဂျပန်စက်ရုံ အလုပ်ရုံများ ပိတ်ပစ်ရတော့မည့် အနေအထားကျရောက်သွားတော့၏။ ယာဉ်ယန္တရားနှင့် စစ်ပစ္စည်း ထုတ်လုပ်မှုမှာလည်း လအနည်းငယ်အတွင်း တစ်ဟုန်ထိုး ကျ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားလေသည်။ အဓိကလက်သည်မှာ အမေရိကန်ဖြစ်သည်ကို ဂျပန်တို့က သိထားကြ၏။ သို့ရာတွင် အမေရိကန်တို့နှင့် စစ်မဖြစ်လိုသေးသဖြင့် အထူးကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ကာ အမေရိကန်အစိုးရနှင့် ဆွေးနွေးခဲ့လေသည်။

၁၉၄၁ ခုနှစ်၊ ဖွန်လ၌ စေ့စပ်ဆွေးနွေးပွဲများကို ဝါရှင်တန်တွင် ပြုလုပ်ကျင်းပခဲ့၏။ ဂျပန်တို့၏ တောင်းဆိုချက်များမှာ မမျှတသဖြင့် အမေရိကန်တို့က ပယ်ချခဲ့လေသည်။ ဆွေးနွေးပွဲများကို ၁၉၄၁ အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့သော်လည်း နှစ်ဖက်လုံးက အလျှော့မပေးနိုင်ကြသဖြင့် အောင်မြင်ခြင်း မရှိခဲ့ချေ။

"အောက်တိုဘာ ဆွေးနွေးပွဲတွေ မအောင်မြင်ရင်တော့ အမေရိကန်ကို စစ်ပြုမှုရတော့မယ်"

အောက်တိုဘာ ၁၆ ရက်နေ့တွင် တက်လာသည့် ဗိုလ်ချုပ်ကြီးတိုဂျို အစိုးရက သဘောထားပေးလေသည်။ ဗိုလ်ချုပ်ကြီးတိုဂျိုသည် စစ်လိုလားသော ဂျပန်ကြည်းတပ်မှ ခေါင်းဆောင်ကြီးဖြစ်၏။ သူသည် စစ်ဝန်ကြီးရော ပြည်ထဲရေးဝန်ကြီး တာဝန်ကိုပါ ယူထားသူဖြစ်၏။ အစိုးရအဖွဲ့





ရာထူးလက်ခံပြီး ၂ ရက်အကြာ၌ ဂျပန် ဘုရင်ဧကရာဇ်ဟီရိုဟီတိုက တိုဂျိုကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လေတော့သည်။

တိုဂျိုအစိုးရသစ်က နည်းလမ်း သုံးသွယ်ကို စဉ်းစားခဲ့၏။

(က) အမေရိကန်တို့၏ တောင်းဆိုချက်များကို လိုက်လျောရန်။
(မဖြစ်နိုင်ပါ။ ဂျပန်နိုင်ငံ၏ လက်ရှိ ဂုဏ်သိက္ခာ ကျဆင်းသွားမည်။ တစ်မျိုးသားလုံး၏ မာနကို ထိခိုက်မည်။)

(ခ) လက်ရှိအနေအထားအတိုင်း ဆက်လက်ရပ်တည်သွားရန်။
(ဒါလည်း မဖြစ်နိုင်ပါ။ အဓိကရေနံ ပြတ်သွားမည်။ တစ်နိုင်ငံလုံး စီးပွားရေး ချွတ်ခြုံကျပြီး စစ်ရေးကိုပါထိခိုက်လာမည်။)

(ဂ) အမေရိကန်နှင့် မဟာမိတ်များကို စစ်ပြုရန်။
(အကောင်းဆုံးနည်းလမ်းဟု ယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ကို ဂျာမဏီက သိမ်းထားသည်။ အင်္ဂလိပ်တို့၏ ဗြိတိန်နိုင်ငံမှာလည်း ဂျာမဏီ၏ ဗုံးဒဏ်ခံနေရသည်။ မိမိတို့ ဝန်ရိုးတန်း မဟာမိတ်နိုင်ငံများ စစ်ရေး အကဲသာနေသည်။ အမေရိကန်နှင့် အင်္ဂလိပ်အား အငိုက်ဖမ်းတိုက်က အောင်မြင်နိုင်မည်ဟု သုံးသပ်သည်။)

တိုဂျိုခေါင်းဆောင်သော စစ်ဝါဒီအစိုးရက တတိယ နည်းလမ်းကို ပြတ်သားစွာရွေးချယ်ခဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်တွင် ဘုရင်ဟီရိုဟီတိုက တိုဂျိုအစိုးရ၏ စစ်ပြုရန် အဆိုပြုဆုံးဖြတ်ချက်ကို အတည်ပြု လက်မှတ် ရေးထိုးပေးလိုက်သည်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ် စဖြစ်ပြီဆိုကတည်းက စစ်ပြင်ထားသော ဂျပန်သည် သူလိုချင်တာရအောင် တစ်ဖက်က သံတမန်နည်းပရိယာယ်ကို အသုံးပြုလျက်ရှိသော်လည်း တစ်ဖက်ကမူ စစ်ရေးလေ့ကျင့်ပြင်ဆင်မှုများကို တိတ်တဆိတ်ပြုလုပ်လျက်ရှိပြီး တောင်ပစိဖိတ်ဒေသ၌ ကြီးကျယ်နေသော အမေရိကန်အား ဦးနှိမ်ရန် ၎င်းတို့၏





ပစိဖိတ်ရေတပ်ကြီးကို အငိုက်ဖမ်းတိုက်ခိုက်နိုင်ရန် ပြင်ဆင်ခဲ့ကြ၏။ အနောက်တောင် အာရှနိုင်ငံများရှိ နယ်ချဲ့အင်္ဂလိပ်ကို မောင်းထုတ်နိုင်ရန်အတွက်လည်း အပူပိုင်းဒေသ တောတွင်းစစ်ဆင်ရေးများကို ကြိုတင်လေ့ကျင့်လျက်ရှိ၏။

သွေးခင်းသောလမ်းကို လျှောက်ရန် ဆုံးဖြတ်ပြီးသော ဂျပန်တို့သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နေ့ နံနက် ၈ နာရီခန့်၌ အမေရိကန်တို့၏ ပစိဖိတ်ရေတပ်ကြီး အခြေစိုက်ထားရာ ပုလဲဆိပ်ကမ်းအား ဂျပန်ရေတပ်မှ လေယာဉ်များဖြင့် အငိုက်ဖမ်းတိုက်ခိုက်တော့၏။ တိုက်ပွဲမှာ အလွန်ပြင်းထန်လှပြီး လုံးဝလည်း အငိုက်ရလိုက်သဖြင့် အမေရိကန်တို့ အလွန် အထိနာသွားတော့၏။

နှစ်နာရီပင် မကြာလိုက်သော ထိုတိုက်ပွဲကြီး၌ အမေရိကန်တို့ဘက်မှ စစ်သင်္ဘောကြီး ၈ စီး နစ်မြုပ်ပျက်စီးသွား၏။ ခရူဇာအပေါ့စား သင်္ဘော ၃ စီးနှင့် အခြားသင်္ဘောငယ်များစွာလည်း ထိခိုက်ပျက်စီးသွားခဲ့သည်။ ကြည်းတပ်လေယာဉ် ၁၈၈ စီး ချေမှုန်းခံရပြီး ရေတပ်လေယာဉ်အစီး ၃၀ ပျက်စီးသွားသည်။ ထိခိုက်ကျဆုံးသူ



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် (အရပ်သားများအပါအဝင်) ၂၄၀၃ ယောက် ရှိ၏။ ဒဏ်ရာရသူ ၁၁ရာ ယောက်ဖြစ်သည်။ ပုလဲဆိပ်ကမ်းကြီးတစ်ခုလုံးမှာလည်း အော်ကြဟစ်ကြ ငိုကြယိုကြနှင့် မီးဟုန်းဟုန်းတောက်ကာ ကျန်ခဲ့၏။

ဤတိုက်ပွဲကြီးကို အမေရိကန်တို့ အထူးအံ့အားသင့်သွား၏။ သူတို့သည် အာရှသားဂျပန်များကို လျှော့တွက်ထားကြသည်။ ပုလဲဆိပ်ကမ်းသည် ဂျပန်ကျွန်းစုများနှင့် မိုင် ၃၀၀၀ ခန့် ဝေးကွာ၏။ ဤမျှ ဝေးကွာသော သူတို့၏ ပစိဖိတ်ရေတပ် Naval Base ကြီးကို ဂျပန်တို့ ဒီလိုမိုက်မိုက်ကန်းကန်း လာလုပ်ဖွယ်ရာမရှိဟု သုံးသပ်ထားကြ၏။ မလုပ်နိုင်ဟုလည်း ထင်ထားကြ၏။ ဒါပေမဲ့ သူတို့ မထင်တာ ဂျပန်တွေက လုပ်သွားကြပြီ။ သူတို့ အကြီးအကျယ် ခံလိုက်ရပြီ။ ဒါ ဘယ်သူ့အကြံဉာဏ်လဲ။ ဒါလောက်ကြီးကြီးကျယ်ကျယ်ကြံပြီး လုပ်နိုင်တာ ဂျပန်မှာ ဘယ်သူရှိလဲ။

ဘယ်သူရှိရဦးမှာလဲ။

သူတို့ အမေရိကန်တွေက စာတွေ ပညာတွေ သင်ပေးလိုက်တဲ့ အမေရိကန်မှာလည်း နေသွားဖူးတဲ့ ရေကြောင်း





...သ ဒီဇင်ဘာ ခုနစ်ရက် ပုလဲဆိပ်ကမ်းတိုက်ပွဲ ကို အစအဆုံး ပုံဖော်ခဲ့သည့် ...န် တပ်ပေါင်းစုဗိုလ်ချုပ်ကြီး အီဆိုရိုးကု ယာမာမိုတို

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ် ဖြစ်လုဆဲ အချိန်က တွေ့ရသည့် ဂျပန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆူဂီယာမနှင့်ဇနီး

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ယာမာမိုတိုပေါ့။

ဩော် ... ဒါ ယာမာမိုတိုရဲ့ လက်ချက်ကိုး။ အမေရိကန်များက ယာမာမိုတိုအား တေးထားလိုက်ကြ သည်။

ပျံလေတဲ့ ငှက်ခါး နားခါမှ သိပေရော့မည်။

❖

**ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ခဲ့သူ ယာမာမိုတို**

ပုလဲဆိပ်ကမ်းတိုက်ပွဲကို ကျားကုတ်ကျားခဲ ပုံဖော်ခဲ့သည့် ဗိုလ်ချုပ်ကြီးယာမာမိုတိုကို ၁၈၈၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ဂျပန်နိုင်ငံ Nagaoka နာဂါအိုကာ၌ မွေးဖွားခဲ့သည်။ တိုကျိုမြို့၏ မြောက်ဘက် ကီလိုမီတာ ၂၄၀ အကွာတွင်ရှိသော မြို့ငယ်လေးဖြစ်၏။ မွေးချင်း ၇ ယောက်အနက် အငယ်ဆုံးသားဖြစ်၏။ ဖခင်မှာ ရှိုဂွန်အစိုးရ၏ အမှုထမ်းတစ်ဦးဖြစ်သဖြင့် မိကျိုခေါင်းဆောင်တို့ကို ဆန့်ကျင်သူ ဖြစ်ခဲ့၏။

၁၈၆၇ ခုနှစ်၌ ရှိုဂွန်အစိုးရ ပြုတ်ကျချိန်၌ ယာမာမိုတို၏ ဖခင်သည် အသက် ၄၀ အရွယ် ရှိုဂွန်အစိုးရ အမှုထမ်း ဖြစ်၏။ ယာမာမိုတိုကို မွေးဖွားချိန်၌ အသက်



www.burmeseclassic.com

www.burmeseclassic.com



၅၆ နှစ်ရှိပြီ။ မူလတန်းကျောင်းအုပ်ကြီးအဖြစ် မီဂျီ အစိုးရ၏ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ သူ့အသက် ၅၆ နှစ်မှ မွေးလာသည့် အငယ်ဆုံးသားလေး ယာမာမိုတိုကို ISOROKU အိဆိုရိုးကု (ငါးဆယ့်ခြောက်) ဟု အမည်ပေးခဲ့သည်။ အိဆိုရိုးကု ဆိုသည်မှာ ဂျပန်ဘာသာ စကားဖြင့် ငါးဆယ့်ခြောက်ဟု အဓိပ္ပာယ်ရ၏။

ယာမာမိုတိုသည် နာဂါအိုကာ၌ ကျောင်းစတင်နေခဲ့ရာ သူ၏ဆရာတစ်ယောက်သည် အမေရိကန်လူမျိုး Missionary တစ်ဦးဖြစ်၏။ ယာမာမိုတိုသည် ထိုအမေရိကန် ဆရာထံသွား၍ မကြာခဏ အင်္ဂလိပ်စကား သင်ကြားလေ့ရှိသည်။ ဆရာနှင့် စကားစမြည်ပြောသည်။ ထို့ကြောင့် ယာမာမိုတိုကား ငယ်စဉ်ကပင် အမေရိကန်အကြောင်း အတော်အတန်သိသူဖြစ်ခဲ့၏။

၁၉၀၁ ခုနှစ် သူ အသက် ၁၈ နှစ်၌ ဘုရင့်ရေတပ်မတော် အကယ်ဒမီကျောင်း Imperial Naval Academy သို့ တက်ရောက်ခွင့်ရခဲ့၏။ ယာမာမိုတိုသည် စစ်တက္ကသိုလ်တွင် အပေါင်းအသင်းဝင်ဆန့်၍ စာကြိုးစားသူ ထူးချွန်သူဖြစ်ခဲ့၏။ အမြောက်လက်နက် ဘာသာရပ်နှင့်






ကမ္ဘာ့အရှေ့များတွင် ဂျပန်နယ်ချဲ့ပုံ

www.burmeseclassic.com


www.burmeseclassic.com




တရုတ်-ဂျပန်စစ်(၁၈၉၄)

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရှိငယ်ဘဝက ယာမာမိုတို

www.burmeseclassic.com

www.burmeseclassic.com



စ်သင်္ဘောများ ဘာသာရပ်တွင် အလွန်တော်သည်ဟု လူ
သီများ၏။ ၁၉၀၄ ခုနှစ်၌ ဘုရင့်ရေတပ် အကယ်ဒမီ
ကျောင်းမှ ဆင်းပြီး နစ်ရှင် ခရူဇာစစ်သင်္ဘောတွင် တာဝန်
ထားခံရ၏။

ယာမာမိုတို သင်တန်းဆင်းချိန်နှင့် ရုရှားဂျပန်စစ်ပွဲ
ကြီးနေသည်။ ဆူရှိမာရေလက်ကြားတိုက်ပွဲတွင် ယာမာမို
သည် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့ရာ ရန်သူရုရှား
၏ အမြောက်ကျည်ထိမှန်ခံရပြီး ဘယ်ဘက်လက်မှ လက်
နှင့် လက်ခလယ် ကြေမွသွားခဲ့သော်လည်း ဒဏ်ရာရ
သော လက်ကို ရရာအဝတ်ဖြင့် စည်းနှောင်ကာ တိုက်ပွဲ
အောင်မြင်သည်ထိ တိုက်ခိုက်ခဲ့၏။ ထိုတိုက်ပွဲကြီး၌
နတို့ လုံးဝအောင်ပွဲခံခဲ့၍ ရုရှားရေတပ်ကြီးကို လက်စ
ချေမှုန်းသုတ်သင်နိုင်ခဲ့၏။

ယာမာမိုတို၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားမှုကို
သွားသော ရေကြောင်းဗိုလ်ချုပ်ကြီးတိုဂိုက ယာမာမိုတို
...

"သင်၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားမှုကို
ဂုဏ်ပြု မှတ်တမ်းတင်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဂုဏ်ပြုမှတ်တမ်းလွှာ ပေးပို့ခဲ့လေသည်။

ဤတွင် ယာမာမိုတိုသည် ဘုရင့်ရေတပ်မတော် တွင် အလွန်လူသိများ ထင်ရှားကျော်ကြားလာတော့၏။

၁၉၁၆ ခုနှစ်၌ ဂျပန်ရေတပ် အဆင့်မြင့်ကောလိပ် တွင် ဘွဲ့လွန်သင်တန်း တက်ရောက်ခဲ့၏။ သင်တန်းတွင် လည်း ထူးချွန်၏။ သင်တန်းအပြီး၌ ယာမာမိုတိုအား နာဂါအိုကာမြို့လေးက စစ်ဖက်ဆိုင်ရာအရာရှိကြီးတစ်ဦးမှ သားထောက်သမီးခံ မရှိသဖြင့် သားအဖြစ် မွေးစားခဲ့လေ တော့သည်။ ယာမာမိုတို၏ဖခင်ရင်းမှာ သာမန်ကျောင်း ဆရာကလေးဖြစ်သည့်အပြင် ကလေးကလည်း များသေး ယာမာမိုတိုအတွက် မိဘအရင်းများ၏ အပံ့အပိုးနှင့် ကူညီမှု အနည်းငယ်သာ ရခဲ့၏။ ယခု ဂုဏ်သရေရှိ တပ်မတော် အရာရှိကြီးမှ မွေးစားခံခဲ့ရရာ ဂုဏ်သိက္ခာတက်သွားပြီး အမည်ကိုလည်း မွေးစားဖခင် ယာမာမိုတို မိသားစု အမည်ကို ပြောင်းလဲခံယူခဲ့ရာ Isoroku Yamamoto အိဆိုရို ကု ယာမာမိုတိုဟု ဖြစ်လာခဲ့လေသည်။

နောင်အခါတွင်မူ မွေးစားဖခင်ပေးခဲ့သော ယာမာ မိုတို အမည်နှင့်ပင် ကျော်ကြားခဲ့လေတော့သည်။





ဤသည်ကား ယာမာမိုတို၏ ဘဝအစပိုင်း ကာလ သည်။

❖

## သန်းလေးနှင့် ယာမာမိုတို

ယာမာမိုတိုသည် ဂျပန်လူမျိုးပီပီ အရပ် ၅ ပေ ထက်မ သာသာသာ ရှိ၏။ သို့ရာတွင် စစ်သားဖြစ်၍ ယ်ကာယ တောင့်တင်းကြံ့ခိုင်၏။ ခံ့ညားတည်ကြည်၏။

အလားအလာကောင်းသော ရေတပ်ဗိုလ်ကလေး မာမိုတိုအား လူချမ်းသာ သမီးရှင်များက မျက်စိကျ ၏။ အထက်တန်းလွှာမှ မိန်းမပျိုများနှင့် တပ်မတော် ရှိကြီးများ၏ သမီးပျိုများကလည်း စိတ်ဝင်စားကြလေ ည်။ သို့ရာတွင် ယာမာမိုတိုသည် တကယ်တမ်း အိမ် ာင်ပြုသောအခါ ထိုအထက်တန်းလွှာ၏ သမီးပျိုများ လုံးကို ငြင်းပယ်၍ တောကျေးလက် တောင်သူလယ် မိသားစုမှ ရိုးသားသည့် တောပန်းလေးတစ်ပွင့်ကိုသာ ယ်ခဲ့လေသည်။

၁၉၁၈ ခုနှစ် ယာမာမိုတို အသက် ၃၅ နှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တောပန်းလေး မိဟာရှိနှင့် လက်ထပ်ခဲ့၏။ မိဟာရှိသည် ရိုးသားသော တောင်သူလယ်သမား၏ သမီးဖြစ်ပြီး လက် ထပ်ချိန်၌ အသက် ၂၅ နှစ်ရှိပြီဖြစ်၏။

ယာမာမိုတိုသည် ရေတပ်မတော် အရာရှိအဖြစ်ဖြင့် အမြဲလိုလို ပင်လယ်ပြင်သို့ ခရီးထွက်နေရရာ အိမ်ထောင်ရှင် အဖြစ် ရိုးသား၍သစ္စာရှိသော တောသူကိုသာ အိမ်ထော ဖက်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။ စစ်သားတို့ဘဝ စစ်ထွက်ယောကျ်ား ခရီးသွားနေစဉ် ဇနီးမယား အိမ် ထောင်ရေး ဖောက်ပြန်မှုများရှိလာပါက ယောကျ်ားဖြစ်သူ အတွက် အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်ဟု အယူ ကြ၏။ ယာမာမိုတိုသည် အသက် ၃၀ ကျော်သည်အထိ အထက်တန်းလွှာများကြား၌ ကျက်စားခဲ့ပြီးမှ ဤတောပန်း လေးကို ရွေးချယ်ခဲ့ခြင်းမှာ ထိုသစ္စာတရားကြောင့်ဟု မှတ်ယူရပေမည်။

အထက်တန်းလွှာများက အသာစံချင်ကြသော် လည်း အနာမခံချင်ကြပါချေ။

(စာရေးသူပင်လျှင် နှစ်ပေါင်းများစွာ ရည်ငံ့ခဲ့သည် ငယ်ရည်းစားအပါအဝင် တက္ကသိုလ်က တွဲခဲ့သော Gi





...များနှင့်လွဲခဲ့ရပြီး တစ်ထဲ၌ ဒေါင်ကျကျ ပြားကျကျ ...အတူပူအမျှ နေထိုင်မည့် တိုင်းရင်းသူ အမျိုးသမီး ...လေးနှင့် အိမ်ထောင်ကျခဲ့ရပါသည်။ ဤကား စကားချပ်)

ယာမာမိုတိုသည် တောပန်းလေး မိဟာရှိနှင့် သား ...ဦး သမီး ၂ ဦး ထွန်းကားခဲ့၏။

❖

...မာမိုတိုနှင့် အမေရိကန်များ

ယာမာမိုတိုသည် ငယ်စဉ်ကပင် အမေရိကန် ...ာင်းဆရာနှင့် စာသင်ခဲ့ဖူးသူဖြစ်၏။ အိမ်ထောင်ကျပြီး ...ာပီမှာပင် အမေရိကားသို့ သွားရောက်နေထိုင်ရ၏။ ...ဗတ်တက္ကသိုလ်၌ Oil Industry ဘာသာရပ်ဖြင့် ဘွဲ့ ...ခဲ့၏။ အမေရိကန်တွင်နေခဲ့စဉ် ဒက်ထရွိုက်ရှိ မော်တော် ...ား စက်ရုံများ၊ ပစ်စဘတ်မှ သံမဏိစက်ရုံများ၊ တက္ကဆပ် ... ရေနံတွင်းများကို လေ့လာခွင့်ရခဲ့ရာ အမေရိကန်၏ ...တ်မှုနှင့် စီးပွားရေးအင်အားကို ကောင်းစွာနားလည် ...သဘောပေါက်ခဲ့၏။

ဝါရှင်တန်တွင် စစ်သံမှူးတာဝန် ထမ်းဆောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ထားခံရပြန်သဖြင့် အမေရိကန်နိုင်ငံအနှံ့အပြား
လှည့်လည်ခဲ့နိုင်ပြန်၏။ အမေရိကန်နိုင်ငံ၏ ရေတပ်
လေတပ်ကိုလည်း သိခွင့်ရခဲ့၏။ အမေရိကန်ရေတပ်
အရာရှိများနှင့် ခင်မင်ခဲ့၍ မကြာခဏ ညနေစာ အ
စားခြင်း၊ ဖဲကစားခြင်း ပြုလုပ်ခဲ့ဖူး၏။ ထို့ကြောင့် အမေ
ကန် လူမျိုးများအကြောင်းနှင့် အမေရိကန်တို့၏
အင်အားကို အတွင်းကျကျ သိသူဟုဆိုရပေမည်။

ထို့ကြောင့် အမေရိကန်နှင့် မဟာမိတ်များ
စစ်ပြုရန် ဆုံးဖြတ်ခဲ့ကြစဉ်က ...

“အမေရိကန်နဲ့ အင်္ဂလိပ်ကို စစ်တိုက်မယ်ဆို
ပထမ အငိုက်ဖမ်းတိုက်ရမယ်။ အဲဒါဆိုရင် ပထမ လေ
ခြောက်လလောက်မှာ အောင်မြင်မှုတွေ ကျွန်တော်တို့
တယ်။ ဒါပေမဲ့ နောက်ပိုင်းတော့ သိပ်မျှော်လင့်လို့ မ
နိုင်ဘူး”

ဟု ယာမာမိုတိုက ဆိုခဲ့၏။

ဤသို့ပြောနိုင်ခြင်းမှာ အမေရိကန်တို့ကို အတွ
သိ အစင်းသိဖြစ်၍သာ ပြောနိုင်ခြင်းပါပေတည်း။

❖





ထူးတာဝန်များအမျိုးမျိုးပြောင်းလဲထမ်းဆောင်ရခြင်း

အမေရိကန်တွင် စစ်သံမှူးတာဝန်ထမ်းဆောင်ခဲ့ပြီး
၁၉၂၈ ခုနှစ်၌ တာဝန်ပြီးဆုံး၍ ဂျပန်သို့ပြန်ခဲ့ရ၏။ ပထမ
ဆုံး လေယာဉ်တင်သင်္ဘောကြီး အကာဂီကို တာဝန်ယူရ၏။
၁၉၃၀ တွင် ရေတပ်ဗိုလ်ချုပ်အဆင့်ကို ရရှိပြီး ထိုနှစ်မှာပင်
လန်ဒန်၌ ကျင်းပသည့် ရေတပ်ဆိုင်ရာ လက်နက်ဖျက်သိမ်း
ရေး ကွန်ဖရင့်သို့ တက်ရောက်ရန် စေလွှတ်ခံရသည်။

ထိုကွန်ဖရင့်၌ ၁၉၂၂ ခုနှစ်က ဗြိတိန်၊ အမေရိကန်
နှင့် ဂျပန်တို့ လက်မှတ်ရေးထိုးထားသည့် ဝါရှင်တန် ရေ
တပ်ဆိုင်ရာစာချုပ်ကို ပြန်လည်သုံးသပ်ခဲ့ကြ၏။ အဆိုပါ
စာချုပ်အရ စာချုပ်ဝင်နိုင်ငံကြီးသုံးခုသည် တိုက်သင်္ဘောနှင့်
လေယာဉ်တင်သင်္ဘော စသည့် စစ်သင်္ဘောကြီးများ တည်
ဆောက်ရာ၌ ၅း၅း၃ သာ တည်ဆောက်ရန် သဘောတူ
ထားကြသည်။ ဂျပန်က အချိုး သုံး နောက်ဆုံးက အနည်း
ဆုံးဖြစ်၏။ ဂျပန်တို့က ထိုသဘောတူညီချက်ကို ဖျက်သိမ်း
ပြီး ဗြိတိန် အမေရိကန်တို့နှင့် တန်းတူရည်တူ စစ်သင်္ဘော
များ တည်ဆောက်ရေးကို တောင်းဆိုခြင်း ဖြစ်၏။ စစ်လို
လားသည့် Fleet Faction အုပ်စုက တောင်းဆိုနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် လေသည်။ ယာမာမိုတိုကမူ မရနိုင်ကြောင်း နားလည်ထား၏။ အမှန်လည်း ဂျပန်တို့တောင်းဆိုမှု မအောင်မြင်ခဲ့ပါချေ။

ထိုသို့မအောင်မြင်ခဲ့သော်လည်း လန်ဒန်ကွန်ဖရင့်မှ အပြန်၌ ယာမာမိုတိုအား ရေကြောင်းချီလေတပ်၌ နည်းပညာ ဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့ပြန်ရာ ရေတပ်အတွက် Betty ဗုံးကြဲလေယာဉ်များနှင့် တိုက်လေယာဉ်များကို တည်ဆောက်ပေးနိုင်ခဲ့၏။ ယာမာမိုတို လိုချင်သော လေယာဉ်များကို မတ်ဆုအီ Mutsui နှင့် မီစုဘီရှီ Misubishi ကုမ္ပဏီကြီးများက တည်ဆောက်ပေးခဲ့ကြလေသည်။ ယာမာမိုတို၏ Betty ဗုံးကြဲလေယာဉ်သည် ကီလိုမီတာ ၂၀၀၀ နီးပါး ပျံသန်းနိုင်စွမ်းရှိရာ ၁၉၃၇ တရုတ်ဂျပန်စစ်ပွဲ၌ ဂျပန်ကျွန်းမှ တရုတ်ပြည်ထိ သွားရောက်ဗုံးကြဲကာ တရုတ်ကြည်းတပ်နှင့် လေတပ်ကို ချေမှုန်းနိုင်ခဲ့လေသည်။

၁၉၃၄ ခုနှစ်တွင် လန်ဒန်ရှိ နောက်ထပ်ရေတပ်ဆိုင်ရာ စစ်လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် ကျင်းပပြန်၏။ ဂျပန်နိုင်ငံက တက်ရောက်ရန် ယာမာမိုတိုကိုပင် အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ကာ စေလွှတ်ပြန်၏။ ၅း၅း၃ အချိုးကို



၁၉၄၅ခု ဂျပန်လက်နက်ချပြီးနောက် တွေ့ရသည့်
အမေရိကန်ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဂျပန်ဘုရင် ဟီရိုဟီတို



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ပေးရန်ပင် တောင်းဆိုခိုင်းပြန်၏။ သို့ရာတွင် ဂျပန်က မန်ချူးရီးယားကို ကျူးကျော်တိုက်ခိုက်လိုက်သဖြင့် ထို တောင်းဆိုချက်များ မအောင်မြင်ခဲ့ပြန်ပါ။

တောင်းဆိုချက်များ မအောင်မြင်ခဲ့သဖြင့် ယာမာမိုတိုကို စစ်လိုလားသော အာဏာရအုပ်စုက ဘာတာဝန်မှ မပေးဘဲ ခေတ္တပစ်ထားကြသည်။ သို့ရာတွင် ရေတပ်နှင့် လေတပ်ဆိုင်ရာ နည်းပညာများ ကျွမ်းကျင်သူဖြစ်၍ ကြာကြာပစ်ထားမရသဖြင့် ယာမာမိုတိုကို ပြန်ခေါ်ရတော့၏။ ယာမာမိုတိုသည် ၁၉၂၄ ခုနှစ်ကပင် လေယာဉ်မောင်း သင်တန်းတက်ခဲ့ပြီး လေယာဉ်မောင်းနှင်ခြင်းကို ကောင်းစွာ ကျွမ်းကျင်ခဲ့ပြီးဖြစ်၏။

ယာမာမိုတိုသည် Zero စီးရီးတိုက်လေယာဉ်များကို ဖန်ဆင်းခဲ့သူလည်း ဖြစ်၏။ ထိုတိုက်လေယာဉ်မှာ ဂျပန်လူမျိုးတို့ ရှင်တို ကိုးကွယ်မှု ၂၀၀၀ ပြည့်နှစ်၌ စတင်ထုတ်လုပ်သောကြောင့် Zero စီးရီးဟု အမည်ပေးခဲ့၏။ စီးရီးတိုက်လေယာဉ်များမှာ ကောင်းကင်ပြင်၌ စစ်ကစားမှုစွမ်းရည် ကောင်းမွန်လှသဖြင့် အမေရိကန်များကပင် အံ့ဩချီးကျူးကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၆ ခုနှစ်၌ အလယ်အလတ် သဘောထား ပျော့ပျောင်းသူများ အာဏာရချိန်၌ ယာမာမိုတိုအား ရေတပ်ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခဲ့လေသည်။ ယာမာမိုတိုသည် အစဉ်တစိုက် စစ်ဖြစ်မည့်အရေးကို ကန့်ကွက်ခဲ့သူဖြစ်၏။ အထူးသဖြင့် အမေရိကန်တို့နှင့် စစ်ဖြစ်ရမှာကို မလိုလားခဲ့ပေ။ စစ်ပွဲကြာရှည်သွားပါက မိမိတို့ ရှုံးနိမ့်မည်ကိုလည်း ကြိုသိထားသူဖြစ်၏။

၁၉၃၉ ခုနှစ်၌ စစ်လိုလားသူများ အာဏာရလာပြန်ရာ စစ်ဆန့်ကျင်ရေးသမား ယာမာမိုတိုအား အန္တရာယ်ပေးမည့် လက္ခဏာများ ပြလာခဲ့ကြ၏။ ရေတပ်ဝန်ကြီးက စိုးရိမ်လာသဖြင့် သူ့ကို နိုင်ငံရေးနှင့် ကင်းဝေးသော ရေတပ်သဘောများ၏ စစ်သေနာပတိရာထူးကို လွှဲပြောင်းပေးလိုက်တော့၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ချိန်အထိ ထိုရာထူးမှာပင် ယာမာမိုတို တာဝန်ထမ်းဆောင်ရလေသည်။ စစ်ဖြစ်ချိန်တွင်မူ ဗိုလ်ချုပ်ကြီးအဆင့် ရရှိနေပြီဖြစ်သည့် ယာမာမိုတိုအား Konoye ကိုနိုယီ အစိုးရက ဂျပန်ဘုရင့်ရေတပ်မတော်၏ တပ်ပေါင်းစုမှူးကြီးအဖြစ် ခန့်အပ်ခဲ့လေတော့သည်။





ယာမာမိုတိုအား စစ်တိုက်ခိုင်းကြပေတော့မည်။

❖

ဘုရင်မင်းမြတ်ကိုယ်တိုင်က တာဝန်ပေးပြီ

၁၉၄၁ ခုနှစ်ဆန်းစ ကာလနေ့တစ်နေ့။

ဂျပန်ဘုရင်မင်းမြတ် ဟီရိုဟီတိုသည် ရေတပ်ဗိုလ်ချုပ်ကြီး ယာမာမိုတိုအား သူ၏ဘုရင့်နန်းတော်သို့ တိတ်တဆိတ် ခေါ်ယူတွေ့ဆုံလေသည်။

"ဗိုလ်ချုပ်ကြီးကို ခေါ်တွေ့တာ တခြား မဟုတ်ပါဘူး။ အမေရိကန်တွေကြောင့် တစ်နိုင်ငံလုံး စီးပွားရေးတွေ ကမောက်ကမဖြစ်ပြီး ဒုက္ခရောက်နေကြပြီ။ လောင်စာဆီတွေလည်း ပြတ်နေပြီ။ ဗိုလ်ချုပ်ကြီးတို့ ရေတပ်မတော်က အသိဆုံးပါ။ အဲဒါ စေ့စပ်ဆွေးနွေးရေးတွေ လုပ်နေတယ်။ အထူးသံအဖွဲ့တွေကိုလည်း ဝါရှင်တန်လွှတ်ထားတယ်။ မကြာခင်မှာပဲ ဗိုလ်ချုပ်ကြီးနိုမူရာကို သံအမတ်ကြီးတာဝန်နဲ့ ဝါရှင်တန်လွှတ်မယ်။ စေ့စပ်ဆွေးနွေးရေးတွေ ထပ်လုပ်ဖို့ အထူးတာဝန်ပေးမယ်။ ဒါပေမဲ့ အောင်မြင်ချင်မှ အောင်မြင်မယ်။ မအောင်မြင်ရင်တော့ အမေရိကန်နဲ့ ဖြိုတိ



www.burmeseclassic.com

www.burmeseclassic.com



သျှတို့ကို စစ်ပြုရမယ်။ ဒါကြောင့် ပစိဖိတ်သမုဒ္ဒရာထဲမှာ အမေရိကန် ချေမှုန်းရေးတာဝန်ကို ဗိုလ်ချုပ်ကြီးကို ပေးချင်တယ်။ ဒါ အမိန့်ပဲ။ ဗိုလ်ချုပ်ကြီးအနေနဲ့ စစ်ဆင်ရေး စီမံချက်အပါအဝင် လိုတာတွေ အခုကတည်းက ကြိုတင်ပြင်ဆင်ထားပါတော့''

ဗိုလ်ချုပ်ကြီးယာမာမိုတိုသည် အမေရိကန်တို့၏ စွမ်းအားကို သိသဖြင့် အမေရိကန်တို့နှင့် စစ်မဖြစ်လို။ သို့ရာတွင် ဘုရင့်အမိန့်ကို သူ ငြင်းဆန်၍မရ။

မိဂျိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ် ၁၁ ၌ **''ဘုရင်ကေရာဇ်သည် ကြည်းတပ်နှင့် ရေတပ်မတော်ကို ကွပ်ကဲအုပ်ချုပ်မည်''** ဟု ပါရှိလေသည်။ ဂျပန်ဘုရင့်တပ်မတော်တွင် ကြည်းတပ်နှင့် ရေတပ်သာ ရှိ၏။ လေတပ်မရှိပါ။ ဂျပန်လေတပ်ဆိုသည်မှာ ကြည်းတပ်၏ လေတပ်နှင့် ရေတပ်၏ လေတပ်တို့သာလျှင် ဖြစ်၏။ သီးခြားလေတပ်ဟု မရှိပါချေ။ ထို့ကြောင့် ဂျပန်ကြည်းတပ် ရေတပ်ဆိုသည်မှာ ဂျပန်တပ်မတော် တစ်ရပ်လုံးကို ဆိုလို၏။ ဂျပန် တပ်မတော်နှင့်ပတ်သက်၍ ဂျပန်ကေရာဇ် မင်းမြတ်သာလျှင် အဓိကဖြစ်ချေ၏။





ဘုရင်မင်းမြတ်အနေဖြင့် ကြည်းတပ်ဝန်ကြီး ဗိုလ်ချုပ်ကြီးတိုဂျို အပါအဝင် လက်ရှိအစိုးရအဖွဲ့မှ စစ်ပြုလိုသည့်သူများ၏ စကားကို နားဝင်နေခဲ့ချေပြီ။

ဘုရင့်အမိန့်တော်အတိုင်း ဗိုလ်ချုပ်ကြီးယာမာမိုတိုသည် စစ်အတွက် တစ်နှစ်ခန့် ကြိုတင်ပြင်ဆင်ခဲ့ရလေတော့သည်။

❖

**ယာမာမိုတို၏ တိုက်ပွဲစီမံချက်**

ဂျပန်နှင့် အမေရိကန် စစ်ရေး စီးပွားရေးပြိုင်ဆိုင်နေကြစဉ် ကြုံတွေ့ရသည့် ပဋိပက္ခများကို စေ့စပ်ဆွေးနွေးပွဲများဖြင့် ဖြေရှင်းကြည့်ကြသည်။ မရရင်တော့ လက်နက်ဖြင့် ဖြေရှင်းကြရတော့မည်။ စစ်တိုက်ကြရတော့မည်။ စစ်တိုက်လိုသူများထဲတွင် ယာမာမိုတို မပါဝင်ပါ။

သူသည် အမေရိကန်တို့၏ စစ်အင်အား၊ ဓနအင်အား၊ Logistics အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်မှု၊ စက်မှုနည်းပညာ အဆင့်အတန်း မြင့်မားကြွယ်ဝမှုတို့ကို ထဲထဲဝင်ဝင် သိထားသူဖြစ်၏။ ထို့ကြောင့် ရေရှည် စစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆင်နွှဲရပါက အမေရိကန်ကို သူတို့ဂျပန်တွေ ရှုံးသွားမည်ကို ကြိုမြင်ထား၏။

သို့ရာတွင် ဘုရင်မင်းမြတ်ကိုယ်တိုင်က အားကိုးတကြီးဖြင့် သူ့အားခေါ်ယူပြီး အမေရိကန်ချေမှုန်းရေး တာဝန်ပေးလာသည့်အခါ သူ ငြင်းဆန်၍ မရတော့ပါ။ သူလည်း အမျိုးကိုချစ်သော ဂျပန်၊ ဘုရင်ကိုချစ်သော ဂျပန်ပင် ဖြစ်ပါ၏။

ထို့ကြောင့် သူ့နိုင်ငံကို သူချစ်ကြောင်း၊ သူ့ဘုရင်မင်းမြတ်ကို သူချစ်ကြောင်း ပြတော့၏။ သူသည် သူ၏ တိုက်ခိုက်ရေးစီမံချက်ကို ဆောလျင်စွာပင် ပြုစုတင်ပြလိုက်လေသည်။

''အမေရိကန်ကို လက်ဦးမဆွ အနိုင်ယူမည်ဆိုပါက ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်ရေတပ်ကြီးကို ချေမှုန်းခြင်းထက် ပိုမိုထိရောက်သောနည်းလမ်း မရှိပါ''

''ဒါကြောင့် ပုလဲဆိပ်ကမ်းမှာရှိတဲ့ အမေရိကန်တို့ရဲ့ ပစိဖိတ်ရေတပ်မတော်ကြီး တစ်ခုလုံးကို သုံးမရအောင် လက်စတုန်း ချေမှုန်းတိုက်ခိုက်ပစ်ရပါ





ည်''

''အမေရိကန်တွေရဲ့ ပစိဖိတ်ရေတပ်ကြီးကို ချေမှုန်းပြီးရင် ကျွန်းစုခံစစ်စည်းမှတစ်ဆင့် တက်လှမ်းပြီး အမေရိကန်တွေ စစ်ပန်းသည်အထိ မွှေနှောက်တိုက်ခိုက်လို့ သူတို့စစ်ပန်းသွားတဲ့အခါမှ အာရှတိုက်ထို ကျွန်ုပ်တို့ဂျပန်များ ကြီးစိုးသွားပါမည်''

တူသတည်း။

ဤအယူအဆနှင့် တင်ပြချက်ကို ဂျပန်အစိုးရအဖွဲ့နှင့် ဂျပန်ဘုရင်မင်းမြတ်က နှစ်သက်သဘောကျကြ၏။

အစိုးရအဖွဲ့အတွင်းနှင့် ရေတပ်မတော်မှ အရာရှိကြီးအချို့က ကန့်ကွက်စကား ပြောကြသေးသည်။

သို့ရာတွင် ယာမာမိုတိုကား ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန်အတွက် အခိုင်အမာ သန္နိဋ္ဌာန်ချဆုံးဖြတ်ပြီး ခဲ့လေပြီ။ ဘယ်သူဖျက်လို့မှ မပျက်တော့။

❖



www.burmeseclassic.com

www.burmeseclassic.com



ပုလဲဆိပ်ကမ်းကို ရွေးခဲ့ရခြင်းအကြောင်း

ယာမာမိုတိုသည် အမေရိကန်နိုင်ငံ၏ ဓနဥစ္စာကြွယ်ဝမှုနှင့် စစ်အင်အားတောင့်တင်းမှုကို ကောင်းစွာသိသည်။ ထို့ကြောင့် အမေရိကန်နှင့် စစ်တိုက်ရန် စိတ်အားထက်သန်မှု မရှိချေ။ သို့ရာတွင် သူသည် အမိန့်နှင့်တာဝန်ကို ဦးထိပ်ပန်ဆင်ရသည့် စစ်သားဖြစ်၏။ အမိန့်ပေးကဆောင်ရွက်ရမည်သာ။ ထို့ကြောင့် ပထမဆုံး ချေမှုန်းရေးရည်မှန်းချက်အဖြစ် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်မည့် စီမံချက်အား ရဲဝံ့ပြောင်မြောက်စွာ သူ ဆွဲခဲ့လေတော့သည်။

"စက်မှုဖွံ့ဖြိုးပြီး စီးပွားရေးနဲ့ စစ်ရေးစွမ်းပကားအင်အားကြီးနိုင်ငံဖြစ်တဲ့ ရန်သူအမေရိကန်ကို အစမှာပဲဦးချိုးရမယ်။ ဒီလိုပစိဖိတ်ဒေသမှာ အမေရိကန်ကို တိုက်ပွဲအစမှာ လက်ဦးမဆွ အနိုင်ယူဖို့အတွက် သူတို့ရဲ့ ပစိဖိတ်ရေတပ်မတော်ကြီးကို ချေမှုန်းမှရမယ်။ ဒါကြောင့် အဲဒီရေတပ်မတော်ကြီးရဲ့ အခိုင်အမာခြေကုပ်စခန်းဖြစ်တဲ့ ဟာဝိုင်ယံကျွန်းက Pearl Harbour ပုလဲဆိပ်ကမ်းကို အလစ်အငိုက်ယူပြီး တိုက်ဖို့ပဲ"

အထက်ပါအတိုင်း ယာမာမိုတိုက ဆိုသည်။



ဂျပန်ကျွန်းစုနှင့် အမေရိကန်ပိုင် ဟာဝိုင်ယံကျွန်းစု ပုလဲဆိပ်ကမ်း အကွာအဝေးပြမြေပုံ



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား။ ကျုပ်တို့ဂျပန်နဲ့ ဟာဝိုင်ယံက သိပ်ဝေးလွန်းဘူးလား"

"သူတို့ရေတပ်၊ လေတပ်တွေကရော ပြန်မတိုက်ဘူးလား။ သိပ်ဝေးလွန်းတော့ ဒီက ပစ်ကူ စစ်ကူပေးဖို့အခက်အခဲ မရှိနိုင်ဘူးလား"

"ဝေးတာ မှန်တယ်။ ဒါပေမဲ့ ကြိုးသွားရမယ်။ အသစ်အဆိုက်ယူပြီး ရန်သူကို ချေမှုန်းရမယ်။ သံသယတွေနဲ့ ပြတ်မသားလုပ်လို့တော့ မရဘူး"

"ဒီမှာ ကျားကလေးတွေ လိုချင်ရင်တော့ ကျားမကြီးရင်ခွင်ထဲက အတင်းနိူက်ယူရမယ်ဆိုတဲ့ ကျုပ်တို့ ဂျပန်စကားပုံရှိတယ်။ သိပ်ကြောက်နေလို့ မရဘူး။ ကျားကိုက်မှာ ကြောက်ရင် ကျားကလေးတွေ မလိုချင်နဲ့။ လုပ်စရာကိုခိုင်ခိုင်မာမာနဲ့ ပြတ်ပြတ်သားသား လုပ်ရမယ်"

ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ စီမံချက်မှာ စိတ်ကူးဆန်းလှ၏။ ဂျပန်မှ အလွန်ဝေးလံသည့် ဟာဝိုင်ယံကျွန်းသို့ သွားရောက်ရေးကား မလွယ်ကူဟု သံသယ ဝင်သူများ ဂျပန်ရေတပ်မတော်မှာပင် ရှိနေ၏။ ပြောင်ပြောင်တင်း ဝေဖန်ဆန့်ကျင်သူများပင် ရှိခဲ့၏။ ယာမာမို



www.burmeseclassic.com

www.burmeseclassic.com



တိုကား မမှု။ မလုပ်လျှင် အစကတည်းက မလုပ်နှ လုပ်ပြီဆိုက ပြတ်ပြတ်သားသားလုပ်၊ မဆုတ်မနစ်လုပ် အမေရိကန်လို နိုင်ငံမျိုးကို ဤကဲ့သို့ နိုင်ကွက် အပိုင်ကိုင် မှသာ ရပေမည်။ မစို့မပို့နှင့်တော့ သွားမလုပ်လိုက်လေ နှင့်။ ဒုက္ခများသွားမည်သာ။

ယာမာမိုတို၏ အမေရိကန်စစ်ပြုရေး အစီအစဉ် မှာ ပုလဲဆိပ်ကမ်းကို အလစ်အငိုက် တိုက်ခိုက်ပြီး အမေ ကန်တို့၏ ပစိဖိတ်ရေတပ်ကြီးအား ချေမှုန်းပစ်ရန်။ ထို နောက် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ သတ်မှတ်စစ်နယ်ဝှန်းများ မှ အမေရိကန်တို့အား မွေ့နောက်ထိုးစစ်ဆင်ရင်း စစ်ေ ငင်၍ စစ်ပန်းအောင်ပြုလုပ်ရန်။ သူတို့ခြေကုန်လက်ပန်း ကျချိန်တွင် ဂျပန်တို့က အာရှတိုက်ကြီးတစ်ခုလုံးအား သိမ်းယူ၍ ကြီးစိုးရန်ဟူသတည်း။

ဤအယူအဆကို ဂျပန်ကေရာဇ်ဦးဆောင်သော ဂျပန်အစိုးရက လက်ခံခဲ့လေသည်။ ယာမာမိုတိုအား လိုအ သည်များ ကြိုတင်ဆောင်ရွက်ခွင့်ကိုလည်း တိတ်တဆိတ် ခွင့်ပြုခဲ့လေတော့သည်။

❖





**ာမာမိုတို၏အစီအမံများ**

ယာမာမိုတိုသည် ဂျပန်ကျွန်းစုမှ မိုင် ၃၀၀၀ ကျော် ဝေးကွာသော ပုလဲဆိပ်ကမ်းအား တိုက်ခိုက်ရေးအတွက် အလွန်စေ့စပ်သေချာစွာ ပြင်ဆင်ခဲ့၏။ စစ်ဆင်ရေးတစ်ရပ် ကို ဆင်နွှဲရန်အတွက် အဓိကထားတွက်ချက်ရမည့် Main Factor အချက်ကြီးသုံးခုသာ ရှိသည်။

(က) ရန်သူ

(ခ) ဥတု

(ဂ) မြေအနေအထား

ယာမာမိုတိုက ထိုသုံးခုလုံးကို အသေအချာ လေ့ လာထောက်လှမ်းခဲ့၏။

❖

**သတင်းရရှိရေး**

ဦးစွာပထမ ပုလဲဆိပ်ကမ်းရှိ အမေရိကန် ပစိဖိတ် ရေတပ်ကြီး၏ သင်္ဘောအင်အား၊ လေယာဉ်အင်အား၊ အင်အား၊ တပ်တည် တပ်လှုပ် စသည်တို့ကို အလွန် သေချာစွာ သိနိုင်ရန် ရေတပ်အရာရှိဟောင်း တာကီအိုယိ

www.burmeseclassic.com

www.burmeseclassic.com



ရီကာဝါအား ၁၉၄၁ ခုနှစ်ဦးအစကပင် ဟာဝိုင်ယံမြို့တော် ဟိုနိုလူလူသို့ အီတိုမိုရီမူရာအမည်ဖြင့် ဒုတိယ ကောင်စ... ဝန်ရာထူးပေးကာ စေလွှတ်ခဲ့ပြီး လျှို့ဝှက်သတင်းများ ယေ... စေခဲ့သည်။

ယိုရီကာဝါမှ အမေရိကန်နှင့် ဂျပန်တို့ စစ်... စတင်သည့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ (၇) ရက်နေ့... ယာမာမိုတို လိုချင်သော သတင်းအချက်အလက်အား... ပို့နိုင်ခဲ့၏။ ယိုရီကာဝါထံမှသာမက အခြားသော အ... အမြစ်အမျိုးစုံမှ သတင်းစုံကိုလည်း ယာမာမိုတို ရရှိခဲ့...

❖

**ရာသီဥတုရွေးချယ်ခြင်း**

ရာသီဥတုရွေးချယ်မှုကိုကား ဂျပန်နိုင်ငံ၏ အရှေ့... မြောက်မှ တိုက်လာသည့် ဆောင်းလေပွေရှူးများ အသ... အတင့် ရှိနေသောအချိန်ဖြစ်သည့် ဒီဇင်ဘာလဆန်း... တိုက်စစ်ဆင်ရန် သတ်မှတ်ခဲ့သည်။ ဒီဇင်ဘာလကုန်... နွေဦးပေါက်၍ ပွင့်လင်းရာသီရောက်သဖြင့် မြောက်ဘက်... ရုရှားတို့ ရန်ကိုလည်း စိုးရိမ်ရသည်။ ထိုကာလမတိုင်...





...ပန်တို့ ချီတက်မှုအား ဖုံးကွယ်မှုပေးနိုင်သည့် အချိန် ...ကာလနှင့် ရာသီဥတုကို ရွေးချယ်ခဲ့ခြင်းဖြစ်၏။

❖

**...ရက်နှင့် နာရီရွေးချယ်ခြင်း**

အချိန်ရွေးချယ်မှုကား ယရက် D-Day အဖြစ် ...အမေရိကန်တို့ ခြေပစ်လက်ပစ် နားယူတတ်သည့် တနင်္ဂနွေ ...နေ့ကို ရွေးချယ်ခဲ့သည်။ နာရီ H-Hour ကား အမေရိကန် ...တစ်ညလုံး မြူးတူးပျော်ပါးပြီး အိပ်ကောင်းနေချိန် ...ဖြစ်သည့် အောက်ပါအချိန်ကို ရွေး၏။

| | |
|---|---|
| ...းနစ်စံတော်ချိန် | ဒီဇင်ဘာ (၇) ရက် နံနက် ၆ နာရီ ၂၅ မိနစ် |
| ...ဆိပ်ကမ်းစံတော်ချိန် | ဒီဇင်ဘာ (၇) ရက် နံနက် ၇ နာရီ ၅၅ မိနစ် |
| ...ပန်စံတော်ချိန် | ဒီဇင်ဘာ (၈) ရက် နံနက် ၃ နာရီ ၂၅ မိနစ် |

❖



www.burmeseclassic.com

www.burmeseclassic.com





**ချီတက်ရာလမ်းကြောင်းရွေးချယ်ခြင်း**

ရေပြင်အနေအထားအရ ချီတက်ရာလမ်းကြောင်း ကို အောက်ပါအတိုင်း ရွေးချယ်ခဲ့၏။

မြောက်ဘက် Kuriles ကျွန်းရိုင်းလ်ကျွန်းစု Hitokappu ကျွန်း အကြားမှဖြတ်ကာ ပုလဲဆိပ်ကမ်း မြောက်ဘက် မိုင် ၂၀၀ အကွာသို့ ချီတက်ရန်။

ချီတက်နိုင်သည့် အဓိကလမ်းကြောင်း သုံးကြောင်း ရှိသည်။ ယခုလမ်းကြောင်းသည် မြောက်ဘက် အကျဆုံး ဖြစ်သည်။

ထိုလမ်းကြောင်း ရွေးချယ်မှုနှင့် ပတ်သက်ပြီး ဆွေး နွေးရာ၌ ဗိုလ်ချုပ်ကြီးယာမာမိုတိုက ...

''မင်းတို့တင်ပြတဲ့ အလယ်လမ်းကြောင်းနဲ့ တောင် ဘက်လမ်းကြောင်းတွေက လမ်းတိုပေမယ့် အန္တရာယ် များတယ်။ မမျှော်လင့်ဘဲ ရန်သူ့ကင်းထောက် လေယာဉ် တွေ၊ ရေငုပ်သင်္ဘောတွေ တွေ့ရင် တို့လိုချင်တဲ့ အဓိက Surprise မရနိုင်ဘူး။ ဒါဆိုရင် စစ်ဆင်ရေးကြီးတစ်ခုလုံး စွန့်လွှတ်ရလိမ့်မယ်။ ဒါကြောင့် အဝေးဆုံးနဲ့ အန္တရာယ် အကင်းဆုံး မြောက်ဘက်လမ်းကြောင်းကို ငါ ရွေးလိုက်တာ ဖြစ်တယ်''

ဟု ဆိုခဲ့လေသည်။ ယာမာမိုတို သုံးသပ်ရွေးချယ် မှုမှန်ကန်ကြောင်း နောက်ပိုင်းတိုက်ပွဲအောင်မြင်မှုက သက်သေပြခဲ့၏။

❖

**…ဖွဲ့မှု**

ပုလဲဆိပ်ကမ်း တိုက်ခိုက်ရေးအတွက် ပထမ …လေယာဉ်တင် တပ်တော် First Air Fleet ကို တာဝန် …ခဲ့၏။ ပါဝင်သည့်တပ်များမှာ ...

(က) အမှတ် (၁) လေယာဉ်တင်အုပ်စု
1st Carrier Squadron

(ခ) အမှတ် (၂) လေယာဉ်တင်အုပ်စု
2nd Carrier Squadron

(ဂ) အမှတ် (၃) လေယာဉ်တင်အုပ်စု
3rd Carrier Squadron

(ဃ) ရေပြင်သွားသင်္ဘောတပ်ဖွဲ့

(င) ဖြည့်တင်းရေးတပ်ဖွဲ့





www.burmeseclassic.com

www.burmeseclassic.com



(စ) ရေငုပ်သင်္ဘောတပ်ဖွဲ့

စုစုပေါင်းလေယာဉ် (၃၆၀) စီးနှင့် သင်္ဘောအင်းပေါင်း (၃၀) ပါဝင်သည်။

❖

**တာဝန်ခွဲဝေမှု**

(က) **ပထမလေယာဉ်တင်တပ်တော်**

ချေမှုန်းရေးတာဝန်ကို ထမ်းဆောင်ရန် ဟာဝိုင်ယံကျွန်း ပုလဲဆိပ်ကမ်းကို နလန်မထူနိုင်အောင် လက်စတုံး ချေမှုန်းရန်။

(ခ) **ရေပြင်သွားတပ်ဖွဲ့**

ချေမှုန်းရေးတပ်ဖွဲ့ကြီးအား အကာအကွယ်ပေးရန်။

(ဂ) **ဖြည့်တင်းရေးတပ်ဖွဲ့**

လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စအဝဝကို ဆောင်ရွက်ပေးရန်။

(ဃ) **ရေငုပ်သင်္ဘောတပ်ဖွဲ့**

ရှေ့ကာအဖြစ် လှုပ်ရှားရန်၊ ရရှိသတင်းများ ပင်မတပ်ဖွဲ့ကြီးသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ရန်။

(င) **အနီးကပ်ကွပ်ကဲမှုခေါင်းဆောင်**

ဒုတိယဗိုလ်ချုပ်ကြီးနာဂူမို။

❖

**တိုက်ပွဲအကျဉ်း**

ပုလဲဆိပ်ကမ်းတိုက်ပွဲ၌ ဂျပန်တို့သည် ဗိုလ်ချုပ်ကြီးယာမာမိုတို၏ အစီအမံအတိုင်း အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့၏။

ဟာဝိုင်ယံကျွန်းပေါ်ရှိ အမေရိကန်စစ်သားများ အနားယူနေသည့် ဒီဇင်ဘာ (၇) ရက် တနင်္ဂနွေနေ့ နံနက် (၇) နာရီ၊ မိနစ် (၄၀) တွင် ဂျပန်တို့၏ ပထမအသုတ် ချေမှုန်းရေးလေယာဉ်များသည် အိုအာဟူကျွန်းပေါ်သို့ ရောက်ရှိပြီး ပုလဲဆိပ်ကမ်းတိုက်ပွဲကို စတင်နိုင်ခဲ့တော့သည်။ ပထမအသုတ် တိုက်ခိုက်နေဆဲမှာပင် ဒုတိယအသုတ် ချေမှုန်းရေး လေယာဉ်တပ်ဖွဲ့ ရောက်ရှိလာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြရာ နံနက် ၉ နာရီ ၄၅ မိနစ်ကျမှ




မြရတနာစာပေ

www.burmeseclassic.com



နှစ်သုတ်လုံး၏ တိုက်ခိုက်မှု ပြီးဆုံးတော့၏။

ဂျပန်လေသူရဲများတွင် အမေရိကန်စစ်သင်္ဘောများ ဆိုက်ကပ်ထားသော နေရာအတိအကျဖော်ပြထားသည့် ရုပ်ပုံကားချပ်များ ပါလာကြရာ ၎င်းတို့အား တာဝန်ပေးထားသည့် ပစ်မှတ်များကို အလွယ်တကူ ရွေးချယ် ပစ်ခတ်ချေမှုန်းနိုင်ခဲ့ကြ၏။

ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ စိမံချက်မှ အနှစ်သာရဖြစ်သော အလစ်အငိုက်ကို လုံးဝရရှိခဲ့လေတော့သည်။

❖

**အမေရိကန်တို့၏ဆုံးရှုံးမှု**

ဤတိုက်ပွဲမှာ တစ်ဖက်သတ် အငိုက်ခံလိုက်ရခြင်း ဖြစ်သဖြင့် အမေရိကန်တို့အဖို့ ဒုတိယကမ္ဘာစစ်၌ အထိအနာဆုံးတိုက်ပွဲကြီး ဖြစ်ခဲ့၏။

၂ နာရီမျှပင် မကြာလိုက်သော ဤတိုက်ပွဲကြီး၌ အမေရိကန်တို့၏ စစ်သင်္ဘောကြီး ရှစ်စင်း၊ အပေါ်စီး ခရူဇာသင်္ဘော သုံးစင်း၊ ဖျက်သင်္ဘောကြီး သုံးစင်းနှင့် အခြားသော သင်္ဘောငယ်လေးများ အများအပြား မီးလောင်





ပျက်စီးနစ်မြုပ်ခဲ့ရ၏။

ကြည်းတပ်လေယာဉ် ၁၈၈ စီးနှင့် ရေတပ်လေယာဉ် ၃၀ စီး ဖျက်ဆီးခံလိုက်ရ၏။

ကျဆုံးသူ ၂၄၀၃ လောက်ရှိပြီး ဒဏ်ရာရသူ ၁၁၇၈ ယောက်ရှိခဲ့၏။

ဂျပန်တို့ဘက်မှာမူ လေယာဉ် ၂၉ စီး၊ ရေငုပ်သင်္ဘောအငယ်စား ၅ စီး ဆုံးရှုံး၍ လူ ၆၄ ယောက်သာ ကျဆုံးခဲ့လေသည်။

ဂျပန်တို့၏အောင်ပွဲကား ယာမာမိုတို တွေးထင်မျှော်လင့်သည်ထက် များစွာပင် ပိုမိုသွားခဲ့ချေ၏။

❖

**နိဂုံး**

တိုက်ပွဲပြီးသည်နှင့် ဂျပန်တပ်ပေါင်းစုကြီးသည် ဟာဝိုင်ယံကျွန်း အနောက်မြောက်သို့ မိုင် ၁၀၀၀ ခန့် ထိုးတက်သွားပြီးမှ အနောက်စူးစူးသို့ လမ်းကြောင်းပြောင်း မောင်းနှင်၍ ဂျပန်နိုင်ငံသို့ ကောင်းမွန်စွာ ပြန်လည် ရောက်ရှိခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခဲမကျေနိုင်သော အမေရိကန်တို့က အင်အားကြီးသော လေတပ်ဖွဲ့များ၊ ရေငုပ်သင်္ဘောများနှင့် ဂျပန်ချေမှုန်းရေး တပ်ဖွဲ့ကြီးအား လိုက်လံရှာဖွေခဲ့၏။ သို့ရာတွင် လျင်မြန်စွာ တပ်ဖျောက်သွားသည့် ဂျပန်ရေတပ်ကြီးကို သူတို့ ရှာမတွေ့ကြချေ။ နောက်ဆုံး လက်လျှော့ခဲ့ကြရ၏။

ဂျပန်ဧကရာဇ်နှင့် တိုကျိုအစိုးရက အနီးကပ် လိုက်ပါသွားသော ရေပြင်တပ်မှူးကြီး ဒုဗိုလ်ချုပ်ကြီးနာဂူမိုနှင့် ဤတိုက်ပွဲစီမံချက်ရေးဆွဲပုံဖော်ခဲ့သူ ဗိုလ်ချုပ်ကြီး ယာမာမိုတိုတို့အား အထူးချီးကျူးဂုဏ်ပြုခဲ့ကြ၏။

တကယ်တော့ ဤတိုက်ပွဲကြီးကား ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ တစ်ကိုယ်ရေ အစွမ်းအစများပေါ်တွင် လုံးဝဥဿုံ မှီတည်နေသည်ဟု ဆိုနိုင်ပါ၏။

ဤတွင် ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကိုယ်ရေးရာဇဝင်အပိုင်းကို ခေတ္တရပ်နား၍ ကမ္ဘာကျော် ပုလဲဆိပ်ကမ်းတိုက်ပွဲကြီး ဆင်နွှဲခဲ့ပုံအသေးစိတ်ကို ပြင်ဆင်ပုံ၊ လေ့ကျင့်ပုံနှင့် တိုက်ပွဲဝင်မှုအဆင့်ဆင့်အား ရေးသား တင်ပြပါဦးမည်။

❖ ❖ ❖



## အခန်း ( ၂ )
## ပုလဲဆိပ်ကမ်းတိုက်ပွဲကြီး

**နိဒါန်း**

ပုလဲဆိပ်ကမ်းတိုက်ပွဲကြီးကို ဆင်နွှဲရန်အတွက် ဂျပန်တို့သည် ရှေးမဆွကပင် စဉ်းစားစိတ်ကူးထားကြ၏။ မြေပြင်သတင်း ရရှိရေးအတွက် ၁၉၄၀ ပြည့်နှစ်လောက်ကပင် ဟာဝိုင်ယီကျွန်းသို့ သူလျှိုများ စေလွှတ်ထားခဲ့၏။ ပုလဲဆိပ်ကမ်း တိုက်ခိုက်ရေးစီမံချက်ကိုကား ဗိုလ်ချုပ်ကြီး ယာမာမိုတိုက ၁၉၄၁ ဩဂုတ်လတွင် အပြီးရေးဆွဲခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စိမံချက်ကို အတည်ပြုချက်ရသည်နှင့် ယာမာမိုတိုသည် Sand Model သဲမြေပုံများဖြင့် တိုက်ပွဲလေ့ကျင့်ခန်း War Exercise များ ပြုလုပ်ခဲ့၏။

❖

**လေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်း**

Practice make perfect ဆိုသည့်စကားရှိ၏။ အထက်ပါစကားအတိုင်း ယာမာမိုတိုက တိုက်ပွဲဝင်မည့် စစ်ခေါင်းဆောင်များနှင့် လေသူရဲများအား ၁၉၄၁ စက်တင်ဘာလဆန်း၌ တိုကျိုရေကြောင်း စစ်တက္ကသိုလ်တွင် စုစည်း၍ Miniature ပုံစံငယ်များဖြင့် ပုလဲဆိပ်ကမ်း သဏ္ဍာန်ပြုလုပ်ကာ အမေရိကန်သင်္ဘောများ ဆိုက်ကပ်ထားသည့်အနေအထားနှင့် လေယာဉ်ကွင်း အနေအထားအားလုံးကို လေသူရဲတိုင်း အလွတ်ကျက်မိနေအောင် အထပ်ထပ် အခါခါ ကြည့်ရှုမှတ်သားစေသည်။

မှတ်သားမိသည့်အခါတွင်မှ တကယ်တမ်း တိုက်ပွဲဝင်မည့်သူများအနေဖြင့် မည်သူက မည်သည့်သင်္ဘောကို





မုံးကြဲရမည်။ တိုပီဒိုဖြင့် ပစ်ခတ်ရမည်။ စက်သေနတ်ဖြင့် ပစ်ရမည် စသည်ဖြင့် အသေးစိတ်ကိုယ်စီတာဝန်ပေးသည်။ ရက်ပေါင်းအတော်ကြာအောင် အစမ်းတိုက်ပွဲ တပ်မဲ့လေ့ကျင့်စေသည်။

တိုပီဒိုများ ပစ်ခတ်ရာတွင် ပုလဲဆိပ်ကမ်းသည် ရေတိမ် ရွှံ့ညွန်ပိုင်းတွင်ရှိသောကြောင့် တိုပီဒိုများ ရွှံ့ညွန်အတွင်း နစ်မြုပ်သွားနိုင်သည့် ပြဿနာရှိခဲ့သည်။ ထိုပြဿနာကို တိုပီဒို၏ ရေယက်အပိုင်း၌ သစ်သားဖြင့် ပြုလုပ်ထားသော ပဲ့ထိန်းဒလက်များ တပ်ဆင်ပေးလိုက်ခြင်းအားဖြင့် အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည်။

တပ်မဲ့လေ့ကျင့်ခန်းများ ပြုလုပ်ပြီးနောက် တပ်ပါလေ့ကျင့်ခန်းကို ၁၉၄၁ အောက်တိုဘာ၌ ကာဂိုရှီးမား ဆိပ်ကမ်း၌ ပြုလုပ်ခဲ့၏။ ကာဂိုရှီးမားသည် ပုလဲဆိပ်ကမ်းနှင့် ပထဝီအနေအထားအတော်ပင် တူညီမှုရှိလေသည်။

စစ်ဆင်ရေးအစီအမံနှင့် တပ်မဲ့တပ်ပါ လေ့ကျင့်မှုများကို အဆင့်မြင့်အရာရှိကြီးများသို့ ယာမာမိုတိုက ပြသခဲ့၏။

တိုက်လေယာဉ်များ ရည်မှန်းချက်သို့ ချီတက်



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် လက်လှမ်းမီသည့် အကွာအဝေးထိရောက်အောင် သယ်ယူသွားရေးအတွက် ယာမာမိုတိုက လေယာဉ်တင်သင်္ဘောကြီးများ တည်ဆောက်အသုံးပြုခြင်းဖြင့် ဖြေရှင်းခဲ့လေသည်။

ယာမာမိုတို၏ အစီအမံများအား အစကနဦးပိုင်းတွင် အဆင့်မြင့်အရာရှိကြီးများက ကန့်ကွက်ခဲ့ကြသေးသော်လည်း အောက်တိုဘာလတွင်မူ တညီတညွတ်တည်း သဘောတူခဲ့ကြ၏။ နိုဝင်ဘာလတွင်မူ ဂျပန်ရှိ လေယာဉ်တင်သင်္ဘောကြီး ၁၀ စီးအနက် ၆ စီးကို ပုလဲဆိပ်ကမ်းတိုက်ပွဲကြီး၌ အသုံးပြုရန် ရေတပ်ခေါင်းဆောင်များက သဘောတူခဲ့ကြတော့၏။

လေ့ကျင့်မှုကို အထပ်ထပ်အခါခါ ပြုလုပ်ခဲ့ခြင်းကြောင့် တိုက်ပွဲဝင်မည့် လေသူရဲများ စိတ်ဓာတ်တက်ကြလာကြ၏။ လေသူရဲများ ရွေးချယ်ရာ၌လည်း အတွေ့အကြုံရှိသော လက်ရွေးစင်လေသူရဲများကိုသာ ရွေးချယ်ခဲ့လေသည်။

စစ်သင်္ဘောကြီးများဖြင့် လိုက်ပါမည့် ရေတပ်တပ်ဖွဲ့များအနေဖြင့်လည်း ရာသီဥတုဆိုးဝါးသော ပင်လယ်





ပုလဲဆိပ်ကမ်းတိုက်ပွဲ လေကြောင်းတိုက်ခိုက်ရေးတာဝန်ခံ
ဒုတိယဗိုလ်မှူးကြီး မစ်ဆူယိုဖူချီဒါ
(ပုလဲဆိပ်ကမ်းတိုက်ပွဲကို အစအဆုံး ရေးသားမှတ်တမ်းတင်ခဲ့သူဖြစ်သည်)



ပုလဲဆိပ်ကမ်းတိုက်ပွဲ ဒုတိယတိုက်ခိုက်ရေးလေယာဉ် အသုတ်၏အုပ်မှူး
ဗိုလ်မှူး ရှီဂီကာဇူရှိမာဇာကီ

www.burmeseclassic.com



နှင့် ရေကြောင်းပြနည်းများ၊ ဆီဖြည့်တင်းမှုများ အချက်ပြနည်းများ။ ရေငုပ်သင်္ဘောတိုက်ခိုက်ရေးများကို လေ့ကျင့်ခဲ့သည်။ ဤသို့ဖြင့် ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ တိုက်ပွဲချန်လေ့ကျင့်မှုသည် အလွန်ပြည့်စုံ လုံလောက်သည့်အဆင့်သို့ ရောက်ရှိလေတော့၏။

ဆက်လက်၍ ပုလဲဆိပ်ကမ်းသို့ ချီတက်ခြင်း၊ တိုက်ခိုက်ခြင်း၊ တိုက်ပွဲအတွင်း ဆောင်ရွက်ချက်များ၊ တိုက်ပွဲနိဂုံးချုပ် စသည်တို့ကို ဖော်ပြသွားပါမည်။

ဤနေရာတွင် စာရှုသူများသို့ တစ်ခုတင်ပြလိုပါသည်။

ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ပတ်သက်၍ ဂျပန်ဘက်ကရော အမေရိကန်ဘက်ကပါ အမျိုးမျိုး ရေးသားခဲ့ကြသည် အတော်များများ ဖတ်ရှုခဲ့ဖူးပါသည်။ မြန်မာစာရေးဆရာများကလည်း ရှုဒေါင့်အမျိုးမျိုးမှ ရေးသားခဲ့ကြပါ၏။

အားလုံးအနက် ဤစာရေးသူ ကျွန်တော့်အနေဖြင့် ဂျပန်ဘုရင့် ရေတပ်မတော် Imperial Japanese Navy မှ ပုလဲဆိပ်ကမ်းတိုက်ပွဲတွင် လေကြောင်းတိုက်ခိုက်ရေး ခေါင်းဆောင်တာဝန်ပေးခံရသည့် ဒုတိယဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



မစ်ဆူယိုဖူချီဒါ Mitsuo Fuchida ရေးသားသည့် "I le
The Air Attack on Pearl Harbour" ''ကျွန်တော်တို့
ပုလဲ ဆိပ်ကမ်းကို တိုက်ခိုက်ခဲ့စဉ်က'' အမည်ရ စစ်မှတ်
တမ်းကို အလွန်ကြိုက်နှစ်သက်လှ၏။

ယခု တိုက်ပွဲဖြစ်စဉ် အသေးစိတ်ကို ဖော်ပြရာ
အားလုံးကို စုပေါင်းပြီး Compile လုပ် ရေးသားခြင်းမပြု
ထိုစဉ်က တိုက်ပွဲဝင်တပ်မှူး ဒုတိယဗိုလ်မှူးကြီး ဖူချီဒါ
ဖြစ်ရပ်မှန်စစ်မှတ်တမ်းကို တိုက်ရိုက်ဘာသာပြန်ကာ ဖော်
ပေးလိုက်ပါသည်ခင်ဗျား။

❖

**ကျွန်တော်တို့ပုလဲဆိပ်ကမ်းကိုတိုက်ခဲ့စဉ်က**

**ကျွန်တော်နှင့်တပ်မှူးကြီးများ**

၁၉၄၁–ခုနှစ်၏ နှစ်လည်ကာလများ။

ဂျပန်တစ်နိုင်ငံလုံး စစ်ရိပ်စစ်ငွေ့များ လွှမ်းခြုံ
သည်။ ဂျပန်အစိုးရအဖွဲ့သည် နိုင်ငံအတွက် အရေးတကြ
လိုအပ်နေသည့် ရေနံနှင့် သယံဇာတကုန်ကြမ်းများ ရ
ရေးအတွက် စစ်ပြုရေးကို လိုလားလျက်ရှိ၏။





မဟာမိတ်ဂျာမန်တို့က ကျွန်တော်တို့ဂျပန်များ၏
ဘက်ရုရှားအား ၁၉၄၁ ခုနှစ် ဇွန်လတွင် ဝင်ရောက်
ခိုက်လေပြီ။ ကျွန်တော်တို့ကရော ဘယ်ကို တိုက်
ညည်နည်း။ မြောက်ဘက်ရှိ ရုရှားကိုလား (သို့မဟုတ်)
ောင်ဘက်ရှိ အမေရိကန်နှင့် အင်္ဂလိပ်တို့ကိုလား။
တော်ကောင်းစွာ မသိသေးပါ။

၁၉၄၁ ခုနှစ် စက်တင်ဘာလထဲသို့ ရောက်လာ၏။

''ဖူဂျီဒါ မင်းပြောင်းရပြီ''

ကျွန်တော့်အား အထက်တပ်မှူးကြီးများက ဘုရင့်
ပ်မတော်မှ ကျွန်တော့်အတွက် ထုတ်ပြန်လိုက်သည့်
ပြောင်းမိန့်အား ပေးလိုက်ကြသည်။ အမိန့်အရ ကျွန်
သည် တတိယလေယာဉ်တင် သင်္ဘောတပ်မှ အာ
 လေယာဉ်တင် သင်္ဘောကြီးသို့ ပြောင်းရွှေ့အမှုထမ်းရ
သည်။

ရောက်ရှိသတင်းပို့သည်နှင့် ...

''ဖူဂျီဒါ မင်းရဲ့တာဝန်က ဒို့ရဲ့ပထမလေယာဉ်တင်
ကြီး First Air Fleet က လေယာဉ်တပ်စုတွေရဲ့ ဦးစီး
နော်။ မင်းလူတွေကို မင်းကောင်းကောင်း ကွပ်ကဲ



www.burmeseclassic.com

www.burmeseclassic.com



ပေတော့''

ဟု ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုက ဆီး၍ပြောလေ
တော့သည်။ ကျွန်တော် ဒုဗိုလ်မှူးကြီး မစ်ဆူအိုဖူဂျီဒါသည်
ဘုရင့်ရေတပ်မတော်၏ လေတပ်မှတိုက်လေယာဉ်များကို
ဦးစီးကွပ်ကဲရသည့် အရာရှိကြီးဖြစ်၏။ ကျွန်တော် အတွေ့
အကြုံ လုပ်ရည်ကိုင်ရည်များကြောင့် ရေတပ်မှ လေသူရဲ
များကြားတွင် အများ၏လေးစားမှုကို ခံယူခဲ့ရ၏။ ယခုလည်း
ပစိဖိတ်သမုဒ္ဒရာထဲတွင် ကျက်စားနေသည့် အာကာ
သင်္ဘောကြီးသို့ ပြောင်းပေးလိုက်ပြီ။ တိုက်လေယာဉ်များ၏
ဦးစီးမှူးတဲ့။

ဘာများလုပ်ရမှာပါလိမ့်။

ကျွန်တော်ရောက်ပြီး သိပ်မကြာပါ။ ရက်ပိုင်း
အတွင်းမှာပင် ထိုသင်္ဘောကြီးပေါ်မှ ကျွန်တော့်ထက်စီး
ယာကျသည့် လေကြောင်းစစ်ဆင်ရေးမှူး ဒုဗိုလ်မှူးကြီး
ဂင်ဒါသည် ကျွန်တော်ရှိရာ လေတပ်စခန်းသို့ ရောက်ရှိလာ
၏။

''ကဲ . . . ဖူဂျီဒါရေ။ လူကြီးတွေက မင်းကိုခေါ်
ခိုင်းလိုက်လို့ လာခေါ်တာပဲ။ မကြာခင်မှာ အမေရိကန်တွေ





ရဲ့ပုလဲဆိပ်ကမ်းကို ငါတို့ တိုက်ဖို့ရှိတယ်။ မင်းရဲ့တာဝန်က
စစ်ဆင်ရေးလုပ်ဖြစ်ရင် ဒီက လေတပ်စုတွေကို ဦးဆောင်ပြီး
ပုလဲဆိပ်ကမ်းကို ဝင်တိုက်ဖို့ပဲ''

သူ၏စကားကြောင့် ကျွန်တော် ရုတ်တရက် အလွန်
အံ့သြသွား၏။ ကျွန်တော်တို့ အမေရိကန်တို့အား စစ်ပြုကြ
တော့မှာပါလား။ ထိုစစ်ပွဲကြီးတွင် ကျွန်တော်သည် ပထမ
ဆုံး တိုက်ပွဲဝင်ရမည့် တစ်မှူးဖြစ်ပေတော့မည်။

ကျွန်တော်သည် ချက်ချင်းပင် ကျွန်းပေါ်ရှိ လေတပ်
စခန်းမှ အာရိအာကဲ ပင်လယ်အော်တွင် ကျောက်ချ ရပ်နား
ထားရှိသည့် အာကာဂီသင်္ဘောကြီးဆီသို့ ဂင်ဒါနှင့်အတူ
ထွက်ခဲ့ကြ၏။ သင်္ဘောကြီးပေါ်၌ ပထမလေယာဉ်တင် တပ်
၏ ဦးစီးမှူး ဒုဗိုလ်ချုပ်ကြီး နာဂူမို၊ ၎င်း၏ ဦးစီးအရာရှိချုပ်
ဗိုလ်ချုပ် ကုဆာကားနှင့် ဦးစီးအရာရှိများသည် စစ်ဆင်ရေး
အစည်းအဝေးအတွက် အသင့်ပြင်ဆင်စောင့်ဆိုင်းနေကြ၏။
ကျွန်တော်တို့ရောက်သည်နှင့် အစည်းအဝေးကို စတော့၏။

ဦးစွာပထမ ဗိုလ်ချုပ် ကုဆာကားမှ ပုလဲဆိပ်ကမ်း
တိုက်ခိုက်ရေးစီမံချက်အား စတင်ရှင်းလင်းလေသည်။ စီမံ
ချက်မှာ ဂျပန်ကျွန်းစုနှင့် မိုင် (၃၀၀၀)ခန့်ဝေးသည့် အမေရိ



www.burmeseclassic.com

www.burmeseclassic.com



ကန်တို့၏ ဟာဝိုင်ယံကျွန်းပုလဲဆိပ်ကမ်းအား အလစ်တွင် ဝင်ရောက်တိုက်ခိုက်ရေးပင် ဖြစ်၏။

"ကဲ . . . မင်းတို့တိုက်ပွဲဝင်မယ့် တပ်မှူးကြီးတွေက ဒီစီမံချက်ကို သုံးသပ်ပြီးအကြံပြုကြပါ။ ဘာတွေလိုသေးလဲ"

ဒုဗိုလ်ချုပ်ကြီး နာဂူမိုက ရှင်းလင်းချက်ပြီးသည်နှင့် ဖြည့်စွက်ပြောကြားလေသည်။

"ကျွန်တော်ကတော့ အမေရိကန်စစ်သင်္ဘောတွေကို တိုပီဒိုတွေနဲ့ လေယာဉ်ပျံပေါ်ကနေပြီး ပစ်ချင်တယ်"

ဒုဗိုလ်မှူးကြီးဂင်ဒါက ရန်သူ့ချေမှုန်းရေးနှင့် ပတ်သက်ပြီး သူ၏ ထင်မြင်ချက်ကို တင်ပြ၏။

ကျွန်တော်၏ အယူအဆမှာ သူနှင့် မတူပေ။ ပုလဲဆိပ်ကမ်းမှာ ရေအနက် ပေ ၄၀ခန့်သာရှိ၍ တိုပီဒို ပစ်ရန် ရေတိမ်၏။ သင်္ဘောများရပ်နားနေကြသည့် ရေပြင်အကျယ်အဝန်းမှာ ပေ ၁၆၀၀ ခန့်သာ ရှည်လျားသဖြင့်လည်း တိုပီဒိုများအတွက် များစွာကန့်သတ်ချက်ရှိလေသည်။

"ဒါဟာ အလွန်ခက်ခဲတဲ့ကိစ္စပါ။ ပုလဲဆိပ်ကမ်းက ရေသိပ်တိမ်ပါတယ်။ ကျဉ်းလည်းကျဉ်းတော့ တိုပီဒိုတွေ ပစ်လွှတ်ဖို့ ကန့်သတ်ချက်တွေ သိပ်များပါတယ်။ သုံးလို့ မဖြစ်နိုင်သလောက်ပါပဲ"

ကျွန်တော်က ဝင်ရှင်းသည်။

"အဲဒီလို မဖြစ်နိုင်တဲ့ကိစ္စမို့ ရန်သူက တိုပီဒိုနဲ့ ပစ်မယ်လို့ ဘယ်လိုမှ မျှော်လင့်မှာမဟုတ်ဘူး။ ဒါ့ကြောင့် တိုပီဒိုသာသုံးနိုင်ရင် အောင်မြင်မှု သေချာပေါက်ရမယ်"

ဂင်ဒါက ဖြည့်စွက်ပြန်၏။

"မဖြစ်နိုင်ပါဘူး"

"သိပ်ကို ဖြစ်နိုင်တာပေါ့"

ကျွန်တော်နှင့် ဂင်ဒါတို့သည် အပြန်အလှန် ငြင်းခုံကြ၏။

"ဖူကျီဒါ . . . ဂင်ဒါပြောတာ မှန်တယ်။ သူပြောတဲ့အတိုင်း မင်း မလုပ်နိုင်ဘူးလား"

ငြိမ်ပြီးနားထောင်နေသည့် ဗိုလ်ချုပ်ကြီးနာဂူမိုက ဝင်ပြောလိုက်သည်။ "မင်း မလုပ်နိုင်ဘူးလား"ဆိုသည့် ဗိုလ်ချုပ်ကြီးစကားကြောင့် ကျွန်တော်သည် တွန့်ခနဲ ဖြစ်သွား၏။

ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။ ဖူကျီဒါပဲ။




မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖြစ်အောင်လုပ်ရမယ်ဆိုရင်တော့ ဖြစ်ပါတယ်။ မိုလ်ချုပ်ကြီး အဆုံးအဖြတ်ပါပဲ"

"အေး ... ဒါဆိုရင် လုပ်ကွာ"

ဤသို့ဖြင့် ထိုနေ့က ပုလဲဆိပ်ကမ်း တိုက်ခိုက်ရေးစီမံချက်၌ ကျွန်တော်သည် တိုပီဒိုလက်နက်များ အသုံးပြုရေးကိစ္စအား မငြင်းနိုင်တော့ဘဲ သဘောတူ လက်ခံလိုက်ရပါတော့သည်။

ထိုနေ့ကား စက်တင်ဘာလ ၃၀ရက်နေ့ပင်တည်း။

❖

**စစ်ဆင်ရေးအတွက်ပြင်ဆင်ခြင်း**

အစည်းအဝေးပြီးလျှင်ပြီးချင်း ရေတိမ်တွင် တိုပီဒိုများ ပစ်လွှတ်ရေးကို စဉ်းစားရတော့၏။ ကျွန်တော်၏ မိတ်ဆွေကြီး ဂင်ဒါကိုပါခေါ်ပြီး တိုင်ပင်ရ၏။ အားလုံးဝိုင်းပြီး စဉ်းစားကြရာ ရက်သတ္တတစ်ပတ်ကျော်ကြာမှ ထိုအခက်အခဲကို ကျော်လွှားနိုင်တော့၏။

ကျွန်တော်တို့သည် တိုပီဒိုများအား ရေတိမ်တွင် ပစ်မှတ်ကိုထိမှန်ရန်အတွက် အထိန်းအဖြစ် အတောင်





အလက်များ တပ်ဆင်စမ်းသပ်ပစ်လွှတ်ကြည့်ရာ ကျေနပ်လောက်အောင် အဖြေရရှိလိုက်ကြတော့၏။ ထိုအခါကျမှ တင်း ချနိုင်ကြတော့သည်။

ဒါသာမကပါ ရည်မှန်းချက်ကိုသိပြီးဖြစ်၍ ရည်ရွယ်ချက်အား ရှေးရှုသည့် အထူးလေ့ကျင့်ရေးများကိုလည်း ပြုလုပ်ရ၏။ ထိုလေ့ကျင့်ခန်းများအတွက် ကျယ်ဝန်းများပြားသော အစီအစဉ်များကို အဆောတလျင်ဆောင်ရွက်ရလေသည်။ ပေးထားသည့်အချိန်က အလွန်နည်းလှသည်။ စစ်ဆင်ရေးအား ဒီဇင်ဘာလထဲတွင် ပြုလုပ်ရမည်ဟု ကြိုတင် အမိန့်ရထားလေသည်။

ကျွန်တော်တို့ သင်္ဘောများသည် လေ့ကျင့်ရေးများ အပြီး၌ ကျူးရှူးကျွန်းရှိ ဆေကိုင်းဆိပ်ကမ်း၌ ကျောက်ချ ရပ်နားလျက်ရှိကြ၏။

"ဟော့ ... ငါတို့ဗိုလ်ချုပ်ကြီး ယာမာမိုတို ရောက်နေတယ်"

တပ်ပေါင်းစု ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ဆိုင်းဆင့် မုံမဆင့် အာကာဂီသင်္ဘောပေါ်သို့ ရောက်ချလာ၏။ ရောက်ရောက်ချင်းပင် ကျွန်တော်အပါအဝင် အရာရှိများ



www.burmeseclassic.com

www.burmeseclassic.com



အား အစည်းအဝေးခန်းမကြီး၌ စုစည်းစေပြီး မိန့်ခွန်းပြောတော့သည်။

"အေး . . . မင်းတို့ နားထောင်ကွာ။ ဒို့တစ်တွေ အမေရိကန်တွေနဲ့ ဆွေးနွေးတာ အခြေအနေမကောင်းဘူးကွ။ ဒို့ပြောတာတွေကို သူတို့ဘက်က လက်မခံဘူးကွ။ အထူးသံအဖွဲ့က ဆွေးနွေးနေတုန်းပဲ။ ဒါပေမဲ့ ဆွေးနွေးပွဲ အောင်မြင်မယ် မထင်ဘူး။ မအောင်မြင်ရင်တော့ ဒို့ အမေရိကန်တွေနဲ့ စစ်တိုက်ကြရတော့မယ်။ အကြီးအကျယ်ဆုံး စစ်ပွဲကြီးကို ဒို့ဆင်နွှဲရတော့မယ်။ မင်းတို့အားလုံး လိုတာတွေ ပြင်ထားကြကွာ"

ဗိုလ်ချုပ်ကြီးသည် အတွေ့အကြုံ အလွန်များ၍ ကမ္ဘာ့ဗဟုသုတနှင့် ပြည့်စုံသူဖြစ်၏။ အမေရိကန်တွင်လည်း နေခဲ့ဖူးသူဖြစ်လေသည်။ ထို့ကြောင့် အမေရိကန်နှင့် စစ်ပြုရန် မလိုလားသည့်အုပ်စု၌ ပါဝင်သည်ဟု ကျွန်တော် သတင်းသဲ့သဲ့ကြားထား၏။ ထို့နေ့က ဗိုလ်ချုပ်ကြီး၏ မျက်နှာကား သိပ်ရွှင်ရွှင်ပျပျတော့မရှိ။ တင်းမာနေသည်ဟု ထင်၏။ သို့ရာတွင် ဗိုလ်ချုပ်ကြီးကား အလွန်ပင် အမိန့်နာခံတတ်သည့် စစ်သားကောင်းကြီးဟု ဂျပန်ဘုရင့်





တပ်မတော်တွင် ကျော်ကြားနေသူပင်တည်း။

❖

## တိုက်ပွဲဖြစ်စဉ်အဆင့်ဆင့်

### တိုက်ပွဲဝင်တပ်များစုဖွဲ့ပြီ

ကျွန်တော်တို့သည် တိုက်ပွဲဝင်တပ်များအား နိုဝင်ဘာလလည်တွင် ကျူးရှူးကျွန်းရှိ ဆေကိုင်းဆိပ်ကမ်း၌ တင် စုဖွဲ့ခဲ့၏။ ပထမလေယာဉ်တွင် တပ်မတော်၏ Flagship အလံတင်သင်္ဘောကြီး အာကာဂီအပါအဝင် လေယာဉ်တင် သင်္ဘောကြီး ၆စင်းအား စတင်စုရုံးခဲ့သည်။ ၎င်းနောက် အခြားသင်္ဘောများ တစ်စင်းပြီးတစ်စင်း ရောက်လာ၏။ သင်္ဘောပေါ်သို့ တိုက်လေယာဉ်များကိုလည်း သက်ဆိုင်ရာ သတ်မှတ်ချက်အတိုင်း တင်ခဲ့ကြ၏။ ဗိုလ်ချုပ်ကြီး ယာမာမိုတိုပြန်သွားပြီး နောက်နေ့တွင် ဆေကိုင်းဆိပ်ကမ်းမှ သင်္ဘောများ တစ်စီးပြီးတစ်စီး တိတ်တဆိတ် ထွက်ခွာခဲ့ကြ၏။ ကျွန်တော်တို့သည် ရေဒီယိုဆက်သွယ်မှု လုံးဝမပြုလုပ်ခဲ့ကြ။ ဘာအကြောင်းအရာကိုမျှ ကြေးနန်းလည်း မပို့



www.burmeseclassic.com

www.burmeseclassic.com



ကြရချေ။ ထို့ကြောင့် ကျွန်တော်တို့သင်္ဘောများ ဘယ်ရပ် ဘယ်ဆီသို့ ထွက်ခွာသွားကြသည်ကို မည်သူမျှ မခန့်မှန်း နိုင်ကြ။ အမှန်ကတော့ စစ်ဆင်ရေးအတွက် အထူးလျှို့ဝှက် လှုပ်ရှားနေကြခြင်းသာ ဖြစ်ပါ၏။ ကျွန်တော်တို့သင်္ဘော အုပ်စုကြီး၏ စုရပ်ကား ဂျပန်နိုင်ငံမြောက်ဖျားရှိ ကျူရိုင်းလ် ကျွန်းစုတစ်ပိုက်ပင်တည်း။

နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သင်္ဘောအားလုံးတို့ သည် ကျွန်တော်တို့၏စုရပ်ဖြစ်သည့် တန်ကန်ပင်လယ် အော်၌ လုံခြုံစွာ စုဝေးမိကြတော့၏။

ကျွန်တော်တို့၏ သင်္ဘောအုပ်စုကြီးတွင် လေယာဉ် တင်သင်္ဘောကြီး Aircraft Carrier ၆ စင်း၊ စစ်သင်္ဘော ကြီး Battle ship ၂စင်း၊ ခရူဇာ သင်္ဘောကြီး Heavy Cruiser ၂စင်း၊ ဖျက်သင်္ဘော Destroyer ၉စင်း၊ ရေငုပ် သင်္ဘော Submarine ၃စင်း၊ လောင်စာဆီဖြည့်ရန် ရေနံ တင်သင်္ဘော Tanker ၈ စင်းတို့ပါဝင်လေသည်။

ကျွန်တော်တို့ သင်္ဘောအုပ်စုကြီးသည် စုရပ်၌ အသက်ဝိညာဉ်ကင်းမဲ့နေသည့် ကျောက်ဆောင်ကြီးများ ပမာ ဆိတ်ငြိမ်နေကြသည်။ မည်သည့်လှုပ်ရှားမှုမှ မပြု





ကြရ။ မည်သူ့ကိုမှလည်း ဆိပ်ကမ်းသို့ တက်ခွင့်မပြု။ သင်္ဘောတစ်စင်းနှင့် တစ်စင်းလည်း အချက်ပြအလံများနှင့် သာ စကားပြောကြရ၏။ ရေဒီယိုအသံလွှင့်စက်အား လုံးဝ အသုံးပြုခွင့်မပြု။ အားလုံးကို စက်ပိတ်ပြီး Silent လုပ် ထား၏။ ညအချိန်များတွင် ပင်လယ်ရေပြင်ပေါ် ကျဆင်း လျက်ရှိသော နှင်းမှုန်များအကြားသို့ သင်္ဘောကြီးများမှ အားကောင်းသော ဆလိုက်မီးတန်းရှည်ကြီးများသည်သာ သရဲ့ဝိညာဉ်တို့၏ လက်တံရှည်ကြီးများသဖွယ် ချောက်ချား ဖွယ် မင်းမူနေပေတော့သည်။

❖

**စစ်ဆင်ရေးညွှန်ကြားချက်အားလက်ခံရရှိခြင်း**

ကျွန်တော်တို့စုရပ်သို့ နောက်ဆုံး ဝင်ရောက် လာသောသင်္ဘောမှာ ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုကိုယ်တိုင် လိုက်ပါလာသော အလံတင်သင်္ဘောကြီး အာကာဂီပင် ဖြစ်ပေသည်။ ထိုသင်္ဘောကြီးနှင့်အတူ တိုကျိုဘုရင့်ရေတပ် မတော်မှ အောက်ပါအမိန့်ကို ကျွန်တော်တို့ လက်ခံရရှိ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ရေတပ်မတော်ဌာနချုပ်
ရေတပ်အမိန့်နံပါတ် ၅
၁၉၄၁ ခု၊ နိုဝင်ဘာလ ၂၁ရက်နေ့

သို့

သင်္ဘောတပ်မကြီးပေါင်းစုသေနာပတိချုပ်
အီဆိုရိုးကုယာမာမိုတို

မှတစ်ဆင့်

ရေတပ်ဦးစီးချုပ်
အောဆမိနာဂါနို
ဘုရင့်အမိန့်တော်အရ

တစ်။ သင်္ဘောတပ်မကြီးပေါင်းစု သေနာပတိချုပ်သည် အသုံးပြုရန်လိုသော သင်္ဘောများကို စစ်ဆင်ရေး အောင်မြင်စွာ ပြုလုပ်ရန် လိုအပ်သောနေရာတွင် သင့်လျော်သောအချိန်၌ အသင့်စီစဉ်ထားရမည်။

နှစ်။ စစ်ရေးစစ်ရာ ပြင်ဆင်ပြုလုပ်နေစဉ်တွင် အကယ်၍ အမေရိကန်၊ ဗြိတိသျှ (သို့မဟုတ်) ဒတ်ချ်တပ်များက အရေးဆိုလာလျှင် သင်္ဘော





တပ်မကြီး ပေါင်းစု သေနာပတိချုပ်သည် မိမိတပ်များကို ကာကွယ်ရန်အတွက် လိုအပ်သောအင်အားကို သုံးရန် အာဏာပေးလိုက်သည်။

သုံး။ အသေးစိတ်ညွှန်ကြားချက်ကို ရေတပ်စစ်ဦးစီးချုပ်က ပေးလိမ့်မည်။

လေးရက်ကြာသောအခါ ဗိုလ်ချုပ်ကြီးယာမာမိုတိုသည် ၎င်း၏အလံတင်သင်္ဘော Flagship နာဂါတိုမှ နေ၍ ပုလဲဆိပ်ကမ်း တိုက်ခိုက်ရေးတပ်များကို ဦးစီး ခေါင်းဆောင်သူ ဗိုလ်ချုပ်ကြီး နာဂူမိုထံသို့ အောက်ပါ စစ်ဆင်ရေးအမိန့်ကို ထုတ်ပြန်လိုက်လေသည်။

"တိုက်ခိုက်ရေးသင်္ဘောများသည် တန်ကန်ပင်လယ်အော်မှ နိုဝင်ဘာ ၂၆ရက်နေ့တွင် ထွက်ခွာရမည်။ လှုပ်ရှားသွားလာမှုများကို ကွယ်ဝှက်ပြုလုပ်ရန် အထူးသတိပြုရမည်။ အသင့်ပြင်စခန်းသို့ ရောက်သောအခါ စက်မောင်းရန်အတွက် လိုအပ်သော ဆီများကို လျင်မြန်စွာ ဖြည့်တင်းခြင်းပြုကြရမည်။"

အမိန့်လက်ခံရရှိပြီး နောက်တစ်နေ့ နိုဝင်ဘာ ၂၆



www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့၌ အခြားလေယာဉ်တင်သင်္ဘောများမှ တိုက်ပွဲဝင်မည့် လေသူရဲများအားလုံး အလံတင်သင်္ဘောကြီး အာကာဂီသို့ ကူးတို့လှေများဖြင့် ရောက်ရှိလာကြ၏။ အားလုံး စစ်ဆင်ရေးခန်းမကြီးထဲတွင် စုရုံးလာကြသည်။

သူတို့အား ရေတပ်ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီး ဆူဇူကီးက ရန်သူ့တပ်တည်များအပါအဝင် ပုလဲဆိပ်ကမ်း၏ နောက်ဆုံးအခြေအနေအား ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြသလေသည်။ မေးလိုရာလည်း မေးခွင့်ပြုသည်။ မည်သူမှ မမေးကြပါ။ နိဂုံးချုပ်၌ တိုက်ပွဲဝင်တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုက အပြီးသတ်စစ်ဆင်ရေး ညွှန်ကြားချက်ကို ပေးလေတော့သည်။

"မင်းရော ဘာပြောဦးမလဲ ဖူကျီဒါ"

စစ်ဆင်ရေးညွှန်ကြားချက် ပေးပြီးသည်နှင့် ဗိုလ်ချုပ်ကြီးက တိုက်ပွဲဝင်လေယာဉ်များကို ဦးဆောင်ရမည့် ကျွန်တော့်အား လှမ်းမေးလိုက်၏။

"မရှိပါဘူး ဗိုလ်ချုပ်ကြီး"

"အေး ... ဒါဆိုရင်ကောင်းပြီ။ သုတောင်းကြစို့"

ကျွန်တော်တို့သည် စားပွဲခုံများပေါ်တွင် အသင့်ငှဲ





ဂျပန် သင်္ဘောတပ်မကြီးပေါင်းစု
သေနာပတိ ဗိုလ်ချုပ်ကြီးအီဆိုရိုးကု ယာမာမိုတို

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ရေတပ် စစ်ဦးစီးချုပ် အောဆမိနာဂါနို။

www.burmeseclassic.com

ားသော ဆာကေ အရက်ဖန်ခွက်များကို အသီးသီး တောက်ကိုင်ကာ . . .

"ဘန်ဇိုင်း . . . ဘန်ဇိုင်း . . . ဘန်ဇိုင်း"

သုံးကြိမ်တိုင် ဟစ်ကြွေးကာ ဆာကေအရက်ကို တစ်ပြိုင်တည်း မော့သောက်လိုက်ကြလေတော့၏။

မကြာမီ ပုလဲဆိပ်ကမ်းတိုက်ပွဲကြီးစပါတော့မည်။

❖

## ညှိမှန်းချက်သို့ချီတက်ရာဝယ်

နိုဝင်ဘာလ ၂၆ရက်နေ့ မနက် ၆နာရီတွင် စစ်သင်္ဘောမျိုးစုံ ၂၈ စင်း ပါဝင်သော ကျွန်တော်တို့၏ ထမတပ်မတော်ကို တင်ဆောင်ထားသည့် ချေမှုန်းရေး တပ်ဖွဲ့ကြီးသည် လက်ရှိအခြေပြုမှ မိုင် ၃၀၀၀ ခန့်ကွာဝေး သော ဟာဝိုင်ယံကျွန်းသို့ စတင်ချီတက်လေတော့သည်။

ကျွန်တော်တို့ သင်္ဘောအုပ်စုကြီးသည် မြောက် စိဖိတ် သမုဒ္ဒရာရေပြင်၌ လျှို့ဝှက်စွာခုတ်မောင်းလျက်ရှိ [illegible] ရာသီဥတုမှာ တိုက်ဖွန်းများကျရောက်သည့် ရာသီဖြစ်၍ ဆိုးဝါးပြင်းထန်လှ၏။ လေက ထန်သည်။ ဆီးနှင်းများက

www.burmeseclassic.com



ပိန်းပိတ်အောင်ကျသည်။ လှိုင်းက ကြမ်းသည်။ သို့ရာတွင် ကျွန်တော်တို့ကား ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ တရွေ့ရွေ့ ချီတက်ခဲ့ကြ၏။

ကျွန်တော်တို့၏ တိုက်ပွဲဝင်တပ်မှူးကြီး ဒုဗိုလ်ချုပ်ကြီး နာဂူမိုသည် အခြေအနေကို အကဲခတ်နေ၏။ သူ့တွင် အရေးကြီးသော အောက်ပါညွှန်ကြားချက်များပါလာကြောင်း ကျွန်တော်တို့အား ပြောပြထားသည်။

| | | |
|---|---|---|
| ပထမတစ်ချက်မှာ | – | ဝါရှင်တန်နှင့် ဆွေးနွေးပွဲ အောင်မြင်က အမြန်တပ်ခေါက်ကာ ပြန်လာရန်။ |
| ဒုတိယတစ်ချက်မှာ | – | ရန်သူမှ မိမိတို့အား ဦးစွာတွေ့ရှိသွားပါက ယခု အစီအစဉ်ကို စွန့်လွှတ်လိုက်ရန်။ |

ကျွန်တော်တို့ သင်္ဘောတပ်ကြီးသည် ပုလဲဆိပ်ကမ်းမြောက်ဘက် မိုင် ၁၄၆၀ ခန့် ဝေးသည့် ပထမ ရည်မှန်းချက် တပ်ဆုံရပ် Rendezvous သို့ အောက်ပါ





Formation ဖြင့် ချီတက်ခဲ့ကြ၏။

လေယာဉ်တင်သင်္ဘောများသည် ၃ စင်းပြိုင် တန်း၍ ခုတ်ပြီးလျှင် ၎င်းနောက်မှ ရေနံတင်သင်္ဘောများက ကပ်၍လိုက်လေသည်။ အပြင်ဘက်တွင် စစ်သင်္ဘောကြီး ၂ စင်းနှင့် ခရူဇာသင်္ဘောကြီး ၂စင်း လိုက်ပြီးလျှင် ၎င်းသင်္ဘောစုကို ဝိုင်းလျက် ခရူဇာသင်္ဘောငယ်နှင့် ဖျက်သင်္ဘောများက ကာရံလိုက်ပါကြသည်။ ကျွန်တော်တို့၏ ရှေ့မိုင် ၂၀၀ ခန့်အကွာတွင်ကား ရေငုပ်သင်္ဘောများက ရှေ့ပြေးထောက်လှမ်းလိုက်ပါကြသည်။ ရေကြောင်းလမ်းမှာ အသင့်ပြင်စခန်းသို့ တိုက်ရိုက်ခုတ်မောင်းနေပြီး အမြန်နှုန်းမှာ တစ်နာရီလျှင် ရေမိုင် ၁၄မိုင် ဖြစ်သည်။ ထွက်ခွာလာခဲ့ပြီးနောက် ၅ ရက်မြောက်ဖြစ်သော နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပထမဆုံးအကြိမ် ပင်လယ်ပြင်၌ ဆီထည့်ရလေသည်။

တန်ကန်ပင်လယ်အော်မှ ထွက်လာကတည်းက အမေရိကန်ရေငုပ်သင်္ဘောရန်ကို အထူးဂရုစိုက်၍ စောင့်ကြည့်လာခဲ့ရသည်။ ကျွန်တော်တို့၏လမ်းကြောင်းကို အလူးရှန်ကျွန်းနှင့် မစ်ဒဝေးကျွန်းများ၏ အလယ်လောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ရသည်။ ကမ်းခြေစောင့် အမေရိကန်လေယာဉ် များသည် မိုင် ၆၀၀ ထိဖြန့်ကာ ပျံသန်းစောင့်နေကြသည် ဟု သိရသဖြင့် ၎င်းတို့ဘေးရန်မှ လွတ်ကင်းရန် ဖြစ်ပေ သည်။ နိုင်ငံခြား ကုန်တင်သင်္ဘောတစ်စင်းစင်းနှင့် မတော် တဆတွေ့မည့် ဘေးရန်ကိုလည်း သတိပြုရသေးသည် ရှေ့ဆုံးကသွားနေသော ရေငုပ်သင်္ဘော ၃ စင်း၏ တာဝ မှာ သင်္ဘောတစ်စင်းစင်းကိုမြင်လျှင် အမြန်အကြော ကြားရန်ဖြစ်ပြီး သင်္ဘောတပ်ကြီး ပုန်းကွယ်ရှောင်ရှားသွ နိုင်အောင် အချိန်ရရန်ဖြစ်သည်။

အကယ်၍ သတ်မှတ်ထားသော ယ ရက်မတိုင် ၂ ရက်တွင် ရန်သူသင်္ဘောကိုတွေ့ရလျှင် ကျွန်တော်တို့တ သည် လမ်းကြောင်းပြောင်း၍ မောင်းပြီး တိုက်ခိုက်ရေ အစီအစဉ်ကို စွန့်လွှတ်ရန်ဖြစ်သည်။ အကယ်၍ သတ်မှ ရက်မတိုင်မီ ၂ ရက်တွင် ရန်သူတပ်နှင့် ရင်ဆိုင်တွေ့ပါ လမ်းကြောင်းပြောင်းရန် သို့မဟုတ် တိုက်ခိုက်ရန်ဟူသေ ပြဿနာမှာ တိုက်ခိုက်ရေးသင်္ဘောတပ်မှူးကြီး၏ သဘော အရ ဆုံးဖြတ်ရန်ဖြစ်ပါသည်။

ဤအချိန်တွင် ကျွန်တော်တို့ သွားလာမှုများ





ရည်မပြတ်စေရန်အတွက် ရန်သူအား လှည့်စားရန် အစဉ်များကို တစ်နေရာတွင် ပြုလုပ်ရပါသည်။ ဒီဇင် လ ၅ ရက်၊ ၆ ရက်၊ ၇ ရက်နေ့များတွင် ယိုကိုဆုကား တပ်စခန်းမှ ရေတပ်သားများကို ခွင့်ပေး၍ တိုကျိုမြို့ င်းသို့ လှည့်လည်ကြည့်ရှုစေပါသည်။ ဒီဇင်ဘာလ စောပိုင်းတွင် (U.Y.K) သင်္ဘောကုမ္ပဏီမှ သင်္ဘော စင်းကို ဟိုနိုလူလူကျွန်းသို့ ဦးတည်ထွက်ခွာစေသည်။ သင်္ဘောသည် ပင်လယ်ပြင်ရောက်ခါမှ စစ်ဖြစ်ကြောင်း င်းကြားသိပြီး ပြန်လှည့်လာခဲ့လေသည်။

ကျွန်တော်တို့ သင်္ဘောတပ်ကြီးသည် ရေဒီယို သံလွှင့်ခြင်းမပြုဘဲ နေခဲ့၏။ သို့သော် တိုကျိုနှင့် ဟိုနိုလူလူ အသံလွှင့်ချက်များကို မပြတ်မလပ် ဖမ်းယူနားထောင်ခဲ့ သည်။ ကျွန်တော်တို့ အရေးတကြီးသိလိုချက်မှာ စစ်ကြီး ဖြစ်မဖြစ် အရေးပင်ဖြစ်သည်။

ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျွန်တော်တို့ ကြာမြင့် မျှော်လင့်နေကြသော အမိန့်ကို ဘုရင့်စစ်ရုံးချုပ်မှ ရရှိလိုက်လေသည်။ ရေယာဉ်တပ်မကြီးပေါင်းစု၏ အနေဖြင့် ကျွန်တော်တို့သင်္ဘောတပ်မကြီး အမိန့်ရ



www.burmeseclassic.com

www.burmeseclassic.com



သော အချိန်မှာ ညနေ ၅ နာရီခွဲဖြစ်လေသည်။

ထိုအမိန့်ကား **"ဆွေးနွေးပွဲ ပျက်သွားပြီ။ ချက်အတိုင်း ဆက်လုပ်။ ယ ရက် ဒီဇင်ဘာလ ရက်"** ဟုဖြစ်လေသည်။

အဖြူအမည်း တိကျကွဲပြားလေပြီ။

ကျွန်တော်တို့ပြုလုပ်ရန် ဝတ္တရားသည်လည်း ရှင်းလင်းမြတ်သားနေပြီ။ ရေတပ်ဖွဲ့ကြီးသည် အရှေ့ရှု သို့သာ အပြင်းနှင်ကြတော့၏။

ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပုလဲဆိပ်ကမ်း အနောက်မြောက်ဘက်ရှိ တပ်ဆုံရက်သို့ရောက်ရှိကြသည်။ တိုက်ခိုက်ရေးစကားဝှက်ကို ဒီဇင်ဘာလ ၅ ရက်နေ့တွင် လက်ခံရရှိသည်။ အမိန့်ရရှိပြီးဖြစ်၍ ချီတက်နှုန်း အမြန်ဆုံး မြှင့်တင်ခဲ့ကြ၏။ တိုက်ပွဲဝင်မည့် လေသူရဲများ အမေရိကန်တို့၏ အိုကလာဟိုးမား၊ အရီဇိုးနား၊ နီဗားဒါး စသည့် စစ်သင်္ဘောကြီးများ၏ ဓာတ်ပုံများကို အပြန်ပြန် အလှန်လှန် လေ့လာမှတ်သားနေကြ၏။ စက်ပြင် လက်နက် ပြင်စစ်သည်များက လက်နက်များ စက်များကို အကောင်း ဆုံးဖြစ်အောင် မွမ်းမံစစ်ဆေးလျက် ရှိကြ၏။





စစ်သည်အားလုံး၏ စိတ်ဓာတ်ကား တိုက်ပွဲ အတွက် အမြင့်ဆုံးမြှင့်တင်၍ ထားကြလေပြီ။

❖

**ဒီဇင်ဘာလ ၈ရက်အား အဘယ့်ကြောင့် 'ယ'ရက် အတ်မှတ်ရသနည်း**

ထိုကိစ္စကို အနည်းငယ် ရှင်းလင်းတင်ပြပါမည်။ ဂျပန်ပြည်၏ ဒီဇင်ဘာလ (၈)ရက်သည် ဟာဝိုင်ယံကျွန်း တွင် ဒီဇင်ဘာလ (၇)ရက် တနင်္ဂနွေနေ့ အမေရိကန်တို့ အနားယူသောရက်ဖြစ်သည်။ ဤရက်ကိုရွေးချယ်ခြင်းဖြင့် အလုပ်မှ နားနေကြသော အမေရိကန်များကို တိတ်တိတ် ပုန်း နောက်ကျောမှ ဓားနှင့်ထိုးရန် ရည်ရွယ်ချက်ပေလောဟု စောကြောရန် ရှိ၏။ ဤမျှ အကြံအစည်ဖြင့် ပေါ့ပေါ့ဆဆ ရွေးချယ်သတ်မှတ်လိုက်ခြင်း မဟုတ်ပါ။ ဤရက်မှာ မလေးကျွန်းဆွယ်တိုက်ပွဲနှင့် ချိန်ကိုက်ထားခြင်းလည်း ဖြစ်သည်။ ဤရက်တွင်ပင် မလေးကျွန်းဆွယ်၌ လေ ကြောင်းတိုက်ပွဲနှင့် ကမ်းတက်တိုက်ပွဲများဆင်နွှဲရန် စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖြစ်လေသည်။ လပြည့်ကျော် (၃)ရက်၊ (၄)ရက် လသည် လရောင်ကိုအသုံးပြု၍ ညတိုက်ပွဲဆင်နွှဲရန် အချိန်ကောင်းဖြစ်သဖြင့် ဤရက်ကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဒီဇင်ဘာလ (၈)ရက်သည် လပြည့်ပြီးနောက် (၄)ရက်မြောက်နေ့ဖြစ်သည် မဟုတ်ပါလော။

အခြားအကြောင်းတစ်ခုလည်း ရှိသေး၏။

ကျွန်တော်တို့ ထောက်လှမ်းချက်များအရ သိရသည်မှာ အမေရိကန် ရေတပ်သင်္ဘောများသည် ပင်လယ်ပြင်၌ လေ့ကျင့်ပြီးလျှင် စနေ၊ တနင်္ဂနွေနေ့များတွင် ကမ်းသို့ပြန်လာတတ်သည်။ ထို့ကြောင့် စနေ၊ တနင်္ဂနွေနေ့ နံနက်များ၌ သင်္ဘောများ မှာပုလဲဆိပ်ကမ်းတွင် ရှိနေကြဖို့များ၏။ ဤသို့ အကြောင်းကြောင်းကို တွက်ချက်ပြီး 'ယ'ရက်ရွေးချယ်ရာ၌ ဒီဇင်ဘာလ (၈)ရက်သည်သာ တိုက်ခိုက်ရန်အကောင်းဆုံးနေ့ ဖြစ်ပေတော့သည်ဟု သတ်မှတ်ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

❖





ခင်ရေးအတွက် ကြိုတင်သတင်းထောက်လှမ်းမှုများ

ပုလဲဆိပ်ကမ်းတိုက်ပွဲအတွက် ကျွန်တော်တို့သည် အပ်သည့် သတင်းအချက်အလက်များအား လွန်ခဲ့သည့် အတန်ကြာကပင် စတင်စုဆောင်းခဲ့လေသည်။ အထူးဖြင့် ဟာဝိုင်ယံကျွန်းစုပတ်ဝန်းကျင်ရှိ အမေရိကန်ရေတပ်သင်္ဘောများနှင့် လှုပ်ရှားမှုများကို အထူးအလေးထားလာခဲ့၏။

မကြာသေးမီရက်များက ဟာဝိုင်ယံကျွန်းစုတစ်ဝိုက်ရှိ ရေတပ်လှုပ်ရှားမှုမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**တစ်။ အမေရိကန်ရေတပ်သင်္ဘောစုသည် အင်္ဂါနေ့တွင် ပင်လယ်ပြင်သို့ ထွက်ခွာသွားတတ်ပြီးလျှင် သောကြာနေ့များတွင် ပြန်ရောက်လာတတ်သည်။ သို့မဟုတ် သောကြာနေ့တွင် ထွက်ခွာသွားတတ်ပြီး နောက်အပတ် စနေနေ့တွင် ပြန်ရောက်လာတတ်သည်။ မည်သည့်နေ့တွင် သွားတတ်သည်ဖြစ်စေ ကမ်းနားသို့ ပြန်ရောက်သောအခါ တစ်ပတ်မျှ နားနေလေ့ရှိ၏။ အကယ်၍ (၂)ပတ်မျှ ထွက်ခွာ**



www.burmeseclassic.com

www.burmeseclassic.com



နေပါက အများအားဖြင့် တနင်္ဂနွေနေ့တွင်
ပြန်ရောက်လာတတ်သည်။

နှစ်။ အမေရိကန်ရေတပ်စုသည် ပုလဲဆိပ်ကမ်း
အရှေ့တောင်အရပ်တွင် လေ့ကျင့်လေ့ရှိသည်
၍လေ့ကျင့်ရေးစခန်းနှင့် ပုလဲဆိပ်ကမ်း
အကြားတွင် ပျံသန်းသောလေယာဉ်ပျံများ
ရေဒီယိုစကား ပြောဆိုပုံကို ကြားဖြတ်နား
ထောင်၍ သိရသလောက်မှာ လေယာဉ်ပျံများ
သည် လေထဲတွင် မိနစ် (၄၀)မှ (၆၀)အထိ
ပျံသန်းလေ့ရှိ၏။ ထို့ကြောင့် လေ့ကျင့်ရေး
စခန်းသည် မာအူအီကျွန်း အနီးအနားတွင်
ရှိမည်ဟု ခန့်မှန်းရသည်။ မြောက်လတ္တီကျု
(၁၉)ဒီဂရီ ဖြစ်နိုင်ကောင်း၏။

သုံး။ အမေရိကန်ရေတပ်စုသည် လေ့ကျင့်ရေး ရက်
အတွင်းတွင် ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်
သည် မဝင်ရောက်သည်ကို ခန့်မှန်းရန် ခက်ခဲ
သည်။ ဝင်လျှင် မည်သည့်ဆိပ်ကမ်းသို့ ဝင်
သည်ကို မသိ။ လာဟိုင်နာကျွန်း သို့မဟုတ်





မာလာအီကျွန်းသို့ ခေတ္တခဏ ဝင်ရောက်
ဆိုက်ကပ်တတ်သည့် အရိပ်လက္ခဏာရှိ၏။

❖

**တိုကျိုမှပေးပို့သည့်သတင်းများ**

ကျွန်တော်တို့ ဂျပန်နိုင်ငံသည် အမေရိကန်အား
စစ်ပြုရန် ဆုံးဖြတ်ပြီးသည်နှင့် အမေရိကန်လေတပ်
သင်္ဘောစု၏ လှုပ်ရှားသွားလာမှု သတင်းများအား တိုကျိုမှ
ကျွန်တော်တို့ တိုက်ခိုက်ရေးတပ်ဖွဲ့သို့ အဆက်မပြတ်
ပေးပို့လေတော့သည်။ ရရှိသောသတင်းများမှာ တိကျစုံလင်
လှလေသည်။

ဥပမာများအား ဖော်ပြပါမည်။

ပေးပို့။ ဘုရင့်ရေတပ်ဌာနချုပ် ရက်စွဲ အချိန်
လက်ခံ။ ပထမလေယာဉ်တင်တပ်မကြီး ဒီ ၀၇ ၁၇၀၀
လျှို့ဝှက်အဆင့်(၁)

အပိုဒ်(၁)။ ရန်သူစစ်သင်္ဘောများ အနီးတွင် ဘော
လုံးသော်လည်းကောင်း။ တိုပီဒို ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေး ပိုက်ကွန်သော်လည်းကောင်း ပြင်ဆင်ထားခြင်းမရှိ။ ရန်သူ၏ ရေဒီယိုအဆက်အသွယ်များ ကို သုံးသပ်ကြည့်ရာဟာပိုင်ယံ ကျွန်းစုအနီးတစ်ဝိုက်၌ ကင်းထောက်ပျံသန်းနေသည့် လေယာဉ်များမရှိကြောင်းတွေ့ရ။

အပိုဒ်(၂)။ ရန်သူ၏ လက်ဆင်ဂတန် သင်္ဘောကြီးမနေ့က ထွက်ခွာသွား။ အင်တာပရိုက် သင်္ဘောကား တိုက်လေယာဉ်များ တင်ဆောင်လျက် ပင်လယ်ပြင်တွင် လေ့ကျင့်ရေးများ ပြုလုပ်နေသည်ဟု ယူဆရ။ ဖမ်း ဒီ ၀၇ ၁၉၀၀။

❖ ❖ ❖

ပေးပို့။ ဘုရင့်ရေတပ်ဌာနချုပ် ရက်စွဲ အချိန်
လက်ခံ။ ပထမလေယာဉ်တင်တပ်မကြီး ဒီ ၀၇ ၁၈၀၀
လျှို့ဝှက်အဆင့်(၁)။





အပိုဒ်(၁)။ အူတာသင်္ဘောနှင့် လေယာဉ်ပျံထောက်ပံ့ရေးသင်္ဘောတို့ ဒီ ၅ ရက်ညတွင် ဆိပ်ကမ်းသို့ရောက်၊ ၎င်းတို့ ဒီ ၄ ရက်နေ့က ထွက်ခွာသွားကြခြင်းဖြစ်။

အပိုဒ်(၂)။ ဒီ ၆ ရက်ဆိပ်ကမ်းရှိ သင်္ဘောများမှာ စစ်သင်္ဘောကြီး ၉ စင်း၊ ခရူဇာ သင်္ဘောငယ် ၃ စင်း၊ ဖျက်သင်္ဘော ၁၇ စင်း။ လေယာဉ်ပျံထောက်ပံ့ရေး သင်္ဘော ၃ စင်းနှင့် သင်္ဘောကျင်းတွင် ခရူဇာ သင်္ဘောငယ် ၄ စင်း၊ ဖျက်သင်္ဘော ၃ စင်း အသီးသီး ဖြစ်။

အပိုဒ်(၃)။ လေယာဉ်တင်သင်္ဘောအားလုံးနှင့် ခရူဇာ သင်္ဘောကြီးများ ပင်လယ်တွင်းရှိ ရေတပ် တပ်ပေါင်းစုနှင့် ပတ်သက်၍ ထူးခြား သတင်းမရှိ။ အိုအာဟူကျွန်းတွင် လှုပ်ရှားမှုအားလုံး ငြိမ်သက်လျက်ရှိ

အပိုဒ်(၄)။ ယခုဆင်နွှဲသည့် စစ်ဆင်ရေး လုံး၀အောင် မြင်မည်ဟု ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



စစ်ဌာနချုပ်မှ ယုံကြည်စိတ်ချ လျက်ရှိ
ဘန်ဖိုင်း
ဖမ်း ဒီ ဝ၇ ၂ဝ၅ဝ။

❖

**တိုက်ပွဲအတွက် ကျွန်တော်တို့၏ နောက်ဆုံးသုံးသပ်ချက်**

ကျွန်တော်တို့သည် ဒီဇင်ဘာ ၆ရက်နေ့ကစပြီး သင်္ဘောများအား တစ်နာရီ ရေမိုင် ၂၄ မိုင်အထိ တိုးတက်ခုတ်မောင်းကာ ပုလဲဆိပ်ကမ်းသို့ အမြန်ချီတက်လျက်ရှိကြ၏။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဤတိုက်ပွဲကြီးအတွက်ရရှိထားသော သတင်းများကို ဗိုလ်ချုပ်ကြီး နာဂူမိနှင့် အရာရှိကြီးများစုစည်းပြီး နောက်ဆုံးသုံးသပ်ကြ၏။

ဒီဇင်ဘာလ ၇ ရက်နေ့ နေ့လယ်၌ ရေငုပ်သင်္ဘော အိုင် ၇၂ မှ အောက်ပါအတိုင်း သတင်းပို့လေသည်။

**"အမေရိကန်ရေတပ်သင်္ဘောများ လာဟိုင်နာစခန်းတွင် မရှိကြ"**

လာဟိုင်နာစခန်းသည် အမေရိကန်ရေတပ်အတွက်





လေ့ကျင့်ရေးစခန်းဖြစ်၏။ ထိုနေရာကား ရေပြင် ကျယ်ဝန်းနက်ရှိုင်း၏။ ထိုနေရာတွင် အမေရိကန်တို့၏ သင်္ဘောများ တစုတဝေးတည်းရှိပါက ကျွန်တော်တို့အတွက် ချေမှုန်းရေးကိစ္စကို လွယ်လွယ်ကူကူနှင့် ဆောင်ရွက်နိုင်ပေသည်။ ထိုနေရာတွင် ရန်သူစစ်သင်္ဘောများ မရှိကြောင်း သိရသဖြင့် ကျွန်တော်တို့၏ ရန်သူအား အလွယ်တကူ ချေမှုန်းရန် မျှော်လင့်ချက်ကား ပျက်ပြားခဲ့လေပြီ။

ယခုအတိုင်းဆိုပါက ရန်သူ၏စစ်သင်္ဘောကြီးများသည် ပုလဲဆိပ်ကမ်းနှင့် ပင်လယ်ပြင်တွင်သာ ရှိပေလိမ့်မည်။

"ကဲ ... ဒီအတိုင်းဆို အမေရိကန်တွေရဲ့ စစ်သင်္ဘောကြီးတွေအားလုံး ပုလဲဆိပ်ကမ်းမှာပဲရှိမယ်။ အဲဒီမှာက ဒီနေ့ပြန်ထွက်မယ့် သင်္ဘောရှိသေးသလား"

ဗိုလ်ချုပ်ကြီး နာဂူမိသည် ထောက်လှမ်းရေး သတင်းများကို တစ်ခုချင်းလေ့လာပြီး ပုလဲဆိပ်ကမ်း၌ရှိနိုင်သည့် အမေရိကန် စစ်သင်္ဘောကြီးများ၏ အရေအတွက်အား မှတ်ချက်၍ အထက်ပါအတိုင်း စတင်ပြောဆိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''သူတို့ရဲ့ စစ်သင်္ဘောကြီး ရှစ်စင်းမှာ ငါးစင်း နိုဝင်ဘာ ၂၉ ကတည်းက ဆိပ်ကမ်းပြန်ရောက်ပါတယ် အဲဒီနေ့မှာပဲ နှစ်စင်းပြန်ထွက်သွားပြီး ဒီဇင်ဘာ ၆ ရက် နှစ်စင်းလုံး ပြန်ရောက်ပါတယ်။ အလှည့်ကျထွက်လို ဝင်လိုက်နဲ့တော့ လုပ်နေကြပါတယ်။ နိုဝင်ဘာ ၂၉ ရက် ပြန်ရောက်တဲ့ ငါးစင်းဟာ ဒီနေ့ဆိုရင် ဆိပ်ကမ်းရော နေတာ ရှစ်ရက်ရှိသွားပါပြီ။ ဒါ့ကြောင့် ပင်လယ်ပြင် ပြန်လွှတ်ဖို့ အချိန်ကျနေပြီ။ ဒီနေ့ဆို ပြန်ထွက်သွားနို ပါတယ်''

ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးအိုနိုက ရှ လျားစွာ ရှင်းလင်းတင်ပြလေသည်။

''ဒီနေ့မှ ဒီဇင်ဘာ ၆ ရက် စနေ။ သူတို့ထုံးစံ အင်္ဂါမှ ထွက်တတ်ကြတာဆိုတော့ ၉ ရက်နေ့လောက် ထွက်ဖြစ်မယ်ထင်ပါတယ်''


စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ် ကုဆာကား ဝင်ပြောလေသည်။

''ကျွန်တော်ကတော့ လေယာဉ်တင်သင်္ဘောကြီ တွေ ပုလဲဆိပ်ကမ်းမှာ မရှိတာကို စိတ်မကောင်းသူ





www.burmeseclassic.com



၁၉၄၁ ခု ဒီဇင် ၇ ရက်နေ့နံနက် ၇ နာရီ ၅၅ မိနစ် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ဗုံးကြဲတိုက်ခိုက်ပုံ

www.burmeseclassic.com



ဒီကောင်ကြီးတွေကို အပြတ်ချေမှုန်းရမှာ''

စစ်ဆင်ရေးအရာရှိ ဒုဗိုလ်မှူးကြီး ဂင်ဒါက ပြောခဲ့သည်။

ဗိုလ်မှူးအိုနိုက သူ၏ထောက်လှမ်းရေးသတင်းများကို အောက်ပါအတိုင်း ရှင်းပြပြန်သည်။

''နိုဝင်ဘာ ၂၉ ရက်နေ့က လေယာဉ်တင်သင်္ဘောကြီး နှစ်စင်း၊ ခရူဇာသင်္ဘောကြီး နှစ်စင်း၊ ဖျက်သင်္ဘော ၁၂ စင်း၊ ပင်လယ်ပြင်ကို ထွက်သွားကြပါပြီ။ စစ်သင်္ဘောကြီး နှစ်စင်း ဒီဇင်ဘာ ၆ ရက်က ပြန်ရောက်ပါတယ်။ ကျန်တဲ့သင်္ဘောတွေ မရောက်လာကြသေးဘူး။ ၂၉ ရက်နေ့က လက်ဆင်ဂတန် ပြန်ရောက်လာပေမယ့် ၆ ရက်နေ့က ခရူဇာ ၅ စင်းနဲ့အတူ ပြန်ထွက်သွားပါတယ်''

''ဒီအတိုင်းဆို အင်တာပရိုက်စ် ဒီနေ့ပြန်ရောက်ဖို့ရှိတယ်။ ဆာရာတိုဂါဟာ ဆန်ဒီဂိုဆိပ်ကမ်းမှာပြင်နေပါတယ်။ ဝပ်စ်ကတော့ အတ္တလန္တိတ်ပင်လယ်ပြင် ရောက်နေတယ်။ ပစိဖိတ်ရေတပ် သင်္ဘောစုမှာပါတဲ့ ယောက်တောင်းနဲ့ ဟောနက်ကတော့ ဒီအနီးအနားတစ်ဝိုက်မှာ ရှိမှာပါ။ သူတို့နှစ်စင်းက ဒီနေ့အင်တာပရိုက်စ်နဲ့အတူ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ပါတယ်''

အိုနီက စကားကို အဆုံးသတ်လိုက်သည်။

''ဒါဆိုရင် စစ်သင်္ဘောကြီးရှစ်စင်းလုံး အဖြ
ရောက်နေတောင် ကိစ္စမရှိဘူး။ အခုရှိတဲ့ သင်္ဘောတွေကို
တိုက်ကြတာပေါ့''

စစ်ဆင်ရေးအရာရှိ ဂင်ဒါက မှတ်ချက်ပေးလိုက်သ

''လေသူရဲတစ်ဦးအနေနဲ့ပြောရရင် လေယာဉ်တင်
သင်္ဘောကြီးတွေကို ပိုပြီးတိုက်ချင်ပါတယ်။ ဒါပေ
လေယာဉ်တင်သင်္ဘောကြီးသုံးစီးမရှိလို့ စစ်သင်္ဘောကြီး
ရှစ်စီးလုံးကို တိုက်ရမယ်ဆိုရင် ပိုတောင်ကောင်းပါသေ
တယ်''

ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်ရမည့် ဗိုလ်မှူး
အောအိရိုက ဝင်ပြော၏။

''ဗိုလ်ချုပ်ကြီးခင်ဗျာ ... လေယာဉ်တင်သင်္ဘော
တွေ စနေနေ့မှာဆိပ်ကမ်းပြန်ဝင်ဖို့ဆိုတာ အတော်ခဲယဉ်း
ပါတယ်။ စစ်သင်္ဘောကြီးတွေ စနေ၊ တနင်္ဂနွေ အပြင်ပြ
ထွက်သွားဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် စစ်
သင်္ဘောကြီး ရှစ်စင်းလုံး နက်ဖြန်ခါ ဆိပ်ကမ်းမှာပဲ ရှိနေ





ယ်လို့ သုံးသပ်ရပါတယ်။ ဆိပ်ကမ်းမှာမရှိတဲ့ လေယာဉ်
တင်သင်္ဘောတွေကို မမျှော်လင့်ဘဲ ရှိတဲ့စစ်သင်္ဘောကြီး
တွေကိုပဲ ပစ်မှတ်ထားပြီး ချေမှုန်းသင့်ပါတယ်။ ဒါ့ကြောင့်
ကျွန်တော်တို့ နက်ဖြန်ခါ ပုလဲဆိပ်ကမ်းကို တိုက်နိုက်ဖို့
သင့်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျာ''

စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကုဆာကားက သူ၏
နောက်ဆုံးသုံးသပ်ချက်အား ဗိုလ်ချုပ်ကြီး နာဂူမို ဆုံးဖြတ်
နိုင်ရန် အလေးအနက် တင်ပြလေတော့သည်။

ဗိုလ်ချုပ်ကြီးက ခေါင်းညိတ်လိုက်၏။

ထိုအချိန်ကား ကျွန်တော်တို့အတွက် ဒီဇင်ဘာ ၇
ရက်ဖြစ်သော်လည်း အမေရိကန်တို့အတွက်ကား ဒီဇင်ဘာ
၆ ရက်ဖြစ်လေသည်။ အချိန်ကွာခြားမှုမှာ တစ်ရက်နီးနီးဖြစ်
သည် အတိအကျဆိုရပါက ကျွန်တော်တို့ စံတော်ချိန်သည်
ဟာဝိုင်ယံ စံတော်ချိန်ထက် ၁၉ နာရီတိတိ စောပေသည်။

ကျွန်တော်တို့ အစည်းအဝေးခန်းမှ ထွက်လာပြီး
သည်နှင့် ဗိုလ်ချုပ်ကြီးနာဂူမိုက အောက်ပါစစ်ဆင်ရေး
ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးညွှန်ကြားချက်အမိန့်ပြန်တမ်း

တစ်။ ဟာဝိုင်ယံပင်လယ်ပြင်ရှိ ရန်သူ့ရေတပ် အင်… အားစုတွင် စစ်သင်္ဘောကြီး (၈)စင်း၊ လေယာဉ်တင် သင်္ဘောကြီး (၂)စင်း၊ ခရူဇာ အကြီး (၁၀)စင်းခန့်နှင့် ခရူဇာအငယ် (၆)စင်း ပါဝင်သည်။ လေယာဉ်တင် သင်္ဘောများနှင့် ခရူဇာ သင်္ဘောကြီးများသည် ပင်လယ်ခရီး ထွက်နေဟန်ရှိသည်။ သို့ရာတွင် ကျန်သင်္ဘော… စုမှာ ဆိပ်ကမ်းတွင်ရှိနေကြသည်။ ပင်လယ်… ခရီးရှိ သင်္ဘောများမှာ မာအူအီကျွန်းတော… ဘက် လေ့ကျင့်ရေးစခန်းတွင် ရှိလိမ့်မည်ဟု… ရသည်။ လာ ဟိုင်နာကျွန်းတွင် မရှိ။

နှစ်။ ယနေ့ညတွင် မမျှော်လင့်သော အခြေအနေ… မဖြစ်ပေါ်လျှင် ပုလဲဆိပ်ကမ်းကို နက်ဖြန်တိုက်… ခိုက်မည်။

သုံး။ ယခုအထိ အခြေအနေမှာ ရန်သူသည် တစ်… တစ်ရာ လှုပ်ရှားမှုမတွေ့ရ။ သို့သော် ဤ အကြောင်းကြောင့် မိမိတို့ လုံခြုံရေးအစီအစဉ်…





များကို လျှော့ပေါ့ ရန်မဟုတ်။

အမိန့်ရရှိသည်နှင့် ကျွန်တော်တို့အားလုံး တိုက်…အတွက် အသင့်ပြင်ကြတော့၏။

❖

…မှုသည်ပစ်မှတ်သို့

ဟာဝိုင်ယံစံတော်ချိန် သို့မဟုတ် အနောက်…တောင်ကျိုတွင် စံတော်ချိန် ဒီဇင်ဘာလ ၇ ရက် မနက် ၆ …နာရီမတိုင်မီတွင် ကျွန်တော်တို့ချေမှုန်းရေးတပ်ဖွဲ့ကြီးသည် …လေယာဉ်များစေလွှတ်ရပ်သို့ တိတ်တဆိတ်ရောက်ရှိလာခဲ့…သည်။ နံနက် ၅ နာရီခန့် ကချိကုမာသင်္ဘောနှင့် တိုနေ…သင်္ဘောမှ ကင်းထောက်လေယာဉ် တစ်စီးစီအား ပုလဲ…ဆိပ်ကမ်းသို့ ကြိုတင်စေလွှတ်ထားရှိပြီးဖြစ်၏။

လေယာဉ်တင် သင်္ဘောကြီးများပေါ်တွင် တိုက်…လေယာဉ်များနှင့် စစ်ဆင်ရေးလေယာဉ်များက အသင့်…ခန်းစီကြလေပြီ။ တိုက်ခိုက်ရေးအတွက် တိုက်ပွဲဝင်မည့်…သူများအားလုံး စစ်ဆင်ရေးရုံးခန်းအတွင်း၌ စုရုံးထားပြီး…ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရဲဘော်တို့ အားလုံးအဆင်သင့်ဖြစ်ကြ
လား"

ကျွန်တော်သည် တိုက်ပွဲဝင်လေသူရဲများကို မေး
လိုက်၏။ အားလုံးက မျက်နှာထားတည်ကြည်စွာဖြင့် အ
အရာရာ အသင့်ဖြစ်ကြောင်း သတင်းပို့ကြ၏။

"ကောင်းပြီ"

ကျွန်တော်သည် လေသူရဲဝတ်စုံကို စမတ်ကျ
ဝတ်ဆင်ထားပြီး စိတ်ဓာတ်ကို အမြင့်ဆုံးမြှင့်တင်
ဗိုလ်ချုပ်ကြီးနာဂူမို၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်
ဖြောင်းခနဲ အလေးပြုလိုက်၏။ ထို့နောက်

"စစ်ဆင်ရေးအတွက် အားလုံးတိုက်ပွဲဝင်ရန်
အသင့်"

ဟု သတင်းပို့လိုက်ပါတော့သည်။

ဗိုလ်ချုပ်ကြီးက ထိုင်နေရာမှ ဖြည်းညှင်းစွာ
လိုက်ပြီး ကျွန်တော်၏ လက်နှစ်ဖက်ကို တင်းကျပ်စွာဆုပ်
လိုက်ရင်း ...

"ဖူဂျီဒါ ... မင်းကို ငါယုံတယ်။ အစစအရာရာ
မင်းကို ပုံအပ်လိုက်ပြီ"





ဟု လှိုက်လှဲစွာ ပြောလိုက်လေသည်။

ထို့နောက် သူသည် ကျွန်တော်နှင့်အတူ မီးမှိန်မှိန်
ထွန်းထားသည့် စစ်ဆင်ရေးရုံးခန်းသို့လိုက်လာ၏။ ရုံးခန်း
တွင် အာကာဂီသင်္ဘောဦးစီးမှူး ဗိုလ်မှူးကြီး ဟဆဲကာဝါ
သည် လေကြောင်းပြအရာရှိများနှင့် အတူစောင့်နေကြ၏။

ကျွန်တော်က တိုက်ပွဲဝင်လေသူရဲများကို တန်းစီ
စေပြီး လုပ်ငန်းသဘောအရ ဗိုလ်မှူးကြီး ဟဆဲကာဝါအား
အလေးပြုလိုက်သည်။

"အစီအစဉ်အတိုင်း ဆောင်ရွက်ခွင့်ပြုပါ"

"ဆက်လုပ်"

သူ့အသံက ဟိန်းထွက်သွား၏။

❖

ခဏအကြာ၌ ကျွန်တော်ခေါင်းဆောင်သော တိုက်
လေယာဉ်ပျံ၊ ဗုံးကြဲလေယာဉ်ပျံ၊ တော်ပီဒိုပစ်လေယာဉ်ပျံ
သော လေယာဉ်ပျံ ၁၈၃ စင်းပါဝင်သည့် ပထမအသုတ်
လေယာဉ်အုပ်စုသည် လေယာဉ်တင်သင်္ဘော ၆ စင်းမှ
အောင်မြင်စွာ ထွက်ခွာပျံသန်းခဲ့ကြလေသည်။ ကျန်ရစ်သူ



www.burmeseclassic.com

www.burmeseclassic.com



များက ''ဘန်ဇိုင်း''ဟု တစ်ပြိုင်နက် ကြွေးကြော်လိုက်ကြ
၏။ ၁၅ မိနစ် အတွင်းတွင်ပင် ကောင်းကင်ပြင်တွင်
ကျွန်တော်တို့ လေယာဉ်များက မည်းမှောင်သွားအောင်
နေရာယူပြီးသား ဖြစ်နေကြလေသည်။ နောက်မှ လေယာဉ်
များအတွက် အမှတ်အသားမှာ ရှေ့လေယာဉ်များ၏ အချက်
ပြမီးလုံး သာရှိ၏။ သဘော်အုပ်စုကြီးကို တစ်ပတ်လှည့်
ပျံသန်းကြပြီးနောက် အိုအာဟုကျွန်းနှင့် ပုလဲဆိပ်ကမ်းရှိရာ
တောင် စူးစူးသို့ ဦးတည်၍ ပျံသန်းကြလေသည်။ အချိန်မှာ
မနက် ၆ နာရီ ၁၅ မိနစ် ရှိလေပြီ။

ကျွန်တော်၏ လက်အောက်တွင် တိုက်ရိုက်တာဝန်
ယူရသော လေယာဉ်ပျံများမှာ ဗုံးကြဲလေယာဉ် ၄၉ စင်း
ဖြစ်သည်။ ကျွန်တော်၏ညာဘက် ပေ–၁၅၀၀ အကွာ
လောက် အောက်ခပ်ကျကျနေရာတွင် တိုပီဒိုလွှတ် လေ
ယာဉ် အစင်း ၄၀ ရှိသည်။ ကျွန်တော်၏ ဘယ်ဘက်
အထက်ခပ်ကျကျ ပေ ၁၅၀၀ အကွာလောက်တွင်
ထိုးစိုက်ဗုံးကြဲ လေယာဉ် ၅၁ စင်းရှိသည်။ ဤလေယာဉ်
များကို ကာကွယ်ရန် တိုက် လေယာဉ် ၃ စုကို ဗိုလ်မှူး
မူရာတာ၊ ဗိုလ်မှူး တကာဟာရှိ၊ ဗိုလ်မှူး အီတာယာတို့





ချုပ်သည်။ ကျွန်တော်တို့သည် ပေ ၆၀၀၀ ကျော်တွင်
ထပ်သော တိမ်များကိုဖြတ်လျက် ပျံသန်းနေကြသည်။

အရှိန်ပြချိန်ခွက်သည် တစ်နာရီ ၁၂၅–မိုင်နှုန်းပြ
နောက်မှ တိုက်နေသောလေသည် ကျွန်တော်တို့
ကူညီလျက်ရှိသည်။ ၇ နာရီ အချိန်၌ တွက်ချက်ကြည့်
အိုအာဟုကျွန်းသို့ တစ်နာရီအတွင်းရောက်မည်ဟု
မှန်းရသည်။ သို့သော် တိမ်များပေါ်တွင် ပျံနေရသဖြင့်
အောက်က ရေပြင်ကိုမမြင်ရ။ ထို့ကြောင့် ကျွန်တော်တို့
သည် လေနှင့်မည်မျှ မျောပါနေသည်ကို မတွက်ချက်နိုင်။
ကျွန်တော်သည် ရေဒီယို အရပ်ရှာကိရိယာဖြင့် ဟိုနိုလူလူ
အသံကို ဖမ်းယူရန်ကြိုးစားရာ တူရိယာသံများကြားရသည်။
ကောင်းကင်ကြိုးကို လှည့်၍ချိန်ရာ အသံလာနေသော
အရပ်ကို သေချာစွာဖမ်းမိလေသည်။ ကျွန်တော်တို့ပျံသန်း
နေသော လေကြောင်းမှာ ၅ ဒီဂရီလွဲနေသည်ကို တွေ့
ရသောကြောင့် ပြောင်း၍ပျံရသည်။

ရေဒီယိုမှ တူရိယာသံကို နားထောင်ရင်းပင်
အိုအာဟုကျွန်းသို့ရောက်ခဲ့၏။ ထူထပ်သောတိမ်များ
အောက်သို့ အဘယ်ပုံဆင်းရမည်နည်း။ အကယ်၍ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ အောက်မှာရှိနေသော တိမ်တောင်ကြီးမျိုးသာ ကျွန်းကို ဖုံးအုပ်နေပါက တည့်တည့်ပျံ၍ ဗုံးကြဲရန် မဖြစ် နိုင်။ ထောက်လှမ်းရန်သွားသော လေယာဉ်များမှ သတင်း ပို့ချက်လည်း မရသေးပေ။

ရေဒီယိုမှ တူရိယာသံကိုနားထောင်နေရင်း ရာသီဥတု ခန့်မှန်းခြေသတင်းလိုလိုကြားရသဖြင့် အသက်မရှူဘဲ နားစွင့်နေမိသည်။ ရေဒီယိုအသံပီသစေရန် ခလုတ်ကို ပြင်ရွှေ့ပြီးနောက် အသေအချာဂရုစိုက်၍ နားထောင်ရာ ရာသီဥတုသတင်းကို ဒုတိယအကြိမ် ဖြည်းဖြည်းနှင့် ရှင်းလင်းစွာ အသံလွှင့်နေသည်ကို ကြားရသည်။

“တိမ် အနည်းငယ်ရှိသည်။ အများအားဖြင့် တိမ်သည် တောင်တန်းများပေါ်တွင်သာရှိ၏။ တိမ် အမြင့်ပေ ၃၅၀၀ ရှိသည်။ မြင်ကွင်းကောင်း၏။ လေ မြောက်အရပ်မှ ၁၀ မိုင်နှုန်း တိုက်နေသည်”

ကျွန်တော်တို့ကား ကံကောင်းလှပေသည်။ အဘယ်မျှ ဂရုစိုက်၍ ပြင်ဆင်ရေးပြုလုပ်စေကာမူ ဤကဲ့သို့ ကောင်းသော ရာသီဥတုအခြေအနေကိုရရန် ခဲယဉ်းလှ တော့သည်။ ပုလဲဆိပ်ကမ်းရာသီဥတုနှင့် ပတ်သက်၍ ကြီး





…သော စိုးရိမ်ကြောင့်ကြမှု ဖြစ်ခဲ့ရသည်။ ယခုမူ စိတ်ချ …ဖြစ်၍ အခြားသောကိစ္စများကို အာရုံစိုက်နိုင်ပေပြီ။ …လူလူကျွန်းတွင် တိမ်အနည်းငယ်သာရှိသည် ဆိုသော …ကြောင့် ကျွန်းပေါ်တွင် ပြတ်တောင်းပြတ်တောင်း တိမ်လွတ် …သောနေရာရှိလိမ့်မည်။ သို့သော် တောင်တန်းရှိ တိမ်များ …သည် ပေ ၃၀၀၀ ခန့် မြင့်သည်ဆိုသောကြောင့် ယခင်က …ခဲ့သလို အရှေ့တောင်ဘက် တောင်တန်းများပေါ်မှ …သန်း၍ ဝင်ရောက်တိုက်ခိုက်ရန် အကြံအစည်မှာ မသင့် …တော်တော့ပေ။ လေသည် မြောက်ဘက်မှ တိုက်နေသည်။ …ကွင်းကောင်းသည်။ ထို့ကြောင့် ကျွန်း၏အနောက် …ဘက်သို့ ဖြတ်သွားပြီး တောင်ဘက်မှ ဝင်ရောက်တိုက်ခိုက် …လျှင် ပိုမိုထိရောက်ပေလိမ့်မည်။

လေထဲ၌ တစ်နာရီခွဲလောက်ကြာသောအခါ …အောက်တွင်မြင်သင့်သော ကုန်းမြေကို မမြင်ရသေးသဖြင့် …စိတ်ဇဝေဇဝါဖြစ်ရပြန်သည်။ ကျွန်တော်တို့အောက်တွင် …ထပ်သောတိမ်များသာ ပြည့်နှက်နေသည်။ သို့နှင့် ခဏ …ကြာသောအခါ တိမ်များကွဲပြားသွားသည်ကို တွေ့ရ၏။ တိမ်ကြားထဲမှ ဖြူဖွေးသော ကမ်းရိုးတန်းကို ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသောအခါ ဝမ်းသာသွားသည်။ ကျွန်တော်တို့သည် ကျွန်း၏မြောက်စွန်းက ဟုကူးအစွယ်ပေါ်တွင် ရောက်နေပြီ ဖြစ်ကြောင်း သိရလေသည်။ ယခုအချိန်ကား လေယာဉ်များ အစီအစဉ်အတိုင်း နေရာယူရန် သင့်တော်လေပြီ။

ကျွန်တော်တို့ တိုက်ခိုက်ရေးတွင်မူ ၂ မျိုး ချမှတ်ထား၏။

အကယ်၍ ကျွန်တော်တို့သည် ရန်သူအငိုက်တွင် ရုတ်တရက် ဝင်ရောက်နိုင်ပါလျှင် တိုပီဒိုလွှတ်လေယာဉ်များက ပထမတိုက်၍ ဒုတိယလမ်းဖြောင့်ဗုံးကြဲလေယာဉ်များက တိုက်ခိုက်ရန်ဖြစ်သည်။ ထို့နောက် ဗုံးကြဲလေယာဉ်များက ရေတပ်စခန်းအနီး ဖို့(ဒ်)ကျွန်းနှင့် ဟစ်ကင်လေဆိပ်များအပါအဝင် လေဆိပ်များကို တိုက်ခိုက်ရန်ဖြစ်သည်။ ဤသို့စီစဉ်ရခြင်းမှာ အကယ်၍ ကျွမ်းစိုက် ဗုံးကြဲလေယာဉ်များက လေဆိပ်များကို ပထမဗုံးကြဲတိုက်ခိုက်ပါက မီးလောင်သော အဆောက်အအုံများမှ မီးခိုးတို့သည် သင်္ဘောများဆီသို့ တိုပီဒိုလွှတ်ရေးနှင့် လမ်းဖြောင့်ဗုံးကြဲရေးကို အနှောင့်အယှက်ဖြစ်မည်စိုး၍ ဖြစ်လေသည်။

နောက်တစ်မှုမှာ ရန်သူသည် အချိန်မီသိရှိ၍





အကာအကွယ်ပြုလုပ်ခဲ့ပါက ကျွမ်းစိုက်ဗုံးကြဲလေယာဉ်များက ပထမဗုံးကြဲတိုက်ခိုက်၍ ဝရုန်းသုန်းကားဖြစ်စေပြီးလျှင် ရန်သူ၏ ကာကွယ်ရေးလက်နက်များကို သွေးဆောင် လမ်းလွှဲရန်ဖြစ်သည်။ ထို့နောက်မှ လမ်းဖြောင့် ဗုံးကြဲလေယာဉ်များက လေယာဉ်ပစ်အမြောက်စခန်းတို့ကို ဗုံးကြဲ၍ တိုပီဒိုလွှတ်လေယာဉ်များက သင်္ဘောများဆီသို့ချိန်ပြီး တိုပီဒိုဖြင့် ပစ်လွှတ်ရန်ဖြစ်သည်။

အဘယ်မှုကို အသုံးပြု၍တိုက်ခိုက်မည်ကို ကျွန်တော်က ဆုံးဖြတ်ရမည်ဖြစ်သည်။ ရုတ်တရက်အငိုက်တွင် ဝင်ရောက်နိုင်ပါက အချက်ပြသေနတ်ဖြင့် မီးကျည်တစ်ချက် ဖောက်ကာ မီးခိုးတန်းတစ်ခု ပြရမည်ဖြစ်သည်။ ရန်သူသိရှိသွားပြီဖြစ်ပါမူ သေနတ် ၂ ချက်ဖောက်ကာ မီးခိုးတန်း ၂ ခု ပြရမည် ဖြစ်လေသည်။ ဘယ်မှုကိုသုံးသုံး တိုက်လေယာဉ်များက လိုသလို အကာအကွယ်ပေးရန် အသင့်စီစဉ်ပြီး ဖြစ်စေရမည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်များကိုတိုက်ခိုက်ခြင်း

ကင်းထောက်လေယာဉ်ပျံမှ အခုထိ ဘာသတင်း မရသေးပေ။ သို့သော် ရုတ်တရက်အလစ်တိုက်ခိုက်ေ မှုကို သုံးနိုင်သည်ဟု ဆုံးဖြတ်လိုက်ကာ ကျွန်တော်သည် လေယာဉ်အထက်မှ သေနတ်ထောင်ပြီးလျှင် တစ်ချက် ဖောက်ကာ မီးခိုးတန်းတစ်ခုပြု၍ အချက်ပေးလိုက်လေသည် အချိန်မှာ နံနက် ၇ နာရီ မိနစ် ၄၀ ရှိပြီ။

ဤအချက်ပြဖြင့် အမိန့်ပေးလိုက်သောအခါ ကျွ ခိုက် ဗုံးကြဲလေယာဉ်များသည် ပေ ၁၂၀၀၀ အထိတက် သွားကြသည်။ တိုပီဒိုပစ်လေယာဉ်များသည် ပင်လယ် ရေပြင်ကို ထိမတတ်အောက်သို့ ဆင်းသွားကြသည်။ လ ဖြောင့်ဗုံးကြဲလေယာဉ်တို့သည် တိမ်များလွတ်ရုံ ပျံသန်းေ ကြသည်။ တိုက်လေယာဉ်များသာ နေရာယူရန် လစ်ဟင်း နေကြသည်။ သူတို့သည် လေယာဉ်တပ်ကြီး၏ အပေါ်မှ ပျံလာသူများဖြစ်၍ ကျွန်တော်၏ အချက်ပြခြင်းကို တိမ် များကြောင့် မမြင်လိုက်ရဘဲ ရှိဟန်တူသည်။ ဤသို့ စဉ်းစားမိသဖြင့် သူတို့အားရည်ရွယ်ကာ သေနတ်တစ်ချက် ဖောက်လိုက်သည်။ ဤအကြိမ်တွင်ကား သူတို့သိရှိကြ





ပြီး အလျင်အမြန်ပင် အိုအာဟုကျွန်းဆီသို့ အပြင်းမောင်း င်ကြတော့သည်။

သို့သော် ဤသို့ဒုတိယအကြိမ် အချက်ပေးခြင်းကို ကျွမ်းခိုက်ဗုံးကြဲလေယာဉ်အုပ်စု၏ ဦးစီးမှူးက ပထမအချက် င့် ဆက်စပ်ကာ မီးခိုးတန်း ၂ ခု အချက်ပြခြင်း ဖြစ် ည်ဟု ထင်မှတ်ပြီးလျှင် အငိုက်တိုက်ခိုက်ခြင်းမဟုတ် တော့ဟု ယူဆလေတော့သည်။ ထို့ကြောင့် သူတို့က ပထမ ဆုံး ဗုံးကြဲတိုက်ခိုက်ရမည်ဟူသော ဒုတိယမူအတိုင်း ဆောင် ဗုံးကြဲလေတော့သည်။ ဤသို့ ဖြစ်နေသောအခါ မအချက်ပေးစဉ်က ရှင်းလင်းစွာ နားလည်လိုက်သော ယာဉ်မှူးများမှာ ခေါင်းရှုပ်ကုန်ကြပြန်လေသည်။

ဤအချိန်တွင်မှ ချိကုမာသင်္ဘောမှ လွှတ်ထား သော ထောက်လှမ်းရေးလေယာဉ်မှ သတင်းရရှိလေသည်။

ထိုသတင်းမှာ စစ်သင်္ဘောကြီး ၁၀ စင်း၊ ခရူဇာ သင်္ဘောကြီး ၁ စင်းနှင့် ခရူဇာသင်္ဘောလေး ၁၁ စင်းတို့ ပုလဲဆိပ်ကမ်းတွင် မည်သို့ တည်ရှိနေသည်ကို ဖော်ပြ လေသည်။ ၎င်း အပြင် လေသည် ဒီဂရီ ၁၈၀ အရပ်မှ တိုက်ခိုက်နေပုံ၊ အမေရိကန်ရေတပ် တည်နေရာ၏ အထက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင် ပေ ၆၀၀၀ ခန့်တွင် တိမ်ထူထပ်စွာရှိ
တို့ကိုလည်း သတင်းပေးပို့လေသည်။ တိုနေသင်္ဘော
လွှတ်သော ထောက်လှမ်းရေးလေယာဉ်ကလည်း လာ
ဟိုင်နာစခန်းတွင် ရန်သူ ရေတပ်မရှိဟူသော သတင်း
ပေးပို့အတည်ပြုလေသည်။

ယခုသော် လေယာဉ်တင် သင်္ဘောများ ဆိပ်ကမ်း
တွင် မရှိကြောင်း အသေအချာ သိရလေပြီ။ ကျွန်တော်တို့
ဦးတည် ခုတ်မောင်းနေစဉ်ပင် ကောင်းကင်ပြင်လည်း ကြည်
လင်စပြုလာရာ အနောက်မြောက်တောင်ကြားကို ဖြတ်
ကျော်လိုက်သောအခါ ပုလဲဆိပ်ကမ်းကို ရှင်းလင်းစွာ မြင်
နေရလေသည်။ ကျွန်တော်သည် မှန်ပြောင်းဖြင့် သင်္ဘော
များကိုကြည့်ရင်း စိတ်ဖြင့်တွက်ချက် တိုက်ခိုက်ပြီးနောက်

**''လေယာဉ်အားလုံးကို စတိုက်ကြတော့လို့
အမိန့်ပေးလိုက်''**

ဟု ရေဒီယိုတပ်သားအား ညွှန်ကြားလိုက်သည်။
အချိန်ကား နံနက် ၇ နာရီ ၄၉ မိနစ်ရှိပြီ။

ဗိုလ်မှူး တကာဟာရှိနှင့် သူ၏ကျွမ်းစိုက် ဗုံးကြဲ
လေယာဉ်စုသည် ကျွန်တော်၏အချက်ပြ အမိန့်ပေးခြင်း



ပုလဲဆိပ်ကမ်းတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော ဂျပန်လေယာဉ်တင်သင်္ဘောကြီး အာကာဂီ



ပုလဲဆိပ်ကမ်းတိုက်ပွဲတွင် ကင်းထောက်တာဝန်ထမ်းဆောင်ခဲ့သောရေငုပ်သင်္ဘော အိုင် ၂၆ (I-26)။



www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းစွာအဓိပ္ပာယ်ကောက်ပြီးလျှင် အနိုင်တိုက်နိုက် မှုမဟုတ်ဟု ယူဆလေသည်။ ထို့ကြောင့် သူတို့ ယာဉ် ၅၃ စင်းသည် ချက်ချင်းပင် ရှေ့သို့ အပြင်းမောင်း ကြလေတော့သည်။ ၎င်းတို့လေယာဉ်စုသည် ၂ စု ပြီးနောက် ဗိုလ်မှူး တကာဟာရှိ ကိုယ်တိုင်အုပ်ချုပ် ာ အုပ်စုသည် ဖို့(ဒ်)ကျွန်းနှင့် ဟစ်ကင်လေယာဉ်ကွင်း သို့ ပျံသန်းသွားကြ၏။ ကျန်အုပ်စုကို ဗိုလ်မှူး ဆာကာ တ ခေါင်းဆောင်၍ ဝှီလားလေယာဉ်ကွင်းဆီသို့ ပျံ န်ကြလေသည်။ဟစ်ကင်လေယာဉ်ကွင်းသို့ သွားသော ယာဉ်အုပ်စုသည် မြေပြင်တွင်ဗုံးကြဲလေယာဉ်ကြီးများ န်းထားသည်ကိုတွေ့ကြသည်။ တကာဟာရှိသည် ယာဉ်ကို လျင်မြန်ဖျတ်လတ်စွာ ကွေ့လိုက်ပြီးနောက် မ်းထိုးဆင်းလေသည်။ ကျန်လေယာဉ်များကလည်း စ်စင်းပြီးတစ်စင်း ကျွမ်းထိုးဆင်းကြကာ ဗုံးများကို သွန် ကြ၏။ ဖို့(ဒ်)ကျွန်းနှင့် ဝှီးလားလေယာဉ်ကွင်းတွင်လည်း ည်းအတိုင်းပင် ဗုံးကြဲချကြသည်။ မကြာမီအတွင်းမှာ ဉ်လေယာဉ်ကွင်းများမှ မည်းနက်သော မီးခိုးလုံးကြီး း တက်၍လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုပီဒိုလွှတ်လေယာဉ်များသည် ပင်လယ်အော် တောင်ဘက်မှ ဝင်လာပြီးနောက် ဟစ်ကင်လေယာဉ်ကွင်း ကို ဖြတ်ကျော်ကာ ရေတပ်နယ်ကို ဝင်ရောက်တိုက်ခိုက်ခြ ဖြစ်သည်။ သို့သော် လေယာဉ်ကွင်းတွင် ရုတ်တရက် ပေါက်ကွဲနေသည်ကို မြင်ရသော ဗိုလ်မှူး မူရာတာသည် အံ့အားသင့်သွားလေသည်။ သူသည် အချက်ပြအမိန့် ပေးစဉ်က အမှန်အတိုင်း နားလည်ထားသူဖြစ်ရာ သူ့ လေယာဉ်များက ရှေးဦးစွာ တိုပီဒိုလွှတ်၍ တိုက်ရမည် စီစဉ်ပြီးဖြစ်နေလေသည်။ ထို့ကြောင့် မိးနိုးများ သူ့ ပစ်ကွင်းကိုမဖုံးခင် ဖြတ်လမ်းမှ အမြန်ပျံသန်းကာ တိုက် ခိုက်လေတော့သည်။ ဤသို့ဖြင့် တိုပီဒိုများ လွှတ်တော့ မူလစီစဉ်ထားသည့်အတိုင်း ၈ နာရီ မဟုတ်တော့ဘဲ မိနစ်အနည်းငယ်စော၍ တိုက်ခိုက်ပြီး ဖြစ်နေလေသည်။ တိုက်ခိုက်သောအချိန်များကို စိစစ်လျှင် အောက်ပါအတိုင်း တွေ့ရ၏။

၀၇၅၅၊ ကျွမ်းစိုက် ဗုံးကြဲလေယာဉ်များ ဟစ်ကင် လေယာဉ်ကွင်းနှင့် ဖိုးလားလေယာဉ်ကွင်းကို တိုက်ခိုက်၏။





၀၇၅၇၊ တိုပီဒိုလွှတ်လေယာဉ်များ စစ်သင်္ဘောများ ကို တိုက်ခိုက်၏။

၀၈၀၀၊ တိုက်လေယာဉ်များ လေယာဉ်ကွင်းများကို စက်သေနတ်ဖြင့် ပစ်၏။

၀၈၀၅၊ လမ်းဖြောင့်ဗုံးကြဲလေယာဉ်များ စစ်သင်္ဘော များကို တိုက်ခိုက်ကြ၏။

တိုက်ခိုက်ရေးအမိန့် အချက်ပြပြီးနောက် ကျွန် တော်၏ လမ်းဖြောင့်ဗုံးကြဲလေယာဉ်များသည် ကျွန်း၏ အနောက်ဘက်စွန်းကို ဖြတ်ကာ အိုအာဟုကျွန်း၏ အရှေ့ ...မ်းခြေတစ်လျှောက်တွင် စောင့်နေရသည်။ ကျွန်တော် ...၏ ဘယ်ဘက်တွင် ဘာဘာပွိုင့်လေယာဉ်ကွင်းရှိသည်။ သို့သော် လေယာဉ်ပျံများမရှိဟု သတင်းရထားပြီးဖြစ် သည်။ ထောက်လှမ်းချက်အရဆိုသော် အားကောင်းသော လေယာဉ်ပစ်အမြောက်များ ဤအနီးအနားတွင် ရှိသည်ဟု ...၏။ သို့သော် ယခုအထိကား ဘာမျှမတွေ့ရပေ။

ကျွန်တော်သည် ဆိပ်ကမ်းအထက်ကောင်းကင် ...တွင် စောင့်ရင်းပျံသန်းကာ မြေပြင်တွင် ပေါက်ကွဲပျက်စီး ...မှုများကို ကြည့်နေခဲ့သည်။ ကောင်းကင်တစ်ပြင်လုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လေယာဉ်များသာ ပြည့်နှက်နေပြီး ရန်သူ လေယာဉ် တစ်စင်းတလေမျှမရှိပေ။ ဆိပ်ကမ်းရှိ သင်္ဘော များမှာ အိပ်ပျော်နေဆဲပင် ဖြစ်ဟန်ရှိသည်။ ဟိုနိုလူလူ ရေဒီယိုသည် အခါတိုင်းကဲ့သို့ပင် အသံလွှင့်မြဲ လွှင့်နေ ဆဲပင်။ ကျွန်တော်တို့သည် အခုအခံမရှိ စိတ်တိုင်းကျတိုက် ခိုက်နေရလေသည်။ အစီအစဉ်အတိုင်း အောင်မြင်နေသည် မှာ ယုံမှားဖွယ်မရှိပေ။

ဗိုလ်ချုပ်ကြီး နာဂူမိုနှင့် ဗိုလ်ချုပ်ကြီး ယာမာမိုတို တို့သည်လည်းကောင်း၊ ဦးစီးအဖွဲ့သည်လည်းကောင်း စိတ်တထင့်ထင့်နှင့် ဟိုက်ပွဲသတင်းမျှော်နေကြလိမ့်မည်ဟု တွေးမိသဖြင့် အောက်ပါသတင်းကို ရေဒီယိုဖြင့် ပို့လိုက် သည်။

BURMESE CLASSIC

"ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရေး အောင် မြင်နေပါသည်။ ဤသတင်းကို တိုကျိုသို့ တစ်ဆင့် ပေးပို့ပါ"

ရေဒီယိုတပ်သား ပို့လိုက်သောသတင်းကို အာကာ ဂိ လေယာဉ်တင်သင်္ဘောမှာ ချက်ချင်းပင် ဖမ်းယူ ရရှိ ကြောင်း အစီရင်ခံ၏။





ရုတ်တရက် တိုက်ခိုက်ရေးအောင်မြင်လျှင်

"**တောရ** TORA . . . **တောရ** TORA . . . **တောရ** TORA . . ."

ဟူသော လျှို့ဝှက်စကားဖြင့် သတင်းပို့ရန် စီစဉ် ထားပြီး ဖြစ်သည်။ အာကာဂီလေယာဉ်မှ အသံလွှင့်ချက်ကို ...န်ကျွန်း ဟီရိုရှီမာပင်လယ်အော်တွင် ကျောက်ချနေ ...ာ နာဂါတိုသင်္ဘောက ဖမ်းယူရရှိလေသည်။ ထိုနည်းတူ ... တိုကျိုစစ်ရုံးချုပ်ကလည်း တိုက်ရိုက် အသံဖမ်းယူ ...သသည်။ လေယာဉ်ပေါ်ရှိ အားနည်းသော အသံ ...စက်မှ သတင်းကို ဤမျှဝေးကွာသောနေရာက တိုက် ...ဖမ်းယူနိုင်ခြင်းမှာ ကျွန်တော်တို့ရွေးချယ်ထားသော ...ဝှက်စကားအတိုကောက်၏ လွယ်ကူမှုကြောင့် ဖြစ်ပေ ...ည်။ '**တောရ**' TORA ဆိုသည်မှာ 'ကျား' ဟူသော ...ဓိပ္ပာယ်ရှိ၏။ "ကျားသည် မိုင် ၂၀၀၀ ခရီး ထွက်ပြီး ...ောင်မြင်စွာပြန်လာသည်" ဟူသော ဂျပန်စကားပုံ ရှိ ...သည်။

ဟာစ်ကင်လေယာဉ်ကွင်းနှင့် ဖို့(ဒ်)ကျွန်းမှ မီးခိုးလုံး ...တက်လာသည်ကို မြင်လိုက်သောအခါ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အတော်စိတ်ပူသွားသည်။ မှ ၂ မျိုးကို ပြိုင်တူ အကော
အထည်ဖော်နေကြရာ၌ ဘာများဖြစ်ကုန်ကြမည်ကို မထ
စားတတ်အောင်ဖြစ်ရ၏။ မကြာမီပင် စစ်သင်္ဘောများ
ဘေးမှ ရေပန်းကြီးများထောင်တက်လာသည်ကို တွေ့
ရသည်။ ရေပန်းကြီးများ ဆက်ကာဆက်ကာ ဖြာထွက်
နေလေပြီ။ ဤအတွင်း ကျွန်တော်တို့၏လမ်းဖြောင့်ပုံး
လေယာဉ်များ စတင်တိုက်ခိုက်ရန် အချိန်ရောက်သ
ကျွန်တော့်လေကြောင်းပြအား လေယာဉ်ကို ဘေးတစ်
စောင်း၍ ပျံသန်းလိုက်ရန် အမိန့်ပေးလိုက်သည်။ ဤနည်း
ဖြင့် တိုက်ခိုက်ရန် အချိန်ပြလိုက်ခြင်းဖြစ်သည်။ ကျွန်တော်
၏ တပ်စိတ် ၁၀ ခုတွင်ပါသော လေယာဉ်များသည်
တစ်စင်းနှင့်တစ်စင်း ပေ ၆၀၀ ခန့်ခွာကာ တစ်တန်းတည်
စီတန်းလိုက်ကြသည်မှာ ကြည့်၍ပင်မငြီး အားရဖွယ်
ကြီးပါပေ။

တပ်စိတ်တစ်ခုစီ၏ လမ်းပြလေယာဉ်တွင် အထူ
သင်ကြားထားသော လေကြောင်းပြတစ်ဦးနှင့် အထူးဗုံး
သမားတစ်ဦး ပါဝင်လေသည်။ ကျွန်တော်၏တပ်စိတ်တွင်
ပါလာသောလေကြောင်းပြနှင့် ဗုံးချသမားများမှာ ထ





င်းစုပြိုင်ပွဲတွင် ထိပ်တန်းဆုရထားသူများဖြစ်ရာ ဂျပန်
တပ်မတော်တွင် အကောင်းဆုံးဟု ကျော်ကြားပြီးသူများ
ဖြစ်သည်။ ဗိုလ်ကြီးမစ်ဆူဇာကီက လမ်းပြလေယာဉ်ပျံအား
န်တော်တို့နှင့် နေရာချင်းလဲလှယ်ခွင့်ပြုရန် ပြောသော
အခါ ကျွန်တော်က သဘောတူလိုက်သည်။ သူသည်
ထိမ်းအမှတ်ပြသည့်အနေဖြင့် လေယာဉ်ကို အနည်းငယ်
ငင်တင်လိုက်၏။ ခွင့်ပြုခြင်းခံရသော လေယာဉ်သည်
မြန်ရှေ့တိုးလာပြီး နေရာယူလေသည်။

ထိုအချိန်တွင် မမျှော်လင့်သည့်ကိစ္စတစ်ခု ဖြစ်ပွား
လာ၏။

❖

**န်သူများမှ စုံစမ်းတော်ကြပြီ**

ကျွန်တော်၏ လေယာဉ်အုပ်စုသည် ဗုံးကြဲရန် ချိန်
ပျံသန်းစဉ် အောက်မြေပြင်မှ လေယာဉ်ပစ်အမြောက်
များသည် ရုတ်တရက် အသက်ဝင်လာသလို ပိုင်းဝန်း
ပစ်ခတ်ကြလေသည်။ အမြောက်ဆန်ကွဲသော နေရာအနှံ့
အကြားတွင် ညိုမှိုင်းသော မီးခိုးလုံးကြီးများ မှိုလိုပေါက်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံး ပြည့်လုမတတ် ဖြစ်နေလေသည်။ အနီးအနားတွင် ကပ်၍ပေါက်တိုင်းလည်း လေယာဉ်သည် တဖျပ်ဖျပ်တုန်လှုပ်သွားလေသည်။ သဘော်မှ အမြောက်များသည် မြေပြင်အမြောက်ထက် လက်ဦးဟန်ရှိလေသည်။ ကျွန်တော်တို့ပုံးကြပြီး ၅ မိနစ်အတွင်း ပြန်လှန်ပစ်ခတ်နိုင်သော အမြောက်သမားများကို ကျွန်တော်အံ့သြမိပါသည်။ ဂျပန်ရေတပ်သာ ဤကဲ့သို့အဂိုက်မိပါမူ ပြန်လှန်တိုက်ခိုက်မှု ဤမျှမြန်ဆန်လိမ့်မည်မဟုတ်ပေ။ ကျွန်တော်တို့ ဂျပန်လူမျိုးများ၏သဘောမှာ တိုက်ခိုက်ရေးတွင် တော်သော်လည်း ခုခံကာကွယ်ရေးတွင် လျှင်မြန်စွာမစွမ်းဆောင်နိုင်ပေ။ တင်းပုတ်ကြီးနှင့် ပင့်တင်သည့်အလား ကျွန်တော့်လေယာဉ်သည် ရုတ်တရက်မြောက်တက်သွား၏။

"ဘယ်ဘက်အတောင် ပေါက်သွားတယ်"

ရေဒီယိုသမားက လှမ်းပြောသည်။ ကျွန်တော်က လေယာဉ်ထိန်း၍ ရမရမေးရာ လေကြောင်းပြက ရကြောင်းနှင့် မစိုးရိမ်ရန် ပြန်ကြားပြောဆိုရာ အတန်ငယ်စိတ်အေးသွားရပါသည်။ ချက်ချင်းလိုပင် နောက်တစ်ကြိမ်ပေါက်ကွဲပြန်ရာ လေယာဉ်သွက်သွက်ခါသွားပြန်၏။ ကျွန်တော်၏





ပစ်ခုသည် ဖို့(၆)ကျွန်းအရှေ့ဘက်ရှိ စစ်သဘော်တန်းကြီးမြောက်များရှိ နီဟားဒါးသဘော်ကြီးဆီသို့ ဦးတည်သွားနေကြ၏။

ပင်လယ်အောက်အဝကို ဖြတ်ကျော်မိ၍ မကြာမီပင် ဗုံးများကိုဖြတ်ချရန် အချိန်ရောက်ခဲ့၏။ လေယာဉ်ပစ်အမြောက်များ အဆက်မပြတ် ပစ်နေသည့်ကြားထဲတွင် ဖြတ်သန်းပျံလာရသည်မှ အသည်းယားဖွယ်ပင်။ ရင်းပြင် ကျွန်တော်တို့သည် အမြင့်ပေ ၉၀၀၀ မျှသာ ပျံသန်းနေသဖြင့် သချိုင်းသို့ခြေစုံလှမ်းနေသည်ဟု ဆိုလျှင်လည်းမလွဲနိုင်ပေ။

ကျွန်တော်တို့ လေယာဉ်များ ဤကဲ့သို့တစ်တန်းတည်း ပျံသန်းလာကြသည်မှာ များယွင်းလှပေသည်။ ရန်သူအား စိတ်တိုင်းကျ ပစ်နိုင်စေရန် စီပေးထားသလိုဖြစ်နေသည်။ သို့သော် ယခုမှပြင်ဆင်ရန် အချိန်မရှိတော့ပေ။ ပစ်တွင်းပေါ်သို့ ကျွန်တော်တို့ ရောက်နေလေပြီဖြစ်၍ ဗုံးကြဲချရန်သာရှိတော့သည်။ ယခုအချိန်မှာ ပစ်ကွင်းပေါ် ဖြတ်၍ ဖြောင့်တန်းစွာပျံသန်းမိရန်သာ အရေးကြီးလေသည်။ လမ်းပြလေယာဉ်သည် အိပ်တန်းဝင်သောငှက်ကဲ့သို့ တည့်မတ်စွာပျံသန်းနေ၏။ ကျွန်တော်တို့ပတ်လည်တွင် ဒိန်းဒိန်း ပေါက်ကွဲနေသည့် အမြောက်ကျည်ဆန်များကို

www.burmeseclassic.com



မေ့ထားကာ လေယာဉ်အောက်တွင် သယ်ယူလာသော ဗုံးကြီးများကိုသာ သတိပြုနေရသည်။ ပစ်ကွင်းပေါ်သို့ တည့်တည့်မတ်မတ်ချိန်မိသည်နှင့် တစ်ပြိုင်နက် ဗုံးလွှတ် ခလုတ်ကို ဆွဲလိုက်ရန် အရန်သင့်ကိုင်ထား၏။ ထိုသို့ ကိုင် ထားရသော အချိန်သည်ကြာလှသည်ဟု ထင်ရသည်။ အချိန်သည် နှေးကွေးစွာ သွားနေသလော။

ကျွန်တော့်လေယာဉ်သည် ကြောက်လန့်ဖွယ် တဆတ်ဆတ်တုန်ခါသွား၏။ အပြင်ဘက်သို့ ကြည့်လိုက် သောအခါ ကျွန်တော် တို့လေယာဉ်တန်းကြီးမှ တတိယ လေယာဉ်သည် ကျွန်တော်၏ လေယာဉ်နှင့် ဘေးတိုက် ရောက်ရှိနေပြီး သူ၏အောက်မှ ဗုံးများပြုတ်ကျသည်ကို မြင်နေရပါသည်။ ထိုလေယာဉ်မှ ပိုင်းလော့သည် ပြီးစလွယ် လုပ်တတ်သူဟု နာမည်ကြီးသူ ဖြစ်၏။ လေ့ကျင့်နေ ပြုလုပ်စဉ်က ခဏခဏ သတိပေးခံရသူ ဖြစ်လေသည်။

''ဒီကောင်တော့ အရမ်းလုပ်ပြန်ပြီ''

ဟု ကျွန်တော်ထင်လိုက်မိ၏။

အပြစ်တင်သော မျက်နှာဖြင့် သူ့ဘက်သို့လှည့်၍ လက်သီးပြလိုက်ပါသည်။ သို့သော်ချက်ချင်းပင် သူတစ်



...စ်ခု ဖြစ်နေသည်ကိုသိရ၏။ ဓာတ်ဆီလည်း ယိုဖိတ် နေဟန်တူ၏။ ကျောက်သင်ပုန်းငယ်တစ်ခုတွင် ''ဘာဖြစ် ...လဲ''ဟုရေးပြီး သူ့အားပြလိုက်သောအခါ ''လေယာဉ် ...အောက်မှာ အမြောက်မှန်ထားလို့ပါ''ဟု ဖြေလေသည်။

ယခုမှ သူ့လေယာဉ်တွင် ဗုံးထိန်းကြိုးများလည်း ...ကိုးရိုးကားရားဖြစ်နေသည်ကို သတိထားမိရာ သူ့အား ...မိသည်ကို နောင်တရမိ၏။ နောက် သူ့အား သဘော ...ပြန်ရန် အမိန့်ပေးလိုက်သည်။ ''ဆီတိုင်ကီပေါက်နေ ...ယ်။ ဗိုလ်မှူးနဲ့ နေပါရစေဦး'' ဟု ခွင့်တောင်းရာ သူ့ ...လေယာဉ်သားများ စိတ်မကောင်းမဖြစ်စေလို၍ ခွင့်ပြုပေး ...လိုက်ရသည်။ သို့သော် ဗုံးမရှိတော့သော လေယာဉ်နာ ...ကို ရန်သူအမြောက်ဆန်ကြားထဲတွင် အတူခေါ်ထားရ ...သည်မှာ ဘာမျှအသုံးမဝင်ပေ။ ထို့ကြောင့် ခဏအကြာတွင် ...ခိုင်းလိုက်ရ၏။ ဗုံးများဖြုတ်ချရန် အချိန်တော်လောက် ...တွင် တိမ်များ ရှိနေပြန်သဖြင့် ပစ်ကွင်းကို ဖုံးကွယ်နေပြန်၏။ ...ပြလေယာဉ်မှ မျက်နှာပိုင်း ဗုံးချသမားသည် သူ့လက် ...ကို မြှောက်၍နောက်ငင်ပြကာ ပစ်ကွင်းကို ကျော်လွန်လာခဲ့ ...ကြောင်း ညွှန်ပြနေလေသည်။ ကျွန်တော်တို့သည် လေယာဉ်

www.burmeseclassic.com



ကို အနည်းငယ်စောင်း၍ ညာဘက်ကျွန်းဆီသို့ ကွေ့လိုက်ပြီးနောက် လေယာဉ်ပစ်အမြောက်များကို မျှော်ကြည့်လိုက်၏။ ယခုတစ်ဖန် ရန်သူ့အမြောက်ဆန်များကြားထဲသို့ ဒုတိယအကြိမ် ဖြတ်ရဦးတော့မည်။ သို့သော် ယခု သူတို့သည် ကျွန်တော်တို့ကိုလွှတ်ထားပြီး ဒုတိယလေယာဉ်စုကို ချိန်၍ပစ်နေကြသည်။

နောက်တစ်ကျော့ပြန်လှည့်ရင်း ယခင် တတိယလေယာဉ် ဗုံးလွှတ်ချလိုက်သောနေရာကို သတိထား၍ ကြည့်သောအခါ ပင်လယ်အော်အပြင်ဘက်လောက်ရှိ ဖျက်သင်္ဘောနှင့်တူသော သင်္ဘောအနီးတွင် ကြီးမားသော ရေလှိုင်းအပိုင်းကြီးကို တွေ့ရလေသည်။ ၎င်းသင်္ဘောမှာ ရေပေါ်သင်္ဘောကျင်းတစ်ခုပေါ်တွင် တင်ထားဟန်ရှိပြီး ဦးနှင့်ပဲ့ကို ကြိုးနှင့် ထိန်းထားဟန်ရှိသည်။ ကျွန်တော်သည် ရေငုပ်သင်္ဘောများကလည်း ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်ထားသည်ကို ယခုမှသတိရမိ၏။

ကျွန်တော်တို့ လေ့ကျင့်စဉ်က ဤရေငုပ်သင်္ဘောငယ်များကို သတိထားမိသည်။ သို့သော် သူတို့အကြောင်း ဘာမျှမသိခဲ့။ သူတို့ဖွဲ့စည်းပုံ၊ သူတို့ရည်ရွယ်ချက်၊ သူတို့





ကြောင့် ပါဝင်တိုက်ခိုက်မည်ကို သဘောမပေါက်ခဲ့ပါ။ တာဂီသင်္ဘောပေါ်၌ ရေငုပ်သင်္ဘော စစ်ဆင်ရေး ဝန်ခံ ဒုဗိုလ်မှူးကြီး ရှိဘူယာက သူ၏ရေငုပ်သင်္ဘောများသည် မတိုက်ခိုက်မီညဦးတွင် ပင်လယ်အော်ထဲ တိတ်တဆိတ်ဝင်ရောက်ပြီးနေရန်၊ သို့သော် လေယာဉ်များက ဗုံးမကြဲခင် ဘာမျှမလုပ်သေးဘဲ စောင့်နေရန် စီစဉ်ထားကြောင်း ရှင်းလင်းပြောပြဖူးလေသည်။

ဤအတိုင်းဆိုသော် ရေငုပ်သင်္ဘောများသည် ပင်လယ်အော်အပြင်ပိုင်းတွင် ယခုတိုင် စောင့်ဆိုင်းနေလျက် ကောင်းရှိပေလိမ့်မည်။

❖

**စရိုက်နစ်သင်္ဘောကြီးများမီးလောင်ပေါက်ကွဲကြခြင်း**

ကျွန်တော်၏တပ်စုသည် ဟိုနိုလူလူကျွန်းပေါ်တွင် ည်လည်ပျံသန်းကာ နောက်တစ်ကြိမ်ဗုံးကြဲရန် ပြင်ဆင်စဉ် အခြားတပ်စုများသည် သူတို့ဆိုင်ရာ နေရာများတွင် ကြဲနေကြလေသည်။ တချို့မှာ ပစ်ကွင်းကို ထိအောင် ကြိမ်တိုင်အောင် ပစ်ရသည်။ ရုတ်ခြည်းပင် သင်္ဘောတန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှ ကြီးမားသောပေါက်ကွဲသံများကို ကြားရသည်။ တိုက်
ပွဲကား အရှိန်ရနေလေပြီ။ မီးလောင်ရာမှလည်းကောင်း
ပေါက်ကွဲရာမှလည်းကောင်း ပေါ်ထွက်လာသောမီးခိုးများမှာ
ပုလဲဆိပ်ကမ်း ကောင်းကင်ပြင်ကို ဖုံးလွှမ်းနေတော့သည်။

ကျွန်တော်၏တပ်စုသည် ထပ်မံ၍ တစ်ကြိမ်
ဗုံးကြဲရန် အရန်သင့်ဖြစ်နေပြန်သည်။ စစ်သင်္ဘောများ
မှန်ပြောင်းနှင့်ချိန်ကြည့်ရာ ပေါက်ကွဲသံကြီးမှာ အရီဇိုး
သင်္ဘောမှဖြစ်ကြောင်းကိုသိရပါသည်။ ယခုတိုင် မီးတောက်
မီးလျှံကြီးများဖြင့် ပြင်းထန်စွာလောင်နေရာ ဤသင်္ဘော
မှ မီးခိုးများသည် ကျွန်တော်ဗုံးချမည့် နီဗားဒါးသင်္ဘော
ဖုံးလွှမ်းနေ၏။ မီးခိုးများကွယ်နေသည့် နီဗားဒါးကို ဗုံး
ရန်မှာ ထိမှန်ရန်မလွယ်ကူသဖြင့် အခြားသင်္ဘောတစ်စင်း
ကို ရှာရပြန်သည်။

ဘယ်ဘက်တန်း တတိယနေရာရှိ တင်နက်ဆီ
သင်္ဘောမှာ မီးလောင်ပြီးသားရှိနေ၏။ သို့သော် ဤအတန်း
တွင်ပင်ရှိသော မေရီလင်သင်္ဘောမှာ နဂိုအတိုင်း ရှိနေ
သေးသည်။ ထို့ကြောင့် ကျွန်တော်သည် ဤသင်္ဘောသို့
ပစ်ကွင်းပြောင်း၍ချိန်ရန် အမိန့်ပေးပြီးလျှင် အမြောက်ဆန်





ကြားထဲသို့ တစ်ကြိမ် ထပ်မံဖြတ်ရပြန်လေသည်။ ထို့
နောက် အရန်သင့်နေရန် အချက်ပေးပြီးလျှင် ဗုံးလွှတ်
ခလုတ်ကို မြဲစွာကိုင်ရထားရသည်။ ရှေ့မှလမ်းပြလေယာဉ်
ကို အထူးဂရုစိုက်၍ ကြည့်နေရသည်မှာ အသက်ရှူရန်
ပင် မေ့တော့မလောက်ဖြစ်သည်။

လမ်းပြလေယာဉ်မှ ဗုံးကျသွားသည်ကို မြင်ရ
သောအခါ ပိုင်းလော့များ၊ ရေဒီယိုသမားများက "ဖြုတ်
ပြီ" ဟု တစ်ပြိုင်နက်အော်ကြ၏။ ကျန်လူများက သူတို့
ဗုံးများကို သွန်ချကြလေတော့သည်။ ကျွန်တော်သည်
ကြမ်းပေါ်သို့ပစ်လှဲလိုက်ပြီး ချောင်းကြည့်ပေါက်မှနေ၍
ဗုံးများကျသွားသည်ကို စောင့်ကြည့်နေသည်။ ကျွန်တော်၏
လေယာဉ်မှ ဗုံး ၄ လုံးသည် တန်းစီ၍ဆင်းသွားကြ၏။
ပစ်ကွင်းက အတော်ဝေးသေးရာ ရောက်မှရောက်ပါ့မလား
ဟု ထင်မိပါသည်။ ဗုံးသည် ဝေးသည်ထက်ဝေးသွားပြီး
တဖြည်းဖြည်းသေးသွားရာ မြင်ရာမှပျောက်သွားမည်စိုး၍
အသက်ပင် အောင့်ထားရ၏။ ရင်တလှပ်လှပ်နှင့် စိတ်
ဝင်စားစွာကြည့်နေရာ ဘေးပတ်လည်ကို မေ့လျော့နေမိ
သည်။ ဆီးစေ့ခန့်ထိအောင် သေးသွားပြီးနောက် နောက်



www.burmeseclassic.com

www.burmeseclassic.com




ဆုံးတွင် ပျောက်ကွယ်သွားပြီး ဖွေးခနဲဖြစ်ကာ သေးငယ်သော လျှပ်စစ်လက်ရောင်နှင့်အတူ မီးခိုးလုံးကို မြင်လိုက်ရလေသည်။

အမြင့်ခရီးဝေးမှကြည့်ရာ၌ အနီးကပ်၍လွဲသော ဗုံးများသည် တိုက်ရိုက်ထိမှန်သော ဗုံးထက်သိသာသည်။ အနီးကပ်လွဲလျှင် ရေထဲသို့ကျသောကြောင့် ရေလှိုင်းဝန်းကြီးများကို ရှင်းလင်းစွာမြင်နိုင်၏။ ဤကဲ့သို့ ရေလှိုင်းဝ... ၂ ခုနှင့် မီးပွင့် ၂ ခုမြင်လိုက်ရသောအခါ ကျွန်တော်သည် “နှစ်ချက်ထိတယ်ဟေ့”ဟုအော်ရင်း ကြမ်းပြင်မှ ထလိုက်၏။ ဤသေးငယ်သောမီးပွင့်မှာ ထိမှန်ကြောင်းသိရန် တစ်တည်းသော အရိပ်နိမိတ် ဖြစ်လေသည်။ ကျွန်တော်သည် ထိုဗုံးချပြီးကြသော လေယာဉ်များအား သင်္ဘောသို့ပြန်ရန် အမိန့်ပေးပြီးနောက် ကျွန်တော့်လေယာဉ်မှာ မပြီးသေးသောတိုက်ပွဲများကို စောင့်ကြပ်အုပ်ချုပ်ရန်နှင့် အပျက်အစီးများကို စစ်ဆေးရန်နေရစ်ခဲ့သည်။

ကျွန်တော်၏လေသူရဲများအား လေယာဉ်ကွင်းအားလုံးပေါ်သို့ ဖြတ်၍ပျံသန်းရန် အမိန့်ပေးလိုက်သည်။ ကျွန်တော်၏ တိုက်လေယာဉ်ပျံများသည် လေယာဉ်ကွင်း





ပုလဲဆိပ်ကမ်းတိုက်ပွဲ၌ ဂျပန်တို့ဗုံးကြဲတိုက်ခိုက်မှုကြောင့်
အမေရိကန်စစ်သင်္ဘောကြီး သုံးစီး
...မှညာ ဒေါင်းနီး(စ်)၊ ကက်ဆင်နှင့် ပင်ဆီဘေးနီးယား)မီးလောင်နေပုံ


www.burmeseclassic.com



ပုလဲဆိပ်ကမ်းတိုက်ပွဲ၌ ဂျပန်တို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့်
အမေရိကန်စစ်သင်္ဘောကြီး ကယ်လီဖိုးနီးယားမီးလောင်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းတိုက်ပွဲ၌အမေရိကန်စစ်သင်္ဘောကြီးဝက်(စ်)ဗာဂျီးနီးယား
မီးလောင်နေပုံ

www.burmeseclassic.com

www.burmeseclassic.com






ပုလဲဆိပ်ကမ်းတိုက်ပွဲ၌ ဂျပန်တို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့်
အမေရိကန်စစ်သင်္ဘောကြီး များပျက်စီးနေပုံ

www.burmeseclassic.com


www.burmeseclassic.com



ပုလဲဆိပ်ကမ်းတိုက်ပွဲ၌အမေရိကန်စစ်သင်္ဘောကြီး ကယ်လီဖိုးနီးယား
နွံထဲသို့နစ်မြုပ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ပုလဲဆိပ်ကမ်းတိုက်ပွဲ၌ ဂျပန်တို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့်
အမေရိကန်စစ်သင်္ဘောကြီး များမီးလောင်ပျက်စီးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



တွင် လှုပ်ရှားနေသော ရန်သူတို့ကို စက်သေနတ်ဖြင့် ဘာ သုတ်သင်လျက်ရှိကြသည်။ ပုလဲဆိပ်ကမ်းနှင့် အနားတစ်ဝိုက်ကား အချိန်အနည်းငယ်အတွင်းမှာပင် ကျက်အစီးပရပွနှင့် ရစရာမရှိအောင် ပျက်စီးနေလေပြီ။

ဖို့(ဒ်)ကျွန်း၏ အနောက်ဘက်တွင်ရှိသော စစ် သင်္ဘောကြီး အူတာသည် တိမ်းမှောက်လျက်ရှိသည်။ န်း၏အခြားတစ်ဖက်တွင် ဝက်စ်ဗာဂျီးနီးယားနှင့် အို ဘာဟိုးမား သင်္ဘောတို့သည် တိုပီဒိုဒဏ်ကို မရှုမလှ ိုက်ရပြီး ဘေးဝမ်းများ ပြုတ်ထွက်နေလေသည်။ ၎င်း ပြင် ပေါက်ကွဲ၍ ယိုဖိတ်ကျသော ဆီပင်လယ်ထဲတွင် စ်ဖက်စောင်းကြီး ဖြစ်နေကြသည်။ အရီဇိုနာသင်္ဘော း ယမ်းတိုက်ခန်းပေါက်ကွဲထားသဖြင့် ကြည့်ချင်စရာ ကောင်းအောင် ပျက်စီးနေသည့်ပြင် ဘေးတစ်ဖက်သို့ ်ကာ မီးအပြင်းလောင်လျက်ရှိသည်။

မေရီလင်သင်္ဘောနှင့် တင်နစ်ဆီသင်္ဘောများမှာ သည်း မီးစွဲလောင်လျက်ရှိသည်။ တင်နစ်ဆီမှ မည်းနက် သော မီးခိုးလုံးကြီးများ ကောင်းကင်သို့ တန်းတက်နေ၏။ င်ဆီလ်ဗေးနီးယား သင်္ဘောတစ်စင်းသာလျှင် သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



ကျင်းထဲတွင်ရှိသဖြင့် အတိုက်အခိုက်ဒဏ်မှ လွတ်ထ
ကျန်ရစ်ခဲ့သည်။ ဗိုလ်မှူး မူတာရာ ခေါင်းဆောင်သော
တိုပီဒိုလေယာဉ်များသည် သင်္ဘောများကိုမဲ၍ တိုက်ခိုက်
ကြသည်။ တိုပီဒိုဗုံးဖြင့် တိုက်ရိုက်ထိမှန်ခံရသော သင်္ဘော
များမှာ နီဗားဒါး ၁ ချက်၊ ဝက်စ်ဗာဂျီးနီးယား ၉ ချက်
အိုကလာဟိုးမား ၁၂ ချက်၊ ကာလီဖိုးနီးယား ၃ ချက်
ဖြစ်လေသည်။

တိုပီဒိုလွှတ်လေယာဉ်အချို့သည် ကျွန်း၏အနောက်
ဘက်တွင် တိုက်ခိုက်ရန်သွားရာ အူတာသင်္ဘောကြီး
တစ်စင်းသာတွေ့ပြီး ၆ ချက်ထိမှန်အောင် ပစ်လွှတ်ခဲ့သော
သည်။ အခြားတိုပီဒိုလေယာဉ်များက ပင်ဆီလ်ဗေးနီးယား
သင်္ဘောဆီသို့သွားကြ၏။ သို့သော် ထိုသင်္ဘောမှာ သင်္ဘော
ကျင်းတွင်ရှိနေသည်ကို တွေ့သောကြောင့် တံတားနံပါတ်
၁၀၁၀ တွင် ဆိုက်ကပ်ထားသော ခရူဇာသင်္ဘောနှင့်
ဖျက်သင်္ဘောများဆီသို့ ဦးလှည့်လိုက်ကာ တိုက်ခိုက်
ကြလေသည်။ ဤသင်္ဘောများကို တိုပီဒို ၅ ချက် တိုက်ရိုက်
ထိမှန်လေသည်။

တိုပီဒိုဖြင့်တိုက်ခိုက်ရေးသည် များစွာအောင်မြင်





သူအား အကြီးအကျယ်ပျက်စီးစေသည်ကို တွေ့ရ
သောအခါ ကျွန်တော်သည် အမေရိကန်တို့အမြင်တိုပုံကို
သိမြင်သည်။ သူတို့သည် ဘာမှပြင်ဆင်ခြင်းမရှိပေ။ တို
ကို ဆီးကာရန် ပိုက်ကွန်များပင်ချထားခြင်းမရှိ။ မကြာမီ
ကာလများက ကာဂိုရှီမာပင်လယ်အော်တွင် ပင်ပန်းကြီးစွာ
လေ့ကျင့်လာခဲ့ရပုံ၊ ဖြစ်နိုင်ဖွယ်မရှိသော အလုပ်ကို ဖွဲသန်
ခြင်းနှင့် ကြိုးစားသင်ကြားလာခဲ့ရပုံများကိုလည်း သတိရမိ
သည်။ ယခုသော် လုံ့လဝီရိယ ဖွဲနှင့် အပင်ပန်းခံခဲ့ရသော
အကျိုးကျေးဇူးတို့ကို မျက်စိရှေ့တွင် ကွင်းကွင်းကွက်ကွက်
တွေ့မြင်ရလေရာ ကျေနပ်နှစ်သိမ့်သောပီတိဖြင့် ကြည်နူးမိ
ပါတော့သည်။

တိုက်ပွဲဖြစ်ပွားနေစဉ်က လေယာဉ်ဖြင့်အချိန်မီ
ထွက်လာနိုင်ခဲ့သော အမေရိကန်လေတပ်သားအချို့ကို
တွေ့ရသည်။ သူတို့သည် ကျွန်တော်တို့က သူတို့ထက်
အဆများစွာ များပြားနေလင့်ကစား မတွန့်မဆုတ်သော
စိတ်ဓာတ်ဖြင့် ကျွန်တော်တို့အတွင်းသို့ အတင်းဝင်ရောက်
တိုက်ခိုက်ကြသည်။ သူတို့တိုက်ခိုက်သော်လည်း များစွာ
အရာမရောက်လှ။ သို့သော် သူတို့၏ သူရသတ္တိမှာ



www.burmeseclassic.com

www.burmeseclassic.com



အံ့သြဖွယ်ကောင်းလှပေသည်။ ကျွန်တော်တို့လေသူရဲများကပင် သူတို့၏ရဲစွမ်းသတ္တိကို မချီးကျူးဘဲ မနေနိုင်ပေ

ပထမအသုတ် လေယာဉ်တစ်ဖွဲ့၏ တိုက်ပွဲသည် တစ်နာရီခန့်ကြာပြီးလျှင် ကျွန်တော်တို့ဘက်မှ တိုက်လေယာဉ်ပျံ ၃ စင်း၊ ကျွမ်းစိုက်ဗုံးကြဲလေယာဉ်ပျံ တစ်စင်းနှင့် တိုပီဒိုလေယာဉ် ၅ စင်းဆုံးရှုံးခဲ့၏။ ပထမအသုတ်လေယာဉ်များပြန်သွားစဉ် ဒုတိယအသုတ်လေယာဉ် ၁... စင်းသည် ဗိုလ်မှူး ရှိမာဇာကီခေါင်းဆောင်ကာ ရောက်လာခဲ့လေသည်။ သူတို့သည် ကဟုကူးအစွန်းသို့ ၈ နာရီ ၄၀ မိနစ်တွင်ရောက်၍ ၁၄ မိနစ်အကြာတွင် ဗုံးကြဲတိုက်ခိုက်ကြ၏။ သူတို့အလှည့်တွင် ပိုမိုများပြားလာသော အမြောက်ဆန်များနှင့် ထူထပ်ပိတ်ဖုံးနေသောမီးခိုးများကြားတွင် ခဲယဉ်းစွာ တိုက်ခိုက်ရကြလေသည်။

ဒုတိယအသုတ်တွင်ကား ကောင်းကင်တွင် စော...ရှောက်တိုက်ခိုက်ရန် တိုက်လေယာဉ် ၃၆ စင်း၊ ဟစ်ကမ်လေယာဉ်ကွင်းနှင့် ကန်နီအိုဟေ ရေတပ်လေယာဉ်စခန်းတိုက်ရန် ရှိမာဇာကီကိုယ်တိုင်ခေါင်းဆောင်သော အမြင့်လမ်းကြောင်းဗုံးကြဲလေယာဉ် ၅၄ စင်း၊ စစ်သင်္ဘောများ





တိုက်ခိုက်ရန် ဗိုလ်မှူးအီဂူစာ ခေါင်းဆောင်သော ကျွမ်းစိုက်ဗုံးကြဲလေယာဉ် ၈၁ စင်း ပါဝင်လေသည်။

ဤလေယာဉ်များ ရောက်သောအချိန်ကား ကောင်းကင်ပြင်တစ်ခုလုံး မီးခိုးများဖြင့် မည်းမှောင်နေပြီ ...ရာ ပစ်ကွင်းကိုမြင်ရန်ပင် အတော်ခဲယဉ်းနေလေပြီ။ ...အောက်မြေပြင်နှင့်သင်္ဘောများမှ လေယာဉ်ပစ်အမြောက်...ကလည်း သဲသဲမဲမဲခုခံနေကြလေပြီ။ သို့သော် ဗိုလ်မှူး...ဂူစာသည် သူ၏ဗုံးကြဲလေယာဉ်များအား ထူထပ်သော...ည်ဆန်ကြားကို အတင်းတိုးဝင်ကာ လမ်းပြသွားလေသည်။ လေယာဉ်များသည် အမြောက်အပစ်နိုင်ဆုံးသော သင်္ဘောကို ရွေး၍ တိုက်ခိုက်ကြလေသည်။ ထိုသင်္ဘောများ ပထမအသုတ်တိုက်ခိုက်စဉ်က ဒဏ်ရာ အနည်းငယ်သာရထားသော သင်္ဘောများဖြစ်ကြသည်။ ဤနည်းဖြင့် ဒုတိယအသုတ် တိုက်ခိုက်ရာတွင် ပထမအသုတ်တိုက်ခိုက်စဉ်က မပျက်စီးသေးသော ခရူဇာနှင့် ဖျက်သင်္ဘောများကို အပျက်စာရင်း သွင်းနိုင်ခဲ့လေသည်။ ဤဒုတိယအသုတ်တိုက်ပွဲမှာလည်း တစ်နာရီခန့်ကြာ၏။ သို့သော် ...အခံများသဖြင့် ကျွန်တော်တို့ဘက်မှ အပျက်အစီး ပို



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဤအကြိမ်တွင် ကျွန်တော်တို့တိုက်လေယာ
၆ စင်းနှင့် ကျွမ်းစိုက်လေယာဉ် ၁၄ စင်း ဆုံးရှုံးရလေသည
ဒုတိယအသုတ် ဗုံးကြဲပြီး၍ ပြန်သွားသည့်နော
တိုင်အောင် ပုလဲဆိပ်ကမ်းကိုလှည့်ပတ်ကြည့်ပြီး ဓာ
ရိုက်ယူရန် ကျွန်တော်နေရစ်ခဲ့သည်။ ရန်သူ့အပျက်အစီ
အောက်ပါအတိုင်းရေတွက်၍ရ၏။

စစ်သင်္ဘောကြီး ၄ စင်း မှာ လုံးဝမြုပ်နေ၏။
စင်းမှာ ပြင်၍မရအောင် ပျက်စီးနေ၏။ အခြားသင်္ဘေ
များမှာလည်း အတော်များများ ပျက်စီးနေကြသည်။ ဖို
ကျွန်းရှိ ရေယာဉ်ပျံစခန်းမှာ မီးဟုန်းဟုန်း တောက်
ပြီးလျှင် ဝှီးလားလေယာဉ်ကွင်းနှင့် အခြားလေဆိပ်မှာလည
မီးလောင်နေကြသည်။

ဤမျှထက် ပိုမိုစုံလင်အောင် အကဲခတ်ရန်မ
မီးခိုးများထူထပ်လွန်းသဖြင့် မလွယ်ကူပေ။ လေယာဉ်ကွ
အပျက်အစီးမှာ ခန့်မှန်းရန်ခက်ခဲ၏။ သို့သော် ကွင်းထဲ
လေယာဉ်များမှာ သုံး၍မရနိုင်တော့ပေ။ ကျွန်တော်
လေယာဉ်သည် ၃ နာရီကြာမျှ ကောင်းကင်ယံတွင်ရှိနေ
ရန်သူလေယာဉ်ပျံ တစ်စင်းမျှမတွေ့ရပေ။ ကျွန်းပေါ်



ယာဉ်အင်အား တစ်ဝက်မျှဆုံးရှုံးလိမ့်မည်ဟု ထင်ရ
သည်။ မထိမခိုက်ဘဲ ကျန်နေသေးသော လေယာဉ်ရှိ
း ကျန်နေသေးသဖြင့် လေယာဉ်အကောင်းများလည်း
နေလိမ့်ဦးမည်ဟု ထင်ရပေသည်။

ကျွန်တော်သည် လေယာဉ်တင်သင်္ဘောသို့ပြန်ရန်
ည်ထွက်လာခဲ့ပြီးနောက် ရန်သူ့အပျက်အစီးများကို
တောလာခဲ့သည်။ အတွေးနယ်တွင် မေ့မြောနေခိုက်
မှ ပျံသန်းနေသော တိုက်လေယာဉ်တစ်စင်းကို ဘေး
တွင် ရုတ်တရက်မြင်လိုက်ရာ အမှတ်မဲ့ဖြစ်၍ လန့်ဖျပ်
သိသည်။ အသေအချာကြည့်လိုက်မှ အတောင်ပံပေါ်
င် "တက်နေ" အမှတ်အသားကိုမြင်ကာ ဖူအိကာကု
အစားတိုက်လေယာဉ်ဖြစ်ကြောင်း တွေ့ရလေသည်။
အသုတ်က ကျန်ရစ်ခဲ့သော လေယာဉ်ဖြစ်ဟန် ရှိ၏။
တွင် အခြားလေယာဉ်များလည်း ကျန်ရှိနေလေမည်
တု စိုးရိမ်မကင်းဖြစ်မိကာ ကျွန်တော်၏ လေသူရဲ
အား တွေ့ရန်ချိန်းဆိုထားသော ဆုံရပ်နေရာသို့ မောင်း
အမိန့်ပေးလိုက်ရသည်။ မှန်ပါသည်။ အခြား ကျန်နေ
သော လေယာဉ်တစ်စင်းကို တွေ့ရ၏။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်မှ ဝမ်းမြောက်ဝမ်းသာ ပျံသန်းလိုက်ပါ လာခဲ့... သည်။

တိုက်လေယာဉ်များသည် ပင်လယ်ပြင်ခရီး... ပျံသန်းရန် အလွန်ခဲယဉ်းပေသည်။ သူတို့တွင် ... ကြောင်းချိန်ဆရာဖွေရန် လိုအပ်သောကိရိယာ အစုံအ... မပါပေ။ ထို့ကြောင့် တိုက်ခိုက်ခြင်းကိစ္စပြီးသောအခါ ... လေယာဉ်ကြီးများသည် သတ်မှတ်ထားသော နေရာ... စောင့်ဆိုင်းကာ တိုက်လေယာဉ်များကို ရှေ့ဆောင်၍... လာရန် စီစဉ်ထားရသည်။ ဤတိုက်လေယာဉ် ၂ စင်း... ရှေ့ဆောင်မည့်လေယာဉ်များနှင့် လွဲနေပြီး ကျန်ရစ်ခဲ့... ရှိ၏။ ကံအားလျော်စွာ ကျွန်တော်လေယာဉ်နှင့်တွေ့သဖြ... သင်္ဘောစခန်းသို့ ချောမောစွာ ပြန်ရောက်ကြလေသည်။

❖

**နောက်တစ်ကြိမ်တိုက်သင့်ပါသလော**

ကျွန်တော်တို့လေယာဉ်သုံးစီးသည် အာကာဂီ... နောက်ဆုံးပြန်ရောက်လာသော လေယာဉ်များဖြစ်... ဤအချိန်တွင် အခြားလေယာဉ်တို့သည် ဆီထပ်ထည့်ပြီး...





...ဆိပ်ကမ်းတိုက်ပွဲကို အနီးကပ်ကြီးကြပ်ခဲ့သည့် ပထမလေတပ်...တော်၏ တပ်မှူးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ချူအိချိနာဂုမို

www.burmeseclassic.com

www.burmeseclassic.com



တပ်မှတ် (၂) လေယာဉ်တင်အုပ်စု၏ တပ်မှူး ဗိုလ်ချုပ်တာမွန်ယာမာဂူချီ



ပုလဲဆိပ်ကမ်းတိုက်ပွဲ တိုက်ဝီတို ဝုံးကြဲလေယာဉ်အုပ်စုခေါင်းဆောင် ဗိုလ်မှူး ရှီဂီဟာယိုမူရာတာ

www.burmeseclassic.com

www.burmeseclassic.com



ထက်နက် ထပ်မံတပ်ဆင်ပြီးဖြစ်ကာ လေယာဉ်ပြေး ကုန်းပတ်ပေါ်တွင် စီတန်းရှိနေကြလေပြီ။ သူတို့သည် ထပ်မံ တိုက်ခိုက်ရန်အတွက် အရန်သင့်ရှိနေကြသည်။ လေယာဉ် ပေါ်မှ ဆင်းလျှင်ဆင်းချင်း ကျွန်တော့်အား မာလိန်စင်သို့ ခေါ်သဖြင့် တက်သွားရာ ဗိုလ်ချုပ်ကြီးနာဂူမိုနှင့် စစ်ဦးစီး အရာရှိများကို တွေ့ရလေသည်။ သူတို့သည် နောက်တစ် ကြိမ် ထပ်မံ တိုက်ပွဲဆင်သင့် မသင့်ကို အပြင်းအထန် ဆွေးနွေးနေကြသည်။ ကျွန်တော် ရောက်လျှင်ရောက်ချင်း အပျက်အစီး အခြေအနေ အကြောင်းစုံကို မေးကြ၏။

''ကျွန်တော်မြင်ခဲ့ရတဲ့အတိုင်းဆိုရင် စစ်သင်္ဘော ကြီး ၄ စင်းမြုပ်သွားတယ်။ တစ်စင်းက ချက်ချင်းမြုပ်ပြီး တစ်စင်းက မှောက်ထိုးဖြစ်နေတယ်။ ၂ စင်းကတော့ တဖြည်းဖြည်းနိမ့်ဆင်းနေတော့ အခုဆို လုံးလုံးမြုပ်သွား လောက်ပြီ''

ဗိုလ်ချုပ်ကြီးနာဂူမိုသည် ကျေနပ်နှစ်သိမ့်စွာဖြင့်

''ဒီလိုဆို ဒို့မျှော်လင့်တဲ့အတိုင်း အောင်မြင်တယ် လို့ ဆိုနိုင်တာပေါ့''

ဟုပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်လေယာဉ်ကွင်းနှင့် လေယာဉ်စခန်းများ၏ အပျက်အစီးကို ဆွေးနွေးကြရာတွင် ကျွန်တော့်ထင်မြင်ချက်ကို ပြောပြလိုက်သည်။

''တစ်ခုလုံး ခြုံပြောရမယ်ဆိုရင် ကျွန်တော်တို့ တိုက်ခဲ့တာ လေယာဉ်စခန်းတွေ အပျက်အစီးအတော်များတယ်။ ဒါပေမဲ့ အကုန်ပျက်ကျန်ရစ်တယ်လို့တော့ မပြောနိုင်ဘူး။ နောက်ထပ်ပစ်ခွဲစရာတွေ အများကြီးကျန်သေးတာပေါ့။ ဒီတော့ နောက်တစ်ကြိမ်ထပ်တိုက်ဖို့ ကျွန်တော် တောင်းဆိုပါတယ်''

❖

**ဗိုလ်ချုပ်ကြီး နာဂူမို၏နောက်ဆုံးဆုံးဖြတ်ချက်**

ထပ်မံတိုက်ရန်မတိုက်ရန် ဆုံးဖြတ်ရန်မှာ ဗိုလ်ချုပ်ကြီး နာဂူမို၏ တာဝန်ဖြစ်ရာ မည်သည့်အချက်အလက်များကို အကြောင်းပြု၍ ဆုံးဖြတ်ချက်ချလိုက်သည်ကို အချိန်ကြာမြင့်စွာ မသိကြပေ။ သူ၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ရေတပ်စစ်ဆင်ရေးဝိဇ္ဇာများက များစွာဝေဖန်ပြောဆိုခဲ့ကြသည်။ ရေတပ်ရာဇဝင်ဆရာများအတွက်





လည်း အလွန်စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ရပ် ဖြစ်ပေသည်။ သို့သော် ဗိုလ်ချုပ်ကြီး နာဂူမိုမှာ ၁၉၄၄ ခု၊ နွေရာသီအတွင်း အမေရိကန်တပ်များ မာရီယာနာကျွန်းကို တက်ရောက်သိမ်းပိုက်စဉ်က ကွယ်လွန်ရှာလေပြီ။ ဗိုလ်ချုပ်ကြီး နာဂူမို၏ အကြောင်းပြချက်များကို ဖော်ပြထားသော မှတ်တမ်းတစ်ခုရှိရာ ကျွန်တော် သိရသလောက်မှာ အောက်ပါအချက်တို့ ပါဝင်လေသည်။

၁။ ပထမတိုက်ခိုက်ရာ၌ ကျွန်ုပ်တို့ မျှော်လင့်သလောက် အပျက်အစီးများ ဖြစ်စေနိုင်ခဲ့သည်။ နောက်ထပ် တိုက်ခိုက်လျှင် အပျက်အစီးများ အထူးတလည် ထပ်မံပိုမိုလာလိမ့်မည်ဟု မယူဆနိုင်။

၂။ ကျွန်ုပ်တို့၏လေယာဉ်များက အဒိုက်တွင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သည်ကိုပင် ရန်သူသည် ချက်ချင်း ပြန်လှန်ပစ်ခတ်နိုင်သေးသည်။ နောက်တစ်ကြိမ်သွား၍ တိုက်ခိုက်လျှင် ခုခံတိုက်ခိုက်ခြင်း ယခုထက် ပိုမိုပြင်းထန်လာမည် ဖြစ်ရာ ကျွန်ုပ်တို့၏ ဆုံးရှုံးမှုသည်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံရရှိမည့် အောင်မြင်မှုနှင့် မမျှအောင် ကြီးမားပေလိမ့်မည်။

၃။ ကြားဖြတ်ဖမ်းယူသော သတင်းများအရ ရန်သူလက်တွင် တိုက်ခိုက်နိုင်သော လေယာဉ် ပျံ အကြီးစား ၅၀ ရှိသေးသည်ဟုသိရသည်။ ၎င်းပြင် ရန်သူ၏ လေယာဉ်တင်သင်္ဘောများ ခရူဇာ သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ အဘယ်မှာ ရှိနေသည်ကိုလည်း ကျွန်ုပ်တို့ အတိအကျမသိ။

၄။ မြေပေါ်လေယာဉ်ကွင်းရှိ အခြေစိုက်လေယာဉ် များ၏ တိုက်ခိုက်ရေး နယ်နိမိတ်အတွင်းတွင် ကျွန်ုပ်တို့ ဆက်လက်၍ နေရေးသည်အကျိုး ထက် အပြစ်ကများနေသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ လေကြောင်းထောက်လှမ်းမှုများ မှာ များစွာ နယ်ကျဉ်းသောကြောင့်လည်း ဤရပ်တန့်စခန်းတွင် ကြာရှည်နေ၍ မသင့် တော်ပေ။

ဗိုလ်ချုပ်ကြီး၏ သုံးသပ်ချက်မှာ အထက်ပါအတိုင်း





ဖြစ်ပေသည်။

ကျွန်တော်သည် နောက်တစ်ကြိမ်ထပ်မံတိုက်ခိုက် ရေးကို တတ်နိုင်သလောက် တိုက်တွန်းပြောဆိုပြီးပြီ။ ဆုံးဖြတ်ရန်မှာ ဗိုလ်ချုပ်ကြီးနာဂူမို၏ တာဝန်ဖြစ်သည်။ သူ၏ဆုံးဖြတ်ချက်ကား နောက်ထပ်မတိုက်တော့ဘဲ အမြန် ဆုတ်၍ ပြန်ကြရန်ဖြစ်သည်။ ချက်ချင်းပင် သင်္ဘော အားလုံးသို့ အလံများတင်ကာ အချက်ပြအမိန့်ပေးပြီးလျှင် မြောက်စူးစူးသို့ အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ကြပါတော့သည်။

ဤသို့ဖြင့် ကျွန်တော်တို့၏ ဂျပန်ဘုရင့် ရေတပ် တော်ကြီးမှ အမေရိကန်တို့၏ ပုလဲဆိပ်ကမ်းနှင့် ပစိဖိတ် ရေတပ်ကြီးအား လက်ဦးမှုရယူကာ လေကြောင်းမှ ဝင် ရောက်ချေမှုန်းခဲ့ကြပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

## ယာမာမိုတို၏တိုက်ပွဲကွပ်ကဲမှု

ဖြတ်သားသောယာမာမိုတို

ဤစာအုပ်ငယ်တွင် ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ တိုက်ပွဲကွပ်ကဲမှုသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်ပါသည်။

ထို့ကြောင့် ယာမာမိုတို၏ ကွပ်ကဲမှုများကို သုံးသပ်ဖော်ပြသွားပါမည်။

ပထမဦးစွာ ယာမာမိုတို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် သက်ဆိုင်သောအချက်အချို့ကို ထုတ်နုတ်တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မှသာ ယာမာမိုတို၏ ကွပ်ကဲမှု အဘယ်ကြောင့် ကော
မွန်ရသည်ကို သိကြမည်ဟု ထင်မြင်ယူဆပါသည်။

ယာမာမိုတိုသည် ဂျပန်လူမျိုး ကျောင်းဆရာတစ်ဦး
၏ သားဖြစ်၍ အထက်တန်းစားမျိုးရိုးက ဆင်းသက်လာ
မဟုတ်ပါ။ ထို့ကြောင့် စာကြိုးစားခဲ့၏။ ဘုရင့်စစ်တက္ကသိုလ်
တက်ရောက်သောအခါ၌လည်း ထိပ်တန်းက ထူးချွန်
အောင်မြင်လာခဲ့သူဖြစ်၏။ ဗိုလ်ဖြစ်လျှင်ဖြစ်ခြင်း ရေတ
မတော်၌ တာဝန်ထမ်းဆောင်ရရာ ရုရှား ဂျပန် စ
ကာလနှင့် တိုက်ဆိုင်နေသဖြင့် စစ်မြေပြင်သို့ ချက်ချ
လိုက်ပါရ၏။ ဆူရှီမာရေလက်ကြားတိုက်ပွဲကြီး၌ ရုရှား
အမြောက်ဒဏ်ကြောင့် ဘယ်လက်နှစ်ချောင်း ထိမှန်ဒဏ်
ရခဲ့သော်လည်း တိုက်ပွဲပြီးသည်အထိ တိုက်ပွဲဝင်ခဲ့
ငယ်စဉ်ကပင် ရဲရင့်ပြတ်သားသောစိတ်ဓာတ်ကို ယာမာ
တို ပြသနိုင်ခဲ့၏။

စစ်မြေပြင်ကို နှစ်သက်သူဖြစ်၍ အိမ်ထောင်ဖ
အဖြစ် ရိုးသားသော တောသူတောင်သားထဲမှ မိန်းကလေး
ကို ရွေးချယ်ခဲ့ပြီး ပင်လယ်ပြင်တွင် နှစ်ရှည်လများ နေ
နိုင်သူဖြစ်၏။ အိမ်ထောင်ပြုသည့်အချိန်၌ အသက်





င် ရှိခဲ့ပြီဖြစ်၏။ မိသားစုထက် တာဝန်ကိုသာ ဦးစား
သူပါပင်။

ငယ်စဉ်ကပင် အမေရိကန် ကျောင်းဆရာနှင့်
သင်ခဲ့ဖူးပြီး အသက်ကြီးသောအခါ အမေရိကန် ဟား
ဒ် ယူနီဗာစီတီတွင် အဆင့်မြင့်နည်းပညာများကို သင်
ကြားခဲ့ပြီး ဝါရှင်တန်တွင်လည်း စစ်သံမှူး လေးနှစ်ခန့်
ဝန်ထမ်းဆောင်ခဲ့သောကြောင့် အမေရိကန်တို့အကြောင်း
တွင်းသိ အစင်းသိဟု ဆိုနိုင်ပါသည်။

ရေတပ်မတော်တွင် ရာထူးကြီး လက်ခံရသောအခါ
င်လည်း တီထွင်မှုအမျိုးမျိုးကို ပြုလုပ်ခဲ့၏။ Betty
ကြဲလေယာဉ်နှင့် Zero တိုက်လေယာဉ်များကို ပုံစံထုတ်
ည်ဆောက်ခဲ့၏။ အမြဲမပြတ် စစ်တိုက်နိုင်ရေးနှင့်
န်ဘုရင့်ရေတပ်မတော် ခေတ်မီတိုးတက်ဖွံ့ဖြိုးလာရေး
 အစဉ်တစိုက် ကြိုးစားဆောင်ရွက်နေခဲ့သူဖြစ်လေသည်။

ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် တာဝန်ပေးအပ်ခံခဲ့
သည့်အခါ လပေါင်းအတော်ကြာပင် စီမံချက်ကို ရေပက်
င်အောင် စေ့စပ်သေချာစွာ ရေးဆွဲခဲ့၏။ သို့သော်
၍စီမံချက်၏စွမ်းဆောင်နိုင်မှုအပေါ် အချို့သော ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများက သံသယဝင်ကြသည်။ အမေရိကန် ပစိဖိတ်ရေတပ်ကြီးသည် တိုက်ခိုက်မည့်နေ့တွင် ဆိပ်ကမ်း၌ ရှိမနေလျှင်သော်လည်းကောင်း၊ ဟာဝိုင်ယံကျွန်းသို့ သွားမည့်ခရီးမှာ အလွန်ဝေးကွာလွန်းလှသဖြင့် ချီတက်နေစဉ် ရန်သူတွေ့ရှိသွားမည်ကိုသော်လည်းကောင်း စိုးရိမ်ပူပန်ကြလေသည်။ ချေမှုန်းရေးတပ်ဖွဲ့ကြီး၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးခြင်းခံရသည့် ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုသည်ပင် ဤစီမံချက်ကို လက်ခံခဲ့သူမဟုတ်ချေ။ ဤသို့ ဤစီမံချက်အပေါ် ဝေဖန်ကြသောအခါ ဗိုလ်ချုပ်ကြီး ယာမာမိုတိုက အောက်ပါအတိုင်း အေးအေးဆေးဆေးနှင့် ပြတ်သားစွာ ပြောခဲ့လေသည်။

“ဟိုနိုလူလူမှာရှိတဲ့ ကျုပ်ရဲ့ထောက်လှမ်းရေးတာဝန်ခံဟာ ဒီစစ်ဆင်ရေးကို အောင်မြင်အောင် သတင်းတွေပို့ပြီး စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ကျုပ် အာမခံပါတယ်။ ခင်ဗျားတို့တစ်တွေက ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို သဘောမတူဘူး ခွင့်မပြုဘူးဆိုလျှင် ကျုပ် ဒီရာထူးက နုတ်ထွက်ပါမယ်”

❖





**စစ်အောင်ရာသောအကြောင်းကြီးများနှင့် ချိန်ထိုးနှိုင်းယှဉ် သုံးသပ်ခြင်း**

ယာမာမိုတို၏တိုက်ပွဲ ကွပ်ကဲမှုကို စစ်အောင်ရာသော အကြောင်းကြီးများနှင့် ချိန်ထိုးနှိုင်းယှဉ်၍ သုံးသပ်ပြသွားပါမည်။

(က) **ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း။**

ယာမာမိုတိုသည် အမေရိကန်များနှင့် စစ်တိုက်လိုသည့်စိတ် မရှိသော်လည်း မလွှဲမရှောင်သာဘဲ စစ်ပြုရန် ကြုံလာသည့်အခါ အမေရိကန်တို့၏ ပစိဖိတ်ရေတပ်ကို လက်စတုံးချေမှုန်းရန် သို့မဟုတ် အင်အားချိနဲ့သွားရန် စီမံခဲ့၏။ ဤအစီအမံအတိုင်း တိကျစွာလည်း ဆောင်ရွက်နိုင်ခဲ့သည်။ သူ၏ရည်ရွယ်ချက်ကို လုံးဝ မစွန့်လွှတ်ခဲ့ချေ။

(ခ) **ပြောင်းလွယ်ပြင်လွယ်ရှိခြင်း။**

ဂျပန်တိုက်ခိုက်ရေးတပ်ဖွဲ့၏ ရည်မှန်းချက်သို့ ချီတက်နေစဉ် စေ့စပ်ဆွေး



www.burmeseclassic.com

www.burmeseclassic.com



မှုအောင်မြင်ပါက အခြေပြုသို့ပြန်လာ
ညွှန်ကြားခဲ့၏။ တိုက်ပွဲဝင်ရာ၌ အင်
ဖမ်းနိုင်ရေး ကြိုးစားရန်နှင့် အငိုက်
တစ်နည်းတစ်ဖုံ ဆောင်ရွက်ရန်
လမ်းများ ချမှတ်ပေးခဲ့လေသည်။
လွယ် ပြင်လွယ်ဖြစ်အောင် စီမံ
လိုက်ခြင်းပင်ဖြစ်၏။

(ဂ) **လျှို့ဝှက်ရှားမှုကောင်းမွန်ခြင်း။**

ယာမာမိုတိုသည် သူ၏ရေမှုန်း
တစ်ဖွဲ့၌ လေယာဉ်တင်သင်္ဘော၊
သင်္ဘော၊ ခရူဇာသင်္ဘော၊ ဖျက်သင်္ဘော
ရေငုပ်သင်္ဘော စသည်တို့ကို အချိန်
ကျ ပေါင်းစပ်ထည့်သွင်းပေးကာ
ရှားမှုကောင်းမွန်အောင် စီစဉ်
လေသည်။

(ဃ) **လုံခြုံမှုရှိခြင်း။**

တိုက်ပွဲမဝင်မီ ယ အနုတ်တစ်ရ
ပင် ရေပြေးတပ်ဖွဲ့များကို ကြိုတင်





လွှတ်ခဲ့သည်။ ရေဒီယိုဆက်သွယ်မှုများ
ကို လုံးဝပိတ်ထားစေခဲ့သည်။ ပင်မတပ်ဖွဲ့
ကြီး လုံခြုံရေးအဖြစ် အရန်လေယာဉ်
အစီး ၄၀ ခန့်ကို အသင့်ထားရှိခဲ့ကြောင်း
တွေ့ရပါသည်။

(င) **သတင်းစုံစွာရယူခြင်း။**

တိုက်ပွဲမဖြစ်မီ တစ်နှစ်ခန့်ကပင် ရေတပ်
အရာရှိဟောင်း တာကီအိုယိုရှီကာဝါကို
ဟိုနိုလူလူသို့ စေလွှတ်ပြီး ဒု-ကောင်စစ်
ဝန် တာဝန်ပေး၍ လိုအပ်သည့် မြေပြင်
သတင်းများကို အပြည့်အစုံ ရယူနိုင်ခဲ့
သည်။ ဟိုနိုလူလူကျွန်း ပုလဲဆိပ်ကမ်း
ကိုလည်း အကြိမ်ကြိမ် ဓာတ်ပုံရိုက်၍
ယူနိုင်ခဲ့သည်။ ထို့ကြောင့် လိုအပ်သည့်
သတင်းအားလုံး ရယူနိုင်ခဲ့သည်။

(စ) **အငိုက်ဖမ်းနိုင်ခြင်း။**

အငိုက်ဖမ်းရာတွင် ရန်သူ မမျှော်လင့်
သော မိုင် ၃၀၀၀ ကျော်ရှည်လျားသည့်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်အကျဆုံး ရေလမ်းခ
ရွေးချယ်ခဲ့လေသည်။ ပထဝီအငြိမ်
ဆိုနိုင်ပါ၏။ အချိန်ကိုလည်း တနင်္ဂနွေ
မနက် အမေရိကန်တို့ လုံးဝအိပ်
အနားယူချိန်ကို ရွေးချယ်ခဲ့လေသည်
အမေရိကန်တို့သည် ရုံးပိတ်ရက်
ခြေပစ်လက်ပစ် အနားယူတတ်ကြကြော
ယာမာမိုတို ကောင်းစွာ သိ၏။ အ
အငိုက်ရယူခဲ့ခြင်း ဖြစ်ပါ၏။

(ဆ) **တိုက်စစ်ဆင်နွှမ်းခြင်း။**

ယာမာမိုတို၏ အထူးတာဝန်တစ်ရပ်
တိုက်သင်္ဘောများ၊ တိုက်လေယာဉ်များ
ရေငုပ်သင်္ဘောများ အားလုံးပါဝင်
ရေပေါ်ရေအောက်နှင့် ဝေဟင်ပါ
သုံးဖက်သုံးတန် တိုက်စစ်ဆင်နွှမ်းကြော
တွေ့ရပေသည်။

(ဇ) **စိတ်ဓာတ်ကြံ့ခိုင်ခြင်း။**

တိုက်ပွဲဝင်လေသူရဲများ၊ ရေတပ်





များကို တရုတ်–ဂျပန်စစ်ပွဲ၊ ရုရှား–ဂျပန်စစ်ပွဲမှ တိုက်ပွဲဝင်ခဲ့ကြသည့် ဒေါင်ဒေါင်မြည်စစ်သည်များကိုသာ ရွေးချယ်ခဲ့လေသည်။ သူကိုယ်တိုင်လည်း တိုက်ပွဲဝင်မည့် စစ်သည်များကို မကြာခဏတွေ့ဆုံပြီး အားပေးစကား ပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့လေသည်။ လေ့ကျင့်ရေးကိုလည်း တပ်မဲ့တပ်ပါ အကြိမ်ကြိမ် ပြုလုပ်ပေးခဲ့ရာ တိုက်ပွဲဝင်စစ်သည်အားလုံး စိတ်ဓာတ်ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

(ဈ) **အင်အားခြိုးခြံခြင်း။**

ပုလဲဆိပ်ကမ်းတိုက်ပွဲအတွက် လိုအပ်သည့် လူ၊ လက်နက်၊ လေယာဉ်၊ ရေယာဉ်များကို အသုံးပြုခဲ့သော်လည်း အနောက်တောင်ဘက် အာရှစစ်ဒေသအတွက်လည်း သင့်တင့်မျှတသော အင်အားကို ချန်လှပ်ထားရှိခဲ့သည်အား စီစစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရပါသည်။

(ည) **မှူးပေါင်းဆောင်ရွက်ခြင်း။**

ယာမာမိုတို၏ တိုက်ခိုက်ရေးတပ်ဖွဲ့သည် ပထမလေယာဉ်တင် တပ်တော် (First Air Fleet) မှ လေယာဉ်တင်အုပ်များ သာမက ရေပြင်သွား သင်္ဘောတပ်ဖွဲ့ ဖြည့်တင်းရေးတပ်ဖွဲ့၊ ရေငုပ်သင်္ဘော တပ်ဖွဲ့ စသည်တို့ ပေါင်းစပ်ပါဝင်သည်။ သို့ရာတွင် ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်သဖြင့် လှိုင်းလေပြင်းထန်သည့် မိုင် ၃၀၀၀ ကျော် ခရီးကြမ်းကို အောင်မြင်စွာ ချီတက်နိုင်ခဲ့သည်။

(ဎ) **အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်ခြင်း။**

တိုက်ပွဲဝင်တပ်များအတွက် လိုအပ်သည့် စက်သုံးဆီများ၊ ရိက္ခာများ၊ ခဲယမ်းမီးကျောက်များ၊ ဆေးဝါးများကို လိုလေသေးမရှိ ပြည့်စုံအောင် ဖြည့်တင်းထားရှိပေးခဲ့လေသည်။ သူကိုယ်တိုင် တိုက်ပွဲဝင်





တပ်များနှင့်အတူ လိုက်ပါလိုသော်လည်း အထက်ဌာနချုပ်က သူ့အား လိုက်ပါခွင့်မပြုဘဲ ဟီရိုရှီးမားပင်လယ်အော်အတွင်းရှိ နာဂါတို စစ်သင်္ဘောကြီးပေါ်မှနေ၍ ကွပ်ကဲနိုင်းခဲ့လေသည်။

ဤဖော်ပြချက်များမှာ ပုလဲဆိပ်ကမ်းတိုက်ပွဲအတွက် ယာမာမိုတို၏ တိုက်ပွဲကွပ်ကဲမှုများပင်ဖြစ်ပါသည်။ ဤတိုက်ပွဲကြီးသည် ယာမာမိုတိုအပေါ်တွင်သာ လုံးဝမှီတည်ခဲ့လေသည်။ သူ၏တိုက်ပွဲကွပ်ကဲမှု ကောင်းမွန်ခြင်းကြောင့်သာ ဤတိုက်ပွဲကြီးတွင် မျှော်မှန်းထားသည်ထက် ဂျပန်တို့ အောင်မြင်မှုရခဲ့သည်ဟု ဆိုချင်ပါသည်ခင်ဗျား။

ဆက်လက်၍ ဤတိုက်ပွဲကြီး ဂယက်များကို ဖော်ပြသွားပါမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

## ပုလဲဆိပ်ကမ်းတိုက်ပွဲဂယက်နှင့် ရှုမြင်သုံးသပ်ချက်များ

**တိုက်ပွဲဂယက်များ**

ဂျပန်တို့သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်တွင် ပုလဲဆိပ်ကမ်းကို အငိုက်ဖမ်း ဗုံးကြဲတိုက်ခိုက်ပြီး ဒုတိယကမ္ဘာစစ်ကြီးတွင် ပါဝင်လာခဲ့၏။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ဟီရိုရှီးမားနှင့် နာဂါစကီမြို့များ အနုမြူဗုံးကြဲခံရပြီး ချွင်းချက်မရှိ လက်နက်ချကာ အညံ့ခံ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။ အလွန်ကြောက်စရာကောင်းသည့် အနုမြူဗုံးဒဏ်ကို ဂျပန်တို့ မခံနိုင်ကြတော့။

အနုမြူဗုံးကြခံခဲ့ရသည်မှာလည်း ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ ဂယက်ဟုပင် မှတ်ယူရမည်ဖြစ်ပေသည်။ အမေရိကန်တို့သည် အလွန်အခဲမကျေစွာဖြင့် ဂျပန်တို့အား အနုမြူဗုံး ကြဲချခဲ့ခြင်းဖြစ်၏။

ဒါက Remote Causes ဖြစ်သည်။

Immediate Causes အနေဖြင့် အမေရိကန်တို့ဘက်မှ ပုလဲဆိပ်ကမ်း အတိုက်ခံရမှုကို စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခဲ့သည်။ ထိုကော်မတီမှ အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များအတွင်း၌ ကြပ်မတ်မှုနှင့် ကွပ်ကဲမှု Command and Control လျော့ရဲခဲ့ကြောင်း၊ အုပ်ချုပ်မှုဆိုင်ရာ ချို့ယွင်းမှုများရှိခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့၏။

ဥပမာ စစ်ရိပ်စစ်ငွေ့ သန်းနေသည့်တိုင်အောင် ဟာဝိုင်ယံကျွန်းရှိ အဆင့်အတန်းအားလုံး မြူးတူးပျော်ပါးနေကြခြင်း၊ ညစဉ်ညတိုင်း Night Club တက်ကောင်းတုန်းဖြစ်နေခြင်း၊ အခင်းဖြစ်ပွားသည့်နေ့က ဟာဝိုင်ယံ ရေဒါစခန်းမှ ဂျပန်တိုက်လေယာဉ်အုပ်ကို နံနက် ၇ နာရီခန့်တွင်





တာဝန်ကျတပ်သားနှစ်ဦးမှ တွေ့ရှိသတင်းပို့သည်ကို တာဝန်ကျ အရာရှိလုပ်သူက အထက်သို့မတင်ပြခဲ့ခြင်း စသည်တို့ပါပေ။

ထို့ပြင် အခြားအချက်များလည်း အများအပြားရှိပါသေးသည်။

ထို့ကြောင့် အထက်ပါကော်မတီ၏ သင်ခန်းစာဖော်ထုတ်ချက် ၂၅ ချက်အား ဆောလျင်စွာပြုစု၍ စစ်အတွင်းမှာပင် အမေရိကန် တပ်မတော်တစ်ခုလုံးသို့ ဖြန့်ဝေခဲ့ရလေသည်။

ဤအဖြစ်ဆိုးကြောင့် အမေရိကန်ထောက်လှမ်းရေးနှင့် လုံခြုံရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ (ခေါ်) စီအိုင်အေ Central Intelligence Agency အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ရ၏။ အလားတူပင် အမျိုးသားလုံခြုံရေးအေဂျင်စီ National Security Agency လည်း ပေါ်ပေါက်ခဲ့၏။

ထို့ပြင် ဤတိုက်ပွဲကြောင့် အမေရိကန်တို့သည် ဂျပန်ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတိုကို အထင်မသေးဝံ့တော့ဘဲ အန္တရာယ်ပစ်မှတ်အဖြစ် သတ်မှတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယာမာမိုတို၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ်ထောက်လှမ်း စောင့်ကြည့်နေခဲ့ကြသည်။ ၁၉၄၃–ခုနှစ် ဧပြီ ဒုတိယပတ်၌ ဆော်လမွန်ကျွန်းစု တိုက်ပွဲကြီးအား ကွပ်ကဲနေသည့် ယာမာမိုတို၏ ခရီးစဉ်အား ဝှက်စာဖြင့်ပေးပို့ရာ အမေရိကန်တို့က ဖော်ယူရရှိသွားခဲ့၏။ ဧပြီလ (၁၈) ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ယာမာမိုတို လိုက်ပါလာသည့် ဂျပန်စစ်ဘက်ပို့ဆောင်ရေး လေယာဉ်ကို အမေရိကန်ကြားဖြတ် တိုက်လေယာဉ်များက စောင့်ကြိုတိုက်ခိုက်ကြရာ ဂျပန်ဗိုလ်ချုပ်ကြီး ယာမာမိုတို ကျဆုံးခဲ့ရလေတော့သည်။

အမေရိကန်တို့သည် ပုလဲဆိပ်ကမ်းတိုက်ပွဲကြီး ရလဒ်ကြောင့် ဗိုလ်ချုပ်ကြီးယာမာမိုတိုအား ဤမျှထိ သဲကြီးမဲကြီး ပစ်မှတ်ထားကာ မရအရ သုတ်သင်ရှင်းလင်း ပစ်ခဲ့လေတော့သည်။

❖

### နိုင်ငံရေးဂယက်များ

ဤပုလဲဆိပ်ကမ်း တိုက်ပွဲကြီးကြောင့် အမေရိကန် သမ္မတကြီး ရုစဗဲ့နှင့် ဗြိတိသျှနန်းရင်းဝန်ကြီး ချာချီတို့





ရူလားထိုင် လှုပ်သွားကြတော့၏။

ဂျပန်တွေက အင်္ဂလိပ်နဲ့ အမေရိကန်ကို စစ်တိုက်တော့မှာ ခေါင်းဆောင်ကြီးတွေ မသိဘူးလား။

ဒီလို အငိုက်အတိုက်ခံရလောက်အောင် ညံ့ခဲ့ကြသလား။

ရထားတဲ့ ထောက်လှမ်းရေးသတင်းတွေကို ပြည်သူကို အသိမပေးဘဲ ထိန်ချန်ခဲ့ကြတာလား။

ဒါ ဘာရည်ရွယ်ချက်လဲ။ အင်္ဂလိပ်က အမေရိကန်ကို စစ်ထဲဆွဲသွင်းတာလား။

ချာချီက ရုစဗဲ့ကို သူနိုးသေဖော်ညှိတာလားဟု ားပေါင်းများစွာ မေးစရာဖြစ်လာခဲ့၏။

အင်္ဂလိပ်တို့က သူတို့တစ်နိုင်ငံတည်း အရှေ့ဖျားတွင် စစ်မနိုင်နိုင်၍ အမေရိကန်ကို စစ်ထဲမပါပါအောင် လုပ်သည်။ ချာချီက မလိမ့်တစ်ပတ်နှင့်လှုလည်ကျ၍ ရုစဗဲ့ကြီးအား အရှေ့ဖျား၌ စစ်တိုက်လာအောင် လုပ်သည်ဟု အများက ထင်ကြသည်။

တကယ်လည်း ချာချီအနေဖြင့် အမေရိကန်တို့ကို စစ်ရေးမဟာမိတ်အဖြစ် အမှန်ပင် အားကိုးလိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဂျပန်က ကျွန်ုပ်တို့ကိုတိုက်ခိုက်ခဲ့ မဟာမိတ်အမေရိကန်များက ကျွန်ုပ်တို့ဘက်က ဝင် လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်။ အမေရိကန်တွေ မကူဘူးဆိုရင် ဒတ်(ချ်)ရဲ့ အရှေ့အိန္ဒိယကျွန်းစုကိုသာ အရှေ့တောင်အာရှက ဗြိတိသျှအင်ပါယာတွေကိုလည် ကျွန်ုပ်တို့ ကာကွယ်နိုင်မည် မဟုတ်ပါ။ ဂျပန် ကျူးကျေ မှုကြောင့် အမေရိကန်တွေ စစ်ထဲဝင်လာလျှင် ကျွန်ုပ်အ နှင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပေမည်"

ဟု အထက်ပါအတိုင်း ဗြိတိသျှနန်းရင်းဝန်ကြီ ချာချီက ပွင့်ပွင့်လင်းလင်းပင် ပြောခဲ့သည်။

ထို့ပြင် ပုလဲဆိပ်ကမ်းတိုက်ပွဲကြီးမဖြစ်မီ ဗြိတိသျ တို့က အမေရိကန်တို့အား အောက်ပါ စစ်သတင်းများ ပေ ပြီး အမေရိကန်တို့အား စစ်ထဲသို့ ပါဝင်လာအောင် သွေး ဆောင်ခဲ့ကြသည်။

(က) ပုလဲဆိပ်ကမ်းတိုက်ပွဲ မတိုင်မီ ရက်အနည်းငယ်က ဗြိတိသျှထောက်လှမ်းရေးတပ်ဖွဲ့များနှင့် ထေ ကြောင်းကင်းထောက် သတင်းများအရ လန်ဒန် ဝါရှင်တန်သို့ ဂျပန်သည် ရေကြောင်းချီတပ်ဖြ မလေးကျွန်းဆွယ်ကို တိုက်တော့မည်ဖြစ်ကြောင်း ကရာကျွန်းဆက် (Kra Isthmus) ၌ တပ်များ ကမ်းတက်ဖွယ်ရှိကြောင်း အင်ဒိုချိုင်းနားသို့ ဝင် ရောက်ရန် ပြင်ဆင်နေကြောင်း စသည့်သတင်း တို့အား ပေးပို့ခဲ့သည်။

(ခ) ပုလဲဆိပ်ကမ်းတိုက်ပွဲမဖြစ်မီ တစ်ရက်အလို၌ လန်ဒန်မှ ဝါရှင်တန်သို့ အောက်ပါသတင်းကို ထပ်မံပေး ပို့ခဲ့ပြန်သည်။

ခရူဇာသင်္ဘော (၈)စီး၊ ဖျက်သင်္ဘော အစီး (၂၀) နှင့် သယ်ယူပို့ဆောင်ရေးရေယာဉ် (၃၈) စီး ပါဝင် သော ဂျပန်ရေတပ်ဖွဲ့ကြီးသည် အင်ဒိုချိုင်းနားမှ ယိုးဒယားပင်လယ်ကွေ့ကို ဖြတ်သွားကြောင်း၊ အခြားအင်အားကြီးမားသော ဂျပန်ရေတပ်ဖွဲ့ကြီး တစ်ခုသည်လည်း သီးခြားတာဝန်နှင့် ပစိဖိတ် ပင်လယ်ပြင်တွင် ရောက်ရှိနေကြောင်းတို့ဖြစ် သည်။

ထိုသတင်းများကြောင့် အမေရိကန်တို့သည် ဗြိတိသျှများကို စစ်ရေးဆိုင်ရာ ကူညီပံ့ပိုးမှုများပြုလုပ်ခဲ့၏။







www.burmeseclassic.com

www.burmeseclassic.com



ဖျက်သင်္ဘောအစီး (၅၀) ကို ဗြိတိန်သို့ အခမဲ့ပေးခဲ့သည်။ ဂျာမန်ရေငုပ်သင်္ဘောများကို ပြန်လည်တိုက်ခိုက်နိုင်ရေး အတွက် ရေငုပ်သင်္ဘောဆိုင်ရာ အကြံပေးအဖွဲ့ကို ဗြိတိန် သို့ စေလွှတ်ခဲ့သည်။ အခြားစက်မှုလက်မှုနှင့် ဘဏ္ဍာရေး ပံ့ပိုးမှုများကိုလည်း အမေရိကန်သမ္မတ ရုစဗဲ့မှ ဆောင် ရွက်ခဲ့သည်။

သို့ရာတွင် ဤစစ်ပွဲကြီးတွင် ပါဝင်ဆင်နွှဲနိုင်ရေး အတွက် သမ္မတရုစဗဲ့တစ်ဦးတည်း၏ ဆန္ဒတစ်ခုတည်းနှင့် ဆောင်ရွက်၍ မရပါချေ။ အမေရိကန် တစ်နိုင်ငံလုံး၏ ထောက်ခံမှုရရှိမှသာ ဖြစ်နိုင်ပေလိမ့်မည်။ လောလောဆယ် အမေရိကန်တို့စိတ်ထဲတွင် ဥရောပ၌ဖြစ်နေသော စစ်ကြီး သည် သူတို့နှင့်မသက်ဆိုင် အမေရိကန်၏အကျိုးစီးပွားနှင့် သော်လည်းကောင်း၊ လုံခြုံရေးနှင့်သော်လည်းကောင်း မသက် သက်ဟု ခံယူထားကြသည်။ ထို့ကြောင့် အမေရိကန် လက် နက်ကိုင်တပ်ဖွဲ့များ တိုးချဲ့ပေးရန် စက်လက်နက်ပစ္စည်း များအတွက် ဘဏ္ဍာငွေတိုးမြှင့်ပေးရန် သမ္မတ၏ တင်ပြ ချက်ကို ကွန်ဂရက်လွှတ်တော်က ပယ်ချခဲ့သည်။

သို့ဖြစ်၍ သမ္မတသည် ဂျပန်နိုင်ငံနှင့် စစ်ဖြစ်ရေး





ကို မျှော်လင့်ထားပြီးဖြစ်သည်။ ထိုစစ်ပွဲ၌ ပါဝင်ဆင်နွှဲ နိုင်ရန်အတွက် ပုလဲဆိပ်ကမ်းကို အတိုက်ခံခဲ့သည်ဟု ယူဆသူများပင် ရှိခဲ့ပေသည်။

ဤသည်မှာ အင်္ဂလိပ်၊ အမေရိကန်တို့နှင့်ဆိုင်သော ရေးဂယက် ဖြစ်၏။

ဂျပန်တို့ဘက်မှာမူ အလစ်အငိုက်ယူကာ တိုက်ပွဲ ခဲ့သဖြင့် နာမည်ပျက်ခဲ့ရသည်။ စစ်ရှုံး၍ အကြွင်းမဲ့ လက်နက်ချရသောအခါ ဤကိစ္စများအတွက် တာဝန်ရှိသူ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတိုဂျို၊ အပါအဝင် ဂျပန် တန်းဗိုလ်ချုပ်ကြီး (၁၇) ယောက်အား မဟာမိတ်တို့၏ စစ်ခုံရုံးက သေဒဏ်စီရင်ခဲ့ပေသည်။

ပုလဲဆိပ်ကမ်းတိုက်ပွဲကို အမေရိကန်တို့က Sneak ck ချောင်းရိုက်ပွဲဟု သမုတ်ခဲ့၏။

ဤတိုက်ပွဲကိုစီစဉ်သူ ဂျပန်ရေကြောင်းဗိုလ်ချုပ် ကြီး ယာမာမိုတိုအနေဖြင့် စစ်ကြေညာချိန်နှင့် ပုလဲ ကမ်းတိုက်ပွဲ စတင်ချိန် တစ်ချိန်တည်းဖြစ်ရန် စီစဉ်

ဂျပန်အစိုးရ၏ စစ်ကြေညာသည့် အကြောင်းကြား



www.burmeseclassic.com

www.burmeseclassic.com



စာကို ဟိုနိုလူလူစံတော်ချိန် မနက် (၈)နာရီ (၅၀) မိနစ် ဝါရှင်တန် စံတော်ချိန် နေ့လယ် (၂)နာရီ (၂၀) မိနစ်တွ ဂျပန်သံအမတ်ကြီးက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ ကိုယ်တိုင်သွားရောက်ပေးပို့ခဲ့သည်။ သံအမတ်ကြီး သည် အကြောင်းအမျိုးမျိုးကြောင့် တိုကျိုက ညွှန်ကြား သည့်အချိန်ထက် တစ်နာရီခွဲတိတိ နောက်ကျပြီးမှ ထို ကို ပေးပို့နိုင်ခဲ့၏။ ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ချိန်မှာ ဟို လူလူ စံတော်ချိန် မနက် (၇) နာရီ (၅၅) မိနစ်ဖြစ် စစ်ဖြစ်ချိန်က စောနေ သည်။ ထို့ကြောင့် အလစ်ဝင်တို သည့်သဘော သက်ရောက်သွား၏။ ဗိုလ်ချုပ်ကြီး ယာမ တို စီစဉ်ထားသည့်အတိုင်း စစ်ကြေညာသည့်စာ အမေရိကန်တို့လက်ထဲ အချိန်မီရောက်ရှိသွားပါက ဟို လူလူစံတော်ချိန် မနက် (၇) နာရီ မိနစ် (၂၀) ၌ စ ကြေညာပြီး ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ချိန်ကိုက်မဖြ တော့ဘဲ လွဲချော်သွားခဲ့တော့၏။

ယခုလို လွဲချော်သွားသည့်အတွက် အမေရိကန် အကြောင်း နောကြေနေအောင်သိသည့် ဗိုလ်ချုပ်ကြီး ယာမာမိုတိုက ...





"ငါတို့တော့ အိပ်ပျော်နေတဲ့ကျားကြီးကို သွားနှိုး ်မိပြီဟေ့"

ဟု စိတ်မသက်မသာဖြင့် ဆိုခဲ့လေသည်။

❖

်ပွဲသုံးသပ်ချက်များ

တိုက်ပွဲတစ်ပွဲဖြစ်ပွားပါက အရှုံးအနိုင် သုံးသပ် မြဲ ဖြစ်၏။ ထိုသို့သုံးသပ်ရာ၌ ...

"ရည်စိတ်စစ်အင်လှုပ်တိုက်ဆင် ပြောင်းပြင်ပူးလုံ င်းစုံ တစ်ဖုံငိုက် အုပ်ခေါင်ကချုပ်"

ဟူသော စစ်အောင်ရာသော အကြောင်းကြီးများ ချိန်ထိုး သုံးသပ်ကြလေသည်။ ဦးစွာပထမ ဂျပန်တို့ က်အား ရှုမြင်သုံးသပ်ထားမှုကို ဖော်ပြပါမည်။

န်တို့အပေါ် သုံးသပ်ချက်

ဤတိုက်ပွဲကြီးအောင်နိုင်ရေးအတွက် ဂျပန်တို့သည် က်ပါစစ်အောင်ရာသော အကြောင်းကြီးများအတိုင်း င်ရွက်နိုင်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း

ဗိုလ်ချုပ်ကြီးယာမာမိုတိုသည် မူလက အမေရိ[illegible] နှင့် တိုက်ခိုက်လိုစိတ်မရှိသော်လည်း တကယ်တမ်း [illegible] ခိုက်ရမည့်အခြေအနေ ကြုံလာသောအခါတွင် သူ့စီမံ[illegible] ကို လက်မခံက ရာထူးမှ နုတ်ထွက်မည်အထိ ပြတ်သွား[illegible] ဆုံးဖြတ်ခဲ့လေသည်။ သူ့ရည်ရွယ်ချက်မှာ အမေရိ[illegible] ပစိဖိတ်ရေတပ်ကို အငိုက်ဖမ်း၍ လုံးဝချေမှုန်းပ[illegible] (သို့မဟုတ်) လုံးဝအင်အားချည့်နဲ့ သွားစေရန်ဖြစ်ရာ [illegible] အတိုင်း တသွေမတိမ်း ဆောင်ရွက်နိုင်ခဲ့ပေသည်။ [illegible] အစမှာပင် အမေရိကန်ပစိဖိတ်ရေတပ်ကြီးမှာ [illegible] တကယ် အင်အားချည့်နဲ့ ဆုတ်ယုတ်သွားခဲ့ရပေသည်[illegible]

(ခ) ပြောင်းလွယ်ပြင်လွယ်ရှိခြင်း

ချေမှုန်းရေးတပ်ဖွဲ့ကြီး ဟာဝိုင်ယံကျွန်းသို့ ချီ[illegible] နေစဉ် အမေရိကန်နှင့် သံတမန်ရေးပြေပြစ်၍ ပြန်ခေါ်[illegible] ဖြစ်စေ၊ ရန်သူက တွေ့ရှိသွားလျှင်ဖြစ်စေ ပြန်လှည့်[illegible] စီမံခဲ့လေသည်။ ထို့ပြင် လုပ်နည်းအပိုင်း၌လည်း အ[illegible] ရလျှင်တစ်မျိုး အငိုက်မရလျှင်တစ်မျိုး ပြောင်းလွယ် [illegible]



[illegible]လွယ်ဖြစ်အောင် သတ်မှတ်ပေးလိုက်ကြောင်း တွေ့ရပေသည်။

(ဂ) လျှို့ဝှက်ရေးလွယ်ကူခြင်း

ချေမှုန်းရေးတပ်ဖွဲ့၏ ဗဟိုတိုက်ခိုက်ရေးတပ်ဖွဲ့ကြီး (Mian Body) တွင် လေယာဉ်တင်သင်္ဘော (၆)စီး ပါဝင်နေသော်ငြားလည်း တပ်ဖွဲ့ကြီးတစ်ခုလုံးတွင် ပါဝင်သော စစ်သင်္ဘောကြီးများ၊ ခရူဇာသင်္ဘောများနှင့် ဖျက်သင်္ဘောတို့ ပေါင်းစပ်ဖွဲ့စည်းထားပုံမှာ လျင်မြန်သွက်လက်စွာ လှုပ်ရှား စစ်ကစားနိုင်ရန် ရည်ရွယ်ထားကြောင်း သိနိုင်ပေသည်။ ဤအချက်ကြောင့် ခွာစစ်၌ မစ်ဒဝေးကျွန်းကို ခရီးသွားဟန်လွှဲ ဝင်ရောက်တိုက်ခိုက်ရန်ပင် စီမံချက်၌ ထည့်သွင်းခဲ့ခြင်းဖြစ်၏။

(ဃ) လုံခြုံမှုရှိခြင်း

ယ အနုတ် ၁ ရက်ကတည်းက အမှတ် (၆) ရေငုပ်သင်္ဘောတပ်ဖွဲ့ကို ကြိုတင်စေလွှတ်ထားခြင်း၊ ချီစစ်တွင် ရှေ့ပြေးရေငုပ်သင်္ဘော (၃)စီးနှင့် ရှေ့ပြေးကင်းထောက်လေယာဉ်နှစ်စင်းကို ကြိုတင်စေလွှတ်ထားခြင်း၊ သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



များ စုစည်းကတည်းက လေယာဉ်များ တိုက်ခိုက်ချိန်အ ရေဒီယိုဆက်သွယ်ရေးကို လုံးဝထိန်းချုပ်ထားခြင်း၊ တိုက် ခိုက်နေစဉ် လေယာဉ် (၃၉) စီးကို ဗဟိုတပ်ဖွဲ့တွင် လုံခြုံ ရေးနှင့် အရန်အဖြစ် ချန်ထားခဲ့ခြင်းတို့သည် လုံခြုံ အတွက် အရေးယူဆောင်ရွက်ချက်များဖြစ်သည်။

**(ဂ) သတင်းစုံစွာ ရယူခြင်း**

တစ်နှစ်ကျော်ခန့်ကတည်းကပင် ရေတပ်အရာ ဟောင်းတစ်ဦးကို ဟိုနိုလူလူသို့ စေလွှတ်ပြီး ဒုကောင် စစ်ဝန်အသွင်ယူ လျှပ်ရှားစေလျက် ရန်သူ့သတင်း အချက် အလက်များကို စေ့စုံစွာယူခဲ့သည်မှာ အထင်အရှားပင် ဖြစ်သည်။

**(ဃ) အဝိုက်ပမ်းနိုင်ခြင်း**

ရာသီဥတု ဆိုးဝါးပြင်းထန်လှ၍ ကုန်သွယ်ရေ ကြောင်းလမ်းအဖြစ် မသုံးသော မိုင်(၃၀၀၀)ကျော် ရှည် လျားသည့်ခရီးကို အသုံးပြုလိုက်ခြင်းသည် ရန်သူ လုံးဝ မမျှော်မှန်းသော ပထဝီအဝိုက်ရယူလိုက်ခြင်းပင် ဖြစ်သည်။





ပဲဆိပ်ကမ်းတိုက်ပွဲကာလက ဟိုနိုလူလူ ဒုကောင်စစ်ဝန် တာဝန်ယူခဲ့သည့် တာကီအိုယိုရှီကာဝါ(သူလျှိုလုပ်၍ သတင်းအချက်အလက်များ တိုကျိုသို့ တိုက်ပွဲဖြစ်ခါနီးအထိ အဆက်မပြတ် ပေးပို့ခဲ့သည်)။

www.burmeseclassic.com



ပုလဲဆိပ်ကမ်းတိုက်ပွဲကာလက ဟိုနိုလူလူ ကောင်စစ်ဝန် တာဝန်ယူခဲ့သည့် …ါ်အိုကီတာ (သူသည်သူလျှိုတာကီအိုယိုရှိကာဝါ အမေရိကန်တို့၏လက်မှ လွတ်မြောက်အောင်ဆောင်ရွက်ပေးခဲ့သည်)။

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုဆိုးဝါးချိန်နှင့် အမေရိကန်တို့ အနား ယူသော တနင်္ဂနွေနေ့ နံနက်စောစောတွင် ဝင်ရောက် တိုက်ခိုက်ခြင်းမှာ အချိန်အငိုက်ရယူခြင်း ဖြစ်သည်။

ရန်သူအနားယူ ပေါ့ဆနေချိန်တွင် အံကိုက်ဝင် တိုက်ခြင်းမှာ လူအငိုက်ရယူခြင်း ဖြစ်သည်။

**(ခ) တိုက်စစ်ဆင်နွှဲနိုင်စွမ်းရှိခြင်း**

သာမန်အားဖြင့် ဂျပန်လေယာဉ်တင် သင်္ဘောကြီး တစ်စီးတွင် တိုက်လေယာဉ်၊ တိုပီဒိုလေယာဉ်၊ ဗုံးကြဲ လေယာဉ် စုစုပေါင်း အစင်း(၆၃)စီး၊ အပေါ့စားလေယာဉ် တင် သင်္ဘောတစ်စီးတွင် စုစုပေါင်း (၂၄)စီး သယ်ဆောင် သည်။ ဤအထူးအဖွဲ့တွင် သာမန်ထက်ပို၍ တင်ဆောင် ထားသည်။ ထိုသို့ ပိုမိုတင်ဆောင်သဖြင့် လေယာဉ် အရေအတွက် ပိုမိုများပြားလာကာ လေကြောင်းစစ်ဆင်ရေး တိုက်စွမ်းအား ပိုမိုကောင်းမွန်လာသည်။

တစ်ဖန် ရေပေါ်တိုက်ခိုက်ရေးအတွက်လည်း စစ်သင်္ဘောကြီးနှစ်စီး၊ ခရူဇာ စစ်သင်္ဘောနှစ်စီး၊ အပေါ့ စား ခရူဇာတစ်စီးနှင့် ဖျက်သင်္ဘော(၁၆)စီးတို့မှာ အရေ



www.burmeseclassic.com

www.burmeseclassic.com



အတွက်အရရော၊ လက်နက်အမျိုးအစားအရပါ အဆ
ဖက်မှ ပြည့်စုံနေသည်။ ထို့ပြင် ရေအောက် တိုက်ခို
ရေးအတွက် ရေငုပ်သင်္ဘောတပ်ဖွဲ့တစ်ဖွဲ့ကိုပါ ဖွဲ့စည်းထေ
လေရာ ဝေဟင်၊ ရေပြင်၊ ရေပေါ်၊ ရေအောက် သုံးဖ
သုံးတန် တိုက်စစ်ဆင်နိုင်စွမ်းအား အပြည့်အဝ ရှိ
ပေသည်။

## (ဈ) စိတ်ဓာတ်ကြံ့ခိုင်ခြင်း

သင်္ဘောသားများ၊ လေသူရဲများသည် အဖ
ဖက်မှ ပြည့်ဝသော လေ့ကျင့်မှုကို လုံလောက်သော အချိ
ယူ၍ အသားကျအောင် လေ့ကျင့်ခဲ့ပြီးသောကြော
လည်းကောင်း၊ ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ မိန့်ခွန်းကြော
လည်းကောင်း၊ တရုတ်-ရုရှစစ်မြေများတွင် အတွေ့အကြ
များ ရှိခဲ့ကြသူများဖြစ်သောကြောင့်လည်းကောင်း စိတ်ဓာ
ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်းကို ဒီစစ်တစ်လျှောက်
ကြုံတွေ့ရသည့် တိုက်ပွဲအတွက် ပြင်ဆင်လိုက်ပါလာ
များအရ သိသာထင်ရှားပေသည်။



## (ဈ) အင်အားကို စုစည်းအသုံးပြုခြင်း

ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် တစ်ပြိုင်တည်းလိုလိုပင် တောက်ဖက်အပိုင်းတွင် ဖိလစ်ပိုင်၊ စင်္ကာပူ စသည့် စစ်မျက်နှာများကို ဖွင့်လှစ်ရဦးမည်ဖြစ်ရာ ထိုစစ်ဆင်ရေးများအတွက်ပါ အင်အားချန်လှပ်၍ ပုလဲဆိပ်ကမ်းအတွက် လိုအပ်သည့် အတိုင်းအတာအထိသာ အင်အားဖွဲ့စည်းအသုံးချခဲ့သည်ကို တွေ့ရပေသည်။

## (ည) ပေါင်းစပ်ညှိနှိုင်းခြင်း

ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ လက်အောက်တွင် ပထမလေတပ်တော်အမှတ်(၃) စစ်သင်္ဘောကြီးအုပ်စု၊ အမှတ်(၈) ခရူဇာအုပ်စု၊ အမှတ်(၁) ဖျက်သင်္ဘောအုပ်စု၊ ဖြည့်တင်းရေးသင်္ဘောအုပ်စု၊ အမှတ်(၆) ရေငုပ်သင်္ဘောတပ်ဖွဲ့တို့သည် အလွန်ကောင်းမွန်သည့် ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မိုင် (၃၀၀၀)ကျော် ခရီးကြမ်းကို အောင်မြင်စွာ သွားရောက်စစ်ဆင်နိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**(၄) ခုပ်ချုပ်ရေးထောက်ပံ့မှုကောင်းခြင်း**

ချေမှုန်းရေးတပ်ဖွဲ့တွင် ထောက်ပံ့ရေးသင်္ဘောများ လောင်စာဆီတင်ဖြည့်တင်းရေး သင်္ဘောများ ဖွဲ့စည်းပါရှိလေသည်။ ထို့ပြင် ထိရောက်စွာ ထောက်ပံ့နိုင်ရေးအတွက် ကြိုတင်လေ့ကျင့်မှုများလည်း လုပ်ခဲ့သည်။

ဤသည်မှာ ဂျပန်တို့ တိုက်ပွဲအောင်မြင်ခဲ့ရသည့် အကြောင်းအချက်များပါတည်း။

❖

**အမေရိကန်တို့အပေါ် သုံးသပ်ချက်**

ဤတိုက်ပွဲကြီး၌ အမေရိကန်တို့သည် လုံးဝဥဿုံ အရေးနိမ့်ကာ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရ၏။ ကြည်း၊ ရေ၊ လေ စစ်သည်ပေါင်း (၂၄၀၃)ယောက် သေ၍ (၁၁၇၈)ယောက် ဒဏ်ရာရပြီ။ (၆၉၀)ယောက် ပျောက်ဆုံးကာ လေယာဉ်ပေါင်း (၂၁၈)စင်း ဆုံးရှုံးကာ စစ်သင်္ဘောကြီး (၁၄)စင်း ပျက်စီးခဲ့ရလေသည်။ ထို အောင်မြင်မှုများကို ဂျပန်တို့သာသိလျှင် ဟာဝိုင်ယံကျွန်းများကို တစ်ခါတည်း ဝင်ရောက်သိမ်းကြပေမည်။ အမေရိကန်တို့က ထိန်ဝှက်





ထားခဲ့သဖြင့်သာ ဂျပန်တို့ လက်နှေးခဲ့ခြင်း ဖြစ်၏။ ဤမျှ ဆုံးရှုံးခဲ့ရခြင်းနှင့် ပတ်သက်၍ အမေရိကန်တို့ အားနည်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**(က) ကြိုတင် သတင်းများကို အလေးအနက် မထားခြင်း။**

နိုဝင်ဘာလလယ်တွင် တိုကျိုက ပင်လယ်ရပ်ခြားရှိ ၎င်း၏ သံရုံးမှ ကောင်စစ်ဝန်ရုံးများသို့ ပေးပို့သော အောက်ပါ "စကားဝှက်"များကို အမေရိကန်တို့ ဖမ်းယူရရှိခဲ့သည်။

"ပဋိပက္ခ အဆိုးဆုံးအခြေအနေဆိုက်ရောက်က နေ့စဉ်ထုတ်လွှင့်သော တိုကျိုရေဒီယို၏ မိုးလေဝသ ထုတ်ပြန်ချက်အဆုံးတွင် အောက်ပါတို့ကို တစ်ဆက်တည်း ထုတ်လွှင့်ပေးမည်"

- အရှေ့လေ မိုးရွာသည် (East Wind Rain) အမေရိကန်နှင့် စစ်ဖြစ်ပြီ။
- မြောက်လေ တိမ်ထူသည်၊ (North Wind Cloudy) ရုရှားနှင့် စစ်ဖြစ်ပြီ။
- အနောက်လေ ကင်းရှင်းသည်။ (West Wind



www.burmeseclassic.com

www.burmeseclassic.com



Clear) ပြတိန်နှင့် စစ်ဖြစ်ပြီ။

- နှစ်ကြိမ်ထပ်ပြောက ဝှက်စာများနှင့် စကားဝှက်များကို မီးရှို့ပစ်ပါ

ဟူ၍ ဖြစ်သည်။

ဤကြားဖြတ်စကားဝှက်များမှာ အလွန်အရေးကြီးလှ၏။ စစ်ဖြစ်ရန် လက်တစ်ကမ်းမျှသာ လိုတော့ကြောင်း အလွယ်တကူ ခန့်မှန်းနိုင်ပေသည်။ စစ်နှင့်ပတ်သက်သည့် သတင်းမှန်သမျှ အထူးဂရုစိုက်ကြရန်သာ ဖြစ်သည်။

ဒီဇင်ဘာလ ၇ ရက်နေ့ နံနက် ၀၈း၀၀ နာရီတွင် အရှေ့လေမိုးရွာပြီဖြစ်ကြောင်း နှစ်ကြိမ် ထပ်ပြောသော အသံလွှင့်ချက်ကို ဟိုနိုလူလူရှိ ကောင်စစ်ဝန် နာဂါအိုကီတာ ကြားသောအခါ လျှို့ဝှက်ညွှန်ကြားချက် စာရွက်စာတမ်း အားလုံးကို အချိန်မီ ဖျက်ဆီးလိုက်နိုင်သဖြင့် သက်သေအထောက်အထား ကင်းမဲ့သွားပြီး သူလျှို ယိုရှိကာဝါမှာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့ရလေသည်။

ဒီဇင်ဘာ(၄)ရက်နေ့ ညသန်းခေါင်ယံတွင် အမေရိကန် ရေတပ်ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးဌာနမှ တာဝန်ကျအရာရှိ Ralph Briggs သည် ''ဟီဂါရှိနိုကာ





ဇမီ'' Higashino Kazeame (East Wind Rain) အရှေ့လေမိုးရွာပြီဟူသော ဂျပန်တို့၏ အသံလွှင့်ချက်ကို ဖမ်းယူရရှိခဲ့ပြီး အထက်သို့ တင်ပြနိုင်ခဲ့၏။ နောက်နေ့ ကြားဖြတ်ဖမ်းယူမှု ကောင်းမွန်ကြောင်း ချီးကျူးမှု လက်ခံရရှိသည်သာ တစ်ပါး တာဝန်ရှိသူများမှ ထိရောက်သော အရေးယူဆောင်ရွက်မှု မရှိခဲ့ပေ။

ဒီဇင်ဘာ ၆ ရက်နေ့တွင် ဂျပန်သယ်ယူပို့ဆောင်ရေး သင်္ဘောတပ်ဖွဲ့များသည် ကရာကျွန်းဆွယ် Kra Peninsular ဘက်သို့ ဦးတည်ရွေ့လျားနေသော ထောက်လှမ်းရေး အစီရင်ခံစာကို အမေရိကန်တို့ ရရှိခဲ့လေသည်။

အလားတူပင် ဒီဇင်ဘာ ၇ ရက်နေ့ ၀၆း၃၀ နာရီတွင် ကင်းလှည့်နေသော ရေယာဉ်ပျံ Sea Plane တစ်စီးနှင့် စစ်သင်္ဘော USS Ward တို့သည် ရေပေါ်တွင် ရွေ့လျားနေသော ဂျပန်ရေငုပ်သင်္ဘောတစ်စီးမှ ပယ်ရီကုတ်တံလေးတစ်ခုကို တွေ့မြင်သဖြင့် တိုက်ခိုက်နစ်မြှုပ်ကြ၏။ ပုလဲဆိပ်ကမ်း အပြင်ဘက်တွင် ရန်သူရေငုပ်သင်္ဘောတစ်စီးကို တွေ့ရှိနှစ်မြှုပ်လိုက်ကြောင်း ရေယာဉ်ပျံမှ Sea Plane လေယာဉ်မှူး ဝီလျံတန်နာက စကား



www.burmeseclassic.com

www.burmeseclassic.com



ဝှက်နှင့် သတင်းပို့ခဲ့သည်။ ဤကိစ္စကို အထက်မှာ ဘာ
အလေးအနက်မထားခဲ့။

နောက်ဆုံးအခွင့်အရေးကို ရေဒုပ်သဘော်အာ
တိုက်ခိုက်ပြီး နာရီဝက်အကြာတွင် ထပ်မံရရှိခဲ့သည်
ဟာဝိုင်ယံကျွန်း၏ မြောက်ဘက်စွန်းအိုပင်နာ Opa
အရပ်ရှိ ကြည်းတပ် ရေဒါစခန်းမှ Joseph Lockard
ဖက်လော့ကဒ်နှင့် တပ်သားဂျော့အိလီယော့ George Elli
တို့သည် မနက် ၀၇း၀၀ နာရီကျော်ကျော်တွင် ရော
အမည်းစက်ကြီးတစ်ခုကို ရေဒါဖန်သားပြင်၌ တွေ့
ခဲ့ကြသည်။ အစ၌ ရေဒါပျက်ပြီဟု ထင်ခဲ့ကြ၏။ နော
တော့မှ လေယာဉ်အုပ်တစ်ခု မြောက်ဘက် ၁၃၇
အကွာမှ ပျံသန်းလာနေခြင်းဖြစ်ကြောင်းသိရှိကာ အထ
သို့ သတင်းပို့ခဲ့ကြသည်။ သို့သော် ဗဟိုဆက်သွယ်ရေ
ခန်းမတွင် သတင်းလက်ခံမည့်သူ မရှိချေ။ မိနစ်အနည်
ငယ်ကြာမှ တာဝန်ကျအရာရှိဗိုလ်ကားမစ်တိုင်လာ Lt
Kermit Tyler ရောက်လာပြီး၊ မစိုးရိမ်ကြရန် ပြောသည်
အထက်သို့ တင်ပြခြင်း မရှိခဲ့။

ဗိုလ် ကားမစ်တိုင်လာအနေနှင့် အမေရိက





ပုလဲဆိပ်ကမ်းတိုက်ပွဲ ကာလက ဟာဝိုင်ယံကျွန်း စစ်ဒေသတာဝန်ခံ
အမေရိကန်ဗိုလ်ချုပ်ကြီး ဝေါလတာရှော့

www.burmeseclassic.com



အနောက်ဘက်ကမ်းခြေရှိ ဟာမစ်တန်လေယာဉ်ကွင်း Hamiton Air Field မှ ပျံသန်းလာသည့် B-17 ဗုံးကြဲလေယာဉ်များ ထင်မှတ်ခဲ့ကြောင်း ပြောဆိုခဲ့သည်။ အကယ်၍ အဆင့်အားလုံးက တိကျမှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်ခဲ့ပါလျှင် မိနစ် ၅၀ ခန့် အချိန်ရပေသေးရာ ထိုးစစ်အတိုက်ခံရဖွယ် မရှိပါချေ။

**(ခ) သတိပေးအမိန့်နောက်ကျခြင်း**

ဒီဇင်ဘာလ ၇ ရက် မနက် ၀၈း၃၀ နာရီ၊ ရန်သူအတိုက်ခံနေရဆဲတွင် ဟာဝိုင်ယီရှိ အမေရိကန်တပ်ဖွဲ့များ၏ စစ်ဌာနချုပ်သို့ ဝါရှင်တန်ရှိ စစ်ဦးချုပ်ရုံးချုပ်ကြီး မာရှယ်ထံမှ အောက်ပါအတိုင်း ကြေးနန်းရောက်လာသည်။

"ဂျပန်တို့အနေနှင့် ပုလဲဆိပ်ကမ်းကို ဒီဇင်ဘာ ၇ ရက်၊ ယနေ့ နံနက်ပိုင်းတွင် ဝင်ရောက် တိုက်ခိုက်နိုင်ဖွယ်ရှိ၊ မိမိလက်အောက်ရှိ တပ်ဖွဲ့များကို ကြိုတင်သတိပေး၍ လိုအပ်သည်များ ပြင်ဆင်ထားရန်"

ထိုကြေးနန်းရောက်ရှိလာခဲ့သော်လည်း ဗုံး



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းကား မီးဟုန်းဟုန်းတောက်နေပြီဖြစ်၍ အလ
ကောင်းသော်လည်း အခါနှောင်းခဲ့ချေပြီ။

(ဂ) ဗိုလ်ချုပ်ကြီး ရှော့၏ မှားယွင်းသော သုံးသပ်ချက်

ဗိုလ်ချုပ်ကြီး ဝေါလ်တာရှော့ General Walter Short သည် ဟာဝိုင်ယံစစ်ဒေသတစ်ခုလုံး၏ အာဏာပိုင် တပ်မှူးကြီးဖြစ်သည်။ ဗိုလ်ချုပ်ကြီးသည် ဟာဝိုင်ယံကျွန်းကို ဂျပန်နိုင်ငံက လာရောက်တိုက်ခိုက်နိုင်သည်ဆိုသော အချက်ကို လက်မခံသူ ဖြစ်သည်။

ဗိုလ်ချုပ်ကြီးရှော့တို့ ဇနီးမောင်နှံနှင့် သူ၏ ထောက်လှမ်းရေးအရာရှိ ဒုဗိုလ်မှူးကြီး ဖိလ်ဒါတို့ ဇနီးမောင်နှံ အရာရှိကလပ်မှ အပြန်တစ်ညတွင် ရောင်စုံမီးများဖြင့် ဝင်းလက်တောက်ပနေသော ပုလဲဆိပ်ကမ်း၏ အလှကို ကြည့်ပြီး . . .

"ကြည့်ရတာ မလှဘူးလားဟင်။ ဒီလိုနေရာမျိုးကို ဂျပန်တွေက အရေးကြီးပစ်မှတ်အနေနဲ့ ရွေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဟု ဗိုလ်ချုပ်ကြီးက အမှတ်မထင် ပြောခဲ့သည်။





ထိုနေ့ ညနေပိုင်းကပင် ဗိုလ်ချုပ်ကြီးရှော့နှင့် ဒုဗိုလ်မှူးကြီး ဖိလ်ဒါတို့ အရာရှိကလပ်ပါတီပွဲ မသွားခင်ကလေးတွင် တန်ပြန်ထောက်လှမ်းရေးအရာရှိ ဒုဗိုလ်မှူးကြီး ဘစ်ခနဲ့လ်က မယုံသင်္ကာဖွယ် တယ်လီဖုန်း ကြားဖြတ်သတင်းတစ်ခုကို တင်ပြသည်။

ယင်းသတင်းမှာ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယိုမိယူရီရှင်ဘွန်း သတင်းစာတိုက်မှ တစ်စုံတစ်ဦးက ဟိုနိုလူလူမြို့မှာ မိုတိုကာဇုအမည်ရှိ ဂျပန်ဆရာဝန်တစ်ယောက်အား ပြောကြားခဲ့သည့် စကားများပင် ဖြစ်သည်။ အဆိုပါဆရာဝန်ဒေါက်တာ၏ ဇနီးမှာ ၎င်းသတင်းစာ၏ အမျိုးသမီးသတင်းထောက်ပင်။

တိုကျိုမြို့မှ တယ်လီဖုန်းဆက်သူသည် အရပ်ရပ်အခြေအနေနှင့် အထွေထွေသတင်းများကို ဦးစွာမေးမြန်းသည်။ ထို့နောက် လေယာဉ်ပျံတွေအကြောင်း၊ လေကြောင်းကာကွယ်သည့် ဆလိုက်မီးများအကြောင်း၊ ရာသီဥတုအခြေအနေနှင့် ၎င်းနေရာတစ်ဝိုက်ရှိ သင်္ဘောများ၏ အခြေအနေအတွက် စသည်တို့အပြင် မဆီမဆိုင် ပန်းများအကြောင်းကိုလည်း လှမ်းမေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမေးမြန်းချက်ဖြစ်သော ပန်းများနှင့် ပတ်သက်၍ ဒေါက်တာမိုတိုကာဇူက . . .

"လောလောဆယ်ပွင့်တဲ့ ပန်းတွေက ဒီနှစ်ထဲ အနည်းဆုံးပဲ။ ဒါပေမဲ့ ခေါင်ရမ်းနဲ့ ခတ္တာပန်းတွေကတော့ ပွင့်စပြုနေပါပြီ"

ဟု ပြန်ပြောခဲ့သည်ကို တွေ့ရ၏။

ဘာကြောင့်များ ပစိဖိတ်သမုဒ္ဒရာ ဟိုဘက် ဒီဘက်သို့ လှမ်း၍ ဖုန်းပြောခ အမြောက်အမြားအကုန်ခံ ကာ ပန်းများအကြောင်းကို ရေးကြီးခွင်ကျယ်လုပ် မေး နေရပါသလဲ။ စကားဝှက်အဖြစ် သုံးသည်ဆိုပါကလည်း လေယာဉ်ပျံများ၊ မီးမောင်းများကိုမှ ဘာကြောင့် ရိုးရိုး စကားနှင့် ပြောခဲ့ကြပါသနည်း။

သူလျှိုများသည် အရေးကြီးသည့်ကိစ္စကို ဖုန်းနှင့် ပြောပါမည်လော။ ဤကိစ္စသည် ဝါရှင်တန်မှ သတင်း ပေးချက်နှင့် ဆက်စပ်နိုင်ပါသလော။ နောက်ဆုံးတွင် ပိုလ်ချုပ်ကြီးရှော့က ဒုတိယဗိုလ်မှူးကြီး ဘစ်ကနဲလ်အား ထောက်လှမ်းရေးစိတ်ဓာတ်လွန်ကဲ၍ အတွေးခေါင်နေ သည်ဟု ယဉ်ကျေးသိမ်မွေ့စွာ ကောက်ချက်ချလိုက်ခြင်းဖြင့်





အဲ့တလောကိစ္စ ပြတ်သွားရလေတော့သည်။

ဝါရှင်တန်က ဗိုလ်ချုပ်ကြီးရှော့ကို အထိုက် အလျောက် သတိပေးခဲ့ပါသည်။ သို့သော် ဗိုလ်ချုပ်ကြီးရှော့ သည် ရန်သူ၏ ရေကြောင်းလေကြောင်း တိုက်ခိုက်မှုထက် ဟာဝိုင်ယီကျွန်းရှိ ဂျပန်အမေရိကန်များ၏ အဖျက် အမှောက်လုပ်ငန်းများကိုသာ အလေးကဲစဉ်းစားခဲ့လေ သည်။ ထို့ကြောင့် ပဉ္စမံတပ်သားများ၏ ဖောက်ခွဲဖျက်ဆီးမှု ကင်းဝေးအောင် ကျွန်းပေါ်ရှိ လေယာဉ်တိုင်းကို ဖြန့်ချ ထားဘဲ တစ်နေရာတည်းတွင် အတောင်ချင်း ထိလုမျှ စေပ်ထားကာ အစောင့်ချထားခဲ့သည်။ စစ်ရေယာဉ် တို့လည်း ဤနည်းပင် စုထား၏။

ဤနည်းအားဖြင့် ဂျပန်လေသူရဲများအတွက် ပစ်မှတ်များကို စုစည်းပေးထားရာ ရောက်သွားပြီး အချိန် အတွင်း အလွယ်တကူ ဖျက်ဆီးခံရလေသည်။

## ခ) ကွပ်ကဲမှု အားနည်းခြင်း

ပုလဲဆိပ်ကမ်းရေတပ်၏ ကာကွယ်ရေးကို ရေ ကြောင်းဗိုလ်ချုပ်ကြီး ကင်းမဲလ်၏ လက်အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



မထားဘဲ ကြည်းတပ်နှင့် အမှတ်(၁၄)စစ်နယ်မြေအော
ပေးထားခဲ့၏။ လေကြောင်းရန် ကာကွယ်ရေးကွပ်ကဲ
တိတိကျကျ တာဝန်ပေးထားသည်ကို မတွေ့ရပေ။
ဤတပ်များသည် အလုပ်သဘောအရ ဗိုလ်ချုပ်ကြီး
ကင်းမဲလ်၏ လက်အောက်တွင် ရှိနေကြသည်မှန်
လည်း လက်တွေ့အားဖြင့် ဗိုလ်ချုပ်ကြီး ကလေး
အုပ်ချုပ်ရသည် ဒေသဆိုင်ရာကာကွယ်ရေး အစီအစဉ်
အလွန် အလုပ်သဘောဆန်လှပေသည်။

(ဃ) ခဲယမ်းများ အသိမ်းလွန်နေခြင်း

အမေရိကန်တို့သည် ခဲယမ်းများကို တင်းကျပ်
ထိန်းသိမ်းထားရှိခဲ့၏။ ထို့ကြောင့် ဂျပန်လေယာဉ်
လာရောက်တိုက်ခိုက်ချိန်၌ သင်္ဘောများ၏ အမြောက်
ခုခံပစ်ခတ်မှုနှင့် ကြည်းတပ်အမြောက်စခန်းများမှ
ပြန်ပြစ်ခတ်မှု ရှိသင့်သည်ထက် များစွာလျော့နည်း
လေသည်။

များသောအားဖြင့် ခဲယမ်းများကို ထုတ်
မထားသောကြောင့် တိုက်ခိုက်ခံရမှသာ ခဲယမ်းစတိုမှ





ယူဖြန့်ဝေရလေသည်။ သာဓကအားဖြင့် တိုက်သင်္ဘော
တမ်းပေါ်တွင် အမြောက်ဆံထားသည့် အခန်းတံခါးကို
ဒိုက်ချိုး ဖွင့်လှစ်ရသည်။ နယူအော်လိန်းသင်္ဘောပေါ်တွင်မူ
ခဲယမ်းမီးကျောက်များ ထည့်ထားသည့် သေတ္တာသော့များ
ကို ပုဆိန်များနှင့်ပေါက်၍ ဖျက်ဆီးဖွင့်လှစ်ရ၏။

ပင်ဆယ်လ်ဗေးနီးယား သင်္ဘောတွင်မူ လက်နက်
တိုက်မှ သော့ခလောက်ကို ရောမတူကြီးတစ်လက်နှင့်
ထုရိုက်ဖွင့်ရသည်။ မိုနာဂမ်သင်္ဘောတွင်လည်း အမြောက်ဆံ
ထားရာ အခန်းကို လွှဖြင့် တိုက်ဖွင့်ရလေသည်။

ထိုသို့ ဆောင်ရွက်ရခြင်းကြောင့် အချိန်ကြန့်ကြာပြီး
လိုအပ်သည်ထက် ပိုမိုဆုံးရှုံးနစ်နာခဲ့ရလေသည်။

❖

**အမေရိကန်တို့၏ တိုက်ပွဲအတွင်း ဆောင်ရွက်နိုင်မှုများ**

အမေရိကန်တို့သည် ပုလဲဆိပ်ကမ်းတိုက်ပွဲ၌
အလစ်အငိုက်ခံလိုက်ရသော်လည်း သတိဝင်လာသည်နှင့်
ရရာလက်နက်စွဲကိုင်၍ ဂျပန်တို့အား ရဲဝံ့စွာ ခုခံ
ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် ကာလီဖိုးနီးယားသင်္ဘောမှ ရေဒီယို အရာရှိချုပ်သောမတ်စ်သည် မီးလောင်နေသော အခန်း လမ်းကြားကလေးမှနေ၍ အမြောက်ကျည်ဆံများ သယ် ပေးရင်း အသက်စွန့်လွှတ်သွားခဲ့လေသည်။ မေရီလင်း သင်္ဘောမှ စားပွဲထိုးသင်္ဘောသား အာဗဲလ်ကန်သည် အမြောက်ပြောင်းထဲသို့ အမြောက်ဆံ သွင်းပေးထားသည့် တာဝန်ကို အပြင်းအထန် ဆောင်ရွက်ပေးသည်။ အခြား စားပွဲထိုးတစ်ယောက်ဖြစ်သော မစ်လာသည် တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ မကိုင်ဖူးသော စက်သေနတ် တစ်လက် ဖြင့် ဂျပန်လေယာဉ်များကို အစွမ်းကုန် ခုခံပစ်ခတ်ခဲ့သည်။

ကုန်းပေါ်တွင်လည်း တပ်တွင်းအချုပ်ကျနေသော ရဲဘော်များ၏ အချုပ်ခန်းတံခါးကို ဖွင့်ပေးလိုက်သောအခါ ထိုစစ်သည်များသည် ရရာလက်နက်များကို ကိုင်စွဲပြီး ဂျပန်လေယာဉ်များကို စွန့်စွန့်စားစား ခုခံတိုက်ခိုက်ကြ၏။ သူတို့သည် ချက်ချင်းပင် သူရဲကောင်းများ ဖြစ်သွားကြလေ တော့သည်။

မြို့ထဲရောက်နေကြသော အရာရှိနှင့် သင်္ဘော သားများသည် အတိုက်ခံရသည်နှင့် ရောက်သည့်နေရာ





သို့ အမြန်ပြန်လာခဲ့ကြသည်။ လေသူရဲအချို့သည်လည်း ထိမှန်သေးသော လေယာဉ်များကို ရန်သူ့ကျည်ဆံများ သီးမိုးပေါက်ပမာ ကျဆင်းနေသည့်ကြားမှ ကောင်းကင်သို့ ပြန်ဖြစ်အောင် ပျံတက်ပြီး စီးချင်းထိုး တိုက်ပွဲဆင်နွှဲ၍ ဂျပန်လေယာဉ်အချို့ကို ပစ်ချနိုင်ခဲ့လေသည်။

ဤသာဓကများက အမေရိကန်တို့၏ စိတ်ဓာတ် ကောင်းမွန်မှုကို ပြသနေပေသည်။

❖

နိဂုံးချုပ်ဖော်ချက်

ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ နောက်ဆက်တွဲ အကျိုး သက်ရောက်မှုများသည် ယခုထက်တိုင် နယ်ပယ်အသီးသီး တွင် ရိုက်ခတ်လျက် ရှိနေပေသေးသည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးသည့်နောက် ဂျပန်နိုင်ငံ၏ စစ်ရေး တည်ဆောက်မှု ကို အမေရိကန်တို့က ကန့်သတ်ခဲ့သည်။

အမေရိကန်တို့သည် ဂျပန်တို့အား ကာကွယ် ရေးတပ်သာ ဖွဲ့စည်းခွင့်ပေးခဲ့သည်။ နိုင်ငံ၏ဘဏ္ဍာရေးကို စီးပွားရေးတွင် ဇောက်ချလုပ်ရန်ဖြစ်လာခဲ့သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် အတတ်ပညာသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့၏။ အမေရိကန်တို့ စီးပွားရေးပြိုင်ဘက်ပင် ဖြစ်လာခဲ့သည်။ စီးပွားရေး မျက်နှာတွင် ရန်သူတော်နှစ်ဦး ပြန်လည်ထိပ်တိုက် တွေ့ ကြခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ စီးပွား လောကကြီးကို လွှမ်းမိုးတော့မည်လားဟုပင် စိုးရိမ်မ ရှိခဲ့ကြသည်။ ဤသို့ နိုင်ငံနှစ်ခုကြား စီးပွားရေးပြိုင်ဘ ဖြစ်လာခြင်းမှာ ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ အကျိုးဆက် အများက ဝေဖန်ကြလေသည်။

၁၉၈၉ ခုနှစ်တွင် ဂျပန်ဆိုနီကော်ပိုရေးရှင်း SO CORPORATION က ကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီကိုလည် ကောင်း၊ မက်စုရှိတ လျှပ်စစ်ကုမ္ပဏီက အမ်စီအေ M သတင်းဖြန့်ချိရေးနှင့် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီကိုလည် ကောင်း ဝယ်ယူလိုက်ကြလေသည်။ အမေရိကန်တို့အ သိက္ခာကျစရာ ဖြစ်ခဲ့လေသည်။

ဂျပန်တွေ စီးပွားသိပ်ဖြစ်နေပြီ။ ထို့ကြောင့် အမေ ကန် စီးပွားရေးတစ်ခုလုံးကို ဂျပန်တွေ ဝါးမျိုတော့





လားဟု စိုးရိမ်ပူပန်ကြလေသည်။ လက်တွေ့တွင် ရုပ်ရှင် လုပ်ငန်းများသည် စရိတ်စက ထောင်းပြီး မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ဂျပန်တွေ ဘာလုပ်လို့လုပ်ရမှန်းမသိ။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အရှုံးတွေပေါ်လာတော့ သည်။

ထိုအခါ အမေရိကန်ဟောလိဝုဒ် ရုပ်ရှင်လောက သားများက ...

"ဒါဟာ ကျုပ်တို့က ပုလဲဆိပ်ကမ်းအတွက် ဂျပန် ကို လက်စားချေလိုက်တာပဲ"

ဟု မြိန်ရေရှက်ရေ ပြောခဲ့ကြသည်။

ဂျပန်တို့ဘက်ကမူ ဟီရိုရှီးမားနှင့် နာဂါစကီ အဏုမြူဗုံးဒဏ်ခံရသူများ၏ ဆင်းရဲဒုက္ခကို အလေးအနက် ပုံဖော်ခဲ့ကြသည်။ နာမည်ကျော် ဂျပန်စာရေးဆရာ ကင်ဇာ ဘူရိုအိုအီ **Kenzaburo Oe** က အမေရိကန် ဟားဗတ် တက္ကသိုလ်တွင် ပြုလုပ်သော ဟောပြောပွဲတစ်ခု၌ ဟီရို ရှီးမားနှင့် နာဂါစကီမှ အဏုမြူဗုံးဒဏ်ခံခဲ့ရသော ဝေဒနာ ရှင်များအကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ဟောပြောခဲ့လေသည်။

ထိုအခါ ဟောပြောပွဲ တက်ရောက်လာသည့် အမေ



www.burmeseclassic.com

www.burmeseclassic.com



ရိကန် အမျိုးသမီးကြီးတစ်ဦးက ...

"ဟီရိုရှီးမားနဲ့ နာဂါစကီက အနုမြူဗုံးဒဏ်ခံရတဲ့ ဝေဒနာရှင်တွေ သိပ်သနားစရာကောင်းတာ မှန်ပါတယ်။ ပုလဲဆိပ်ကမ်းက သေသွားတဲ့လူတွေနဲ့ ဒဏ်ရာရတဲ့ လူတွေကရော သနားစရာမကောင်းဘူးလား။ ရှင် ဘယ်လိုခံစားရပါသလဲ"

"အနုမြူဗုံးကြဲလိုက်တာ ရာဇဝတ်မှုလို့ဆိုရင် ပုလဲဆိပ်ကမ်းကို အလစ်ဝင်တိုက်တာရော ရာဇဝတ်မှု မဟုတ်ဘူးလား"

ဟု သူ့ကို ရုတ်တရက် မေးလိုက်လေသည်။

ထိုအခါ ဂျပန်စာရေးဆရာ ကင်ဇာဘူရိုအိုအီက ပုလဲဆိပ်ကမ်းတိုက်ပွဲဆင်နွှဲခဲ့ခြင်းကို ရာဇဝတ်မှုတစ်ခုအဖြစ် ဘယ်တုန်းကမှ သူ့အနေနှင့် မစဉ်းစားခဲ့ဖူးကြောင်း ပြန်လည် ဖြေကြားခဲ့လေသည်။

ဤသို့လျှင် ယနေ့ ၂၁ ရာစု ရောက်သည်အထိ ပုလဲဆိပ်ကမ်းတိုက်ပွဲ ဂယက်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၌ ဂယက်ရိုက်ကောင်းတုန်းပင် ဖြစ်ပေတော့သည်။

❖





ဤစာအုပ်ငယ်၌ ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ တိုက်ပွဲကွပ်ကဲမှုကိုသာမက ဗိုလ်ချုပ်ကြီး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကိုပါ ဖော်ပြပေးခဲ့ပါသည်။ ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပုလဲဆိပ်ကမ်းတိုက်ပွဲအပြီး တစ်နှစ်ခွဲခန့် အကြာ၌ ဆော်လမွန်ကျွန်းစုတိုက်ပွဲများကို ကွပ်ကဲနေစဉ် အမေရိကန် ကြားဖြတ်တိုက်လေယာဉ်များမှ တိုက်ခိုက်ခြင်းခံရသဖြင့် ကျဆုံးသွားခဲ့ရပါသည်။ ဗိုလ်ချုပ်ကြီး ကျဆုံးခဲ့ရသော ဖြစ်စဉ်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသဖြင့် နိဂုံးချုပ်အနေဖြင့် ဆက်လက်ဖော်ပြအပ်ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

# ယာမာမိုတိုကျဆုံးခြင်း

**ဖြစ်စဉ်အကျဉ်း**

အမေရိကန်တို့အား ဒုတိယကမ္ဘာစစ်အတွင်းသို့ ဂျပန်တို့က ဆွဲသွင်းခဲ့၏။ ဂျပန်ကျွန်းစုနှင့် မိုင် ၃၀၀၀ ကျော် ဝေးကွာသော အမေရိကန်ပစိဖိတ်ရေတပ်ကြီး၏ Naval Base ရေတပ်အခြေစိုက်စခန်း Pearl Harbour ပုလဲ ဆိပ်ကမ်းကို ဂျပန်တို့က လေယာဉ်တင်သင်္ဘောအုပ်ကြီးဖြင့် သာရောက်ပြီး ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ် အစီး



www.burmeseclassic.com

www.burmeseclassic.com



၃၆၀ အသုံးပြုကာ Sneak Attack အလစ်အငိုက် ရယူ... တိုက်ခိုက်သွားခဲ့၏။

ပုလဲဆိပ်ကမ်းတစ်ခုလုံး ရစရာမရှိလောက်အော... ထောင်းလမောင်းကျေသွား၏။ တိုက်ပွဲကာလ ၂ နာ... အတွင်း လူ ၂၀၀၀ ကျော် သေဆုံးခဲ့ရ၏။ လေယာ... အစီးပေါင်း ၂၁၈ စီး ပျက်စီးခဲ့ရ၏။ သင်္ဘောကြီးငယ် ၁... စီး ပျက်စီးခဲ့ရ၏။ အမေရိကန်တို့ အလွန်အထိနာသွားသည်...

ဒါ ဘယ်သူ့လက်ချက်လဲ၊ ဒီကိစ္စမှာ Master Bra... ဘယ်သူလဲ၊ အမေရိကန်တွေ အသည်းအသန် လိုက်... စုံစမ်းကြသည်။

တခြားသူမဟုတ်ပါ။ အမေရိကန် ဟားဗ... တက္ကသိုလ်မှာ စာတွေသင်သွားတဲ့ ဂျပန်ရေကြောင်းဗိုလ်ချု... ကြီး ယာမာမိုတိုပင်တည်း။

ဒီလောက်အဝေးကြီးကိုပင် လာလုပ်သွားသည်... ယာမာမိုတိုအား အမေရိကန်များ အထင်မသေးဝံ့တော့... အန္တရာယ်ပစ်မှတ်အဖြစ် သတ်မှတ်ထားခဲ့၏။ နေ့တိုင်... လိုလိုပင် ယာမာမိုတိုဘယ်မှာလဲ၊ ယာမာမိုတို ဘာလုပ်နေ... လဲ၊ ယာမာမိုတို ဘာလုပ်တော့မယ်ထင်သလဲ စသည်ဖြင့်...






အမေရိကန်ပစိဖိတ်ရေတပ်ဖွဲ့ကြီး၏ တပ်မှူးချုပ် ရေကြောင်းဗိုလ်ချုပ်ကြီး ဟပ်စ်ဘင်းကင်းမဲလ်နှင့် သူ၏ကွပ်ကဲမှုအောက်မှ တပ်မှူးကြီးများ (ဗိုလ်ချုပ်ကြီး ဟပ်စ်ဘင်းကင်းမဲလ်သည် ပုံတွင်ညာဘက်၌ထိုင်နေသူဖြစ်၏)

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ဗိုလ်ချုပ်ကြီး ဟစ်ဘင်း ကင်းမဲလ်နှင့် ဦးစီးအရာရှိများ



န် ဗိုလ်ချုပ်ကြီး အီဆိုရိုကု ယာမာမိုတိုနှင့် ပူးပေါင်းရေတပ်ဖွဲ့ ဦးစီးအရာရှိများ

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်စစ်ဝန်ကြီးရုံးက ယာမာမိုတိုကို မျက်စိဒေါက်ထောက်ကြည့်နေခဲ့၏။ သူ၏လှုပ်ရှားမှုတိုင်းကို မျက်ခြည်မပြတ် ထောက်လှမ်းခဲ့ကြ၏။

၁၉၄၃ ခုနှစ် ဧပြီလထဲတွင် ဆော်လမွန်ကျွန်းစုတိုက်ပွဲများကို ကွပ်ကဲနေသည့် ယာမာမိုတို၏ ရာဘောမှ ဘူဂိန်းဗီးလ်ကျွန်း ကဟီလီလေယာဉ်ကွင်းသို့ ဧပြီ ၁၈ ရက်၌ သွားရောက်မည့် ခရီးစဉ်ကြေးနန်းကို အမေရိကန်တို့က ကြားဖြတ်ဖမ်းယူ၍ ဝှက်စာကို ဖော်နိုင်ခဲ့၏။ သမ္မတကြီး ရုစဗဲ့ကိုယ်တိုင် ယာမာမိုတို၏လေယာဉ်အုပ်ကို ကြားဖြတ်တိုက်ခိုက်ရန် အမေရိကန်ရေတပ်ကို အမိန့်ပေးခဲ့လေသည်။ စစ်ဝန်ကြီးရုံးက ယာမာမိုတို၏ လေယာဉ်အုပ်အား ကြားဖြတ်တိုက်ခိုက်ရန် ဧပြီ ၁၇ ရက်နေ့၌ ဂွါဒါကင်နယ်ရှိ လေတပ်ကို အမိန့်ပေးခဲ့၏။

ဧပြီ ၁၈ ရက်နေ့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရာဘောမှ ဘူဂိန်းဗီးလ် ကဟီလီလေယာဉ်ကွင်းသို့ ရောက်လာသည့် လေယာဉ်ရှစ်စီးပါသော ယာမာမိုတို၏ လေယာဉ်အုပ်အား အမေရိကန်မှ P.38 တိုက် လေယာဉ် ၁၆ စီးက ကြားဖြတ်တိုက်ခိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအတွင်း အမေရိကန်လေသူရဲများ
လိုက်သည့် စက်သေနတ်ကျည်တစ်တောင့်က မာယာမို
၏ ဘယ်ဘက်မေးရိုးမှ ညာဘက်နားထင်သို့ ဖောက်
သွားကာ လေယာဉ်လည်း အင်ဂျင်စက်ကို ထိမှန်သ
တောတွင်း ပျက်ကျသွားခဲ့လေသည်။

ယာမာမိုတိုအား ဘူဂိန်းဗီးလ်ကျွန်း ဘူးအင်း
ရှိ ဂျပန်ကြည်းတပ်သားများနှင့် ရေတပ်သားများ ပူး
ရှာဖွေကြရာမှ တောနက်အတွင်းတွင် ရှာဖွေတွေ့ရှိ
တော့၏။

ယာမာမိုတိုသည် လေယာဉ်ပျက်အနီးတွင်
ခပ်တင်းတင်းဆုပ်ကာ သေဆုံးနေ၏။ ချက်ချင်းမသေ
လေယာဉ်ပျက်အတွင်းမှ တိုးထွက်သေဆုံးခဲ့ပုံရလေသည်
ခေါင်းတွင်ထိမှန်ထားသော ဒဏ်ရာက ချက်ချင်း သေမည်
ဆိုက သေလောက်၏။ သို့ရာတွင် ယာမာမိုတိုသည် စိတ်
ဓာတ်ကြံ့ခိုင်သော စစ်သားကြီးဖြစ်သောကြောင့် လေယာဉ်
အပြင်သို့ မရအရ ထွက်ခဲ့ပုံရလေသည်။

ယာမာမိုတိုကို ဘူးအင်းစခန်းအနီးရှိ တောင်ကုန်း
လေး၌ မီးသင်္ဂြိုဟ်ပြီး အရိုးအိုးကို တိုကျိုသို့ ပို့ပေးခဲ့





မာမိုတို၏ အသုဘကို နိုင်ငံတော်ရာပနအဖြစ် ဂုဏ်ပြု
ဂြိုဟ်သည့်အခါ လူထောင်ပေါင်းများစွာက လိုက်ပို့ကြ၏။
၄၃ ဇွန်လ ၅ ရက်နေ့၌ ယာမာမိုတိုအတွက် တိုကျိုမြို့
၌ ဆုတောင်းပွဲပြုလုပ်သည့်အခါ လူတစ်သန်းခန့် စုရုံး
ကြကာ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ဗိုလ်ချုပ်ကြီး
တွက် ဝိုင်းဝန်းဆုတောင်းပေးကြလေသည်။ ကျဆုံးသွား
၌ ယာမာမိုတိုကား အသက် ၅၉ နှစ်သာရှိပါသေးသည်။

ယာမာမိုတို၏ အရိုးပြာများကို အိုး ၂ လုံးခွဲပြီး
စ်လုံးအား နာဂါအိုကာရှိ သူ့မိသားစုခြံဝင်းအတွင်း
ပ်နှံခဲ့၏။ ကျန်တစ်အိုးကိုမူ ၁၉၀၅ ခုနှစ် ရုရှားမာ
ကြောင်းတိုက်ပွဲကြီးကို ဦးဆောင်ကွပ်ကဲခဲ့သည့် ဂျပန်
ကြောင်းဗိုလ်ချုပ်ကြီးတိုဂို၏ အုတ်ဂူဘေးတွင် ယှဉ်တွဲ
ပ်နှံခဲ့ကြလေသည်။

ဂျပန်အစိုးရက ယာမာမိုတိုကျဆုံးပြီး တစ်လကျော်
မှ တိုကျိုရေဒီယိုက သူ ကျဆုံးသွားကြောင်း တရားဝင်
ကြညာပေးခဲ့လေသည်။

အမေရိကန်တို့ကမူ တစ်စုံတစ်ရာ ဝေဖန်ပြောဆို
င်းမပြုဘဲ နှုတ်ပိတ်ရေငုံနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဂျပန်တို့ ဒုတိယကမ္ဘာစစ်အတွင်း ရောက်ပြီး တစ်နှစ်ခွဲခန့်အကြာ၌ ပုလဲဆိပ်ကမ်းကို ဦးဆော တိုက်ခိုက်ခဲ့သည့် ဂျပန်ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမို ကျဆုံးခဲ့ရပါသည်ခင်ဗျား။

ယာမာမိုတိုအား မည်သို့မည်ပုံ တိုက်ခိုက်ခဲ့ သည်ဆိုသည်ကို ထိုတိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သ အမေရိကန်လေသူရဲ လန်းဖီးယား၏ "I Shot d Yamamoto" ဟု အမည်ပေးထားသည့် စစ်မှတ်တမ်း စိတ်ဝင်စားဖွယ်ရာ တကယ့်ဖြစ်ရပ်မှန် စစ်မှတ်တမ်းဖြ သဖြင့် နောက်ဆက်တွဲအဖြစ် ဘာသာပြန်ကာ ဖော် ပေးလိုက်ပါသည် ခင်ဗျား။

❖

**ကျွန်တော်နှင့် ယာမာမိုတို**
**အာလန်တန်စစ်သင်္ချိုင်းမှပုံရိပ်တစ်ခု**

ဒီနေ့မှ အာလင်တန်စစ်သင်္ချိုင်းတစ်ဝိုက်မှာ မိုး သည်းသည်းမဲမဲ ရွာနေ၏။ မိုးစက်မိုးပေါက်များကို ဖြ သန်းတိုက်ခတ်လာသည့် လေက ချားလ်စ်၏ အခေါင်း





ထားသော အမေရိကန်နိုင်ငံအလံတော်အား တဖျပ်ဖျပ် ခတ်နေစေ၏။ ချားလ်စ်ကား ဒုတိယကမ္ဘာစစ်က ောင်ပစိဖိတ်သမုဒ္ဒရာတွင် တိုက်လေယာဉ်ပျံမောင်းရင်း သူ အပစ်ချခံရပြီး ရန်သူ့သုံ့ပန်းဘဝနှင့် ကွယ်လွန်ခဲ့ရ သည့် ကျွန်တော့်ညီငယ်ဖြစ်၏။ သူ ကွယ်လွန်ခဲ့သည်မှာ နှစ်ကျော်ခဲ့ပြီ။ ယခုမှ သူ့ရုပ်ကလာပ်ကို အမိမြေသို့ ယူနိုင်ခဲ့၏။ ယခု အာလင်တန် စစ်သင်္ချိုင်းကြီးတွင် သည်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျွန်တော်၊ မိဘနှစ်ပါးနှင့် ည်အကြီးဖြစ်သူ ဂျင်တို့ လေးဦး မြေကျင်းဘေးတွင် ငြိမ် က်စွာ ရပ်နေကြ၏။

ကျွန်တော်သည် သရဏဂုံတင်နေသည့် ဘုန်း တော်ကြီး၏ တရားတော်ကို နာယူရင်း ကျွန်တော်တို့ ညီ စ်ကို နှစ်ယောက်၏ဘဝနှင့် ကျွန်တော်တို့ တစ်ကြိမ် စ်ခါမျှ မမြင်ဖူးသည့် ဂျပန်ရေတပ်ဗိုလ်ချုပ်ကြီး အီဆို ကုယာမာမိုတို၏ဘဝတို့သည် ရှေးရေစက်ကြောင့် ဝေးလံ ခေါင်လှသည့် ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဆော်လမွန် န်းစုမှ ကျွန်းတစ်ကျွန်းတွင် တိုက်တိုက်ဆိုင်ဆိုင် ဆုံမိ ပုံကို ပြန်ပြောင်းတွေးတောနေမိလေသည်။

www.burmeseclassic.com



လေသူရဲညီအစ်ကိုနှစ်ယောက်

ဂျပန်တို့ ပုလဲဆိပ်ကမ်းကို အလစ်ဝင်ရောက်တို နိုက်လိုက်ခြင်းဖြင့် အမေရိကန်သည် ဒုတိယကမ္ဘာစစ်ကြီး အတွင်းသို့ ရုတ်တရက် ပါဝင်လာခဲ့ရ၏။ ကျွန်တော်နှ ညီငယ်လေး ချားလ်စ်တို့သည်လည်း အမေရိကန်လေတ သို့ ချက်ချင်းဝင်ရောက်ခဲ့ကြ၏။ ဖခင်ကြီးမှာ ပထမကမ္ဘ စစ်က ကျော်ကြားသော လေသူရဲကြီးတစ်ဦးဖြစ်၏။ ဘခ ဘိုးတူဆိုသည့်စကားအတိုင်း ဖခင်ကဲ့သို့ပင် ညီအစ် နှစ်ဦးလုံး လေတပ်သို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည် ကျွန်တော်သင်တန်းဆင်းတော့ ဂွါဒါကင်နယ် ရှိ ဗီ တိုက်လေယာဉ်အုပ်တွင် အမှုထမ်းရ၏။ ညီငယ် ချား မှာမူ မရိမ်း Marine လေသူရဲသင်တန်းကျောင်းတွင် တ ရောက်သင်ကြားနေရဆဲဖြစ်၏။ ၁၉၄၃ ခုနှစ် မတ်လ တွင် ကျွန်တော်သည် လေကြောင်းတိုက်ပွဲတစ်ခုမှ ပြ လာခိုက် ဝေဟင်ထက်တွင် ကျွန်တော့်ညီငယ်၏ အသံ ရေဒီယိုထဲမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ ထိုအခါမှ ကျွန်တော်၏ညီငယ် သင်တန်းပြီးဆုံး၍ သူ့လေယာဉ် သူကိုယ်တိုင် မောင်းနှင်ပျံသန်းနေရုံမျှမက ကျွန်တော်

မြရတနာစာပေ



နေရာ ဂွါဒါကင်နယ်လ်သို့ပင် ပြောင်းရွှေ့ ရောက်ရှိလာပြီ ဖြစ်ကြောင်းကို ကျွန်တော် သိခွင့်ရလိုက်ရတော့သည်။

နောက်ရက်များတွင် ကျွန်တော်နှင့် ချားလ်စ်တို့ သူချင်းမဆုံကြသော်လည်း ဝေဟင်ယံတွင်မူ စက်ပေါ်မှ တစ်ယောက်အသံ တစ်ယောက်ကြားခွင့်ရ၍ အလွမ်းပြေ ရသေး၏။

ရက်အနည်းငယ်အကြာတွင်မူ သူ့တိုက်လေယာဉ် အုပ်နှင့် ကျွန်တော့်တိုက်လေယာဉ်အုပ်ပေါင်းပြီး ဂျပန် စီရိုးများနှင့် စီးချင်းထိုးခဲ့ကြ၏။ နောက်တစ်ကြိမ်၌မူကား သူ့လေယာဉ် ရန်သူ့ကျည်ထိမှန်ပြီး ရန်သူ့နယ်မြေထဲ လေထီး ဖြင့် ခုန်ဆင်းသွားခဲ့ရရာ ကျွန်တော်နှင့် လေယာဉ်ငါးစီးက အတင်းဝင်ရောက်ကယ်တင်ခဲ့ရ၏။ ညီအစ်ကို နှစ်ယောက် ကား ကံကြမ္မာကြောင့် မကြာခဏ ဆုံကြရသည်ဟု ဆိုနိုင်ပါ သည်။ သို့ရာတွင် ကြာကြာတော့ မဆုံလိုက်ကြရပါ။'

❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းလျှို့ဝှက်စစ်ဆင်ရေးတစ်ခု

၁၉၄၃ ခုနှစ် ဧပြီလ ၁၇ ရက်။

အမေရိကန်တို့ စစ်ပွဲဆင်နွှဲနေရသည်မှာ တစ်နှစ်ခန့်ရှိပြီ။ ဂျပန်နှင့် ကျွန်တော်တို့ အမေရိကန်များ ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်သတ်ဖြတ်နေကြရ၏။ တိုက်ပွဲများ အလွန်ပြင်းထန်နေသည့်ကာလ။

"လန်းဖီးယား ... အရေးတကြီးစစ်ဆင်ရေးကိစ္စရှိတယ်။ ခန်းမဆောင်ကို သွားကြရအောင်"

ကျွန်တော်သည် Wing Commander လေသူရဲဗိုလ်မှူး ဂျွန်မစ်ချယ်နှင့်အတူ ဟင်ဒါဆင်လေယာဉ်ကွင်းရှိ စစ်ဆင်ရေး Briefing ခန်းမဆောင်သို့ သွားခဲ့ကြ၏။ ခန်းမဆောင်ထဲတွင် ဂွါဒါကင်နယ်ကျွန်းရှိ ထိပ်တန်း လေသူရဲများ အားလုံး စုရုံးရောက်ရှိနေကြ၏။

ကျွန်တော်သည် ထိုအချိန်က အမှတ် ၃၃၉ တိုက်လေယာဉ်အုပ်၏ အုပ်မှူးဖြစ်နေပေပြီ။

ခန်းမဆောင်အတွင်း ဝင်လိုက်သည်နှင့် စစ်ဦးစီးဗိုလ်မှူးတစ်ဦးက ထိပ်တန်းလျှို့ဝှက်ကြေးနန်း တစ်စောင်ကို ပေးတော့၏။





၁၉၄၄ ခု ဖေ့ာ်ဝါရီလ ယာလတာကွန်ဖရင့်တွင်တွေ့ရသည့် ချာချီ၊ ရုစဗဲ့၊ စတာလင်



၁၉၄၁ ခု အတ္တလန်တိတ်စာချုပ်အတွက် ရုစဗဲ့နှင့် ချာချီ တို့ဆွေးနွေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ယာမာမိုတိုကို လုပ်ကြံရန် အမေရိကန်သမ္မတကြီးရုစဗဲ့
အကြံပေးခဲ့သည့် ရေကြောင်းဗိုလ်ချုပ်ကြီးနီးမစ်(ဇ်)

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှရေကြောင်းဗိုလ်ချုပ်ကြီး ဆာအင်ဒရူးကန်နင်ဂမ်

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်ဝန်ကြီးမှ အမှတ် ၃၃၉ အုပ်အတွက်။

"ဗိုလ်ချုပ်ကြီး ယာမာမိုတိုနှင့် သူ၏စစ်ဦးစီးအဖွဲ့ အေ ၁၈ တွင် ရာဘောမှ ဘူဂိန်းဗီးလ်သို့ သာရန်ရှိ"

"အုပ် ၃၃၉ မှ ပီ ၃၈ တိုက်လေယာဉ်များဖြင့် ယာမာမိုတို၏ လေယာဉ်အုပ်အား ကြားဖြတ် တိုက်ခိုက်သွားရန်။ ရန်သူလေယာဉ်အုပ်တွင် ဘက်တီဗုံးကြဲလေယာဉ်နှစ်စီးနှင့် ဇီးရိုးတိုက်လေယာဉ် ၆ စီး ပါဝင်သည်ဖြစ်"

"ဤစစ်ဆင်ရေးအား သမ္မတကြီးမှ တိုက်ရိုက်ညွှန်ကြားသဖြင့် အထူးကိစ္စရပ်အဖြစ် သတ်မှတ်။ ပြီးမြောက်အောင်မြင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရန်"

ဟိုက် ... ယာမာမိုတိုကို လုပ်ကြံရမှာပါကလား။

ယာမာမိုတိုကား ဂျပန်ရေတပ်မတော်၏ ရေကြောင်းဗိုလ်ချုပ်ကြီးဖြစ်ရုံမက တပ်ပေါင်းစုမှူးကြီးလည်းဖြစ်၏။ ကျွန်တော်တို့ ပစိဖိတ်ရေတပ်ကြီးကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ကာ အမေရိကန် အသက်ပေါင်း ၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကို ဖိစိန်ခြွေသွားသူလည်း ဖြစ်၏။ ဂျပန်တို့၏နာမည် ကျော် ဖီးရှီးတိုက်လေယာဉ်များကို ပုံစံထုတ် တည် ဆောက်ခဲ့သူလည်း ဖြစ်၏။ တိုက်လေယာဉ်များ၏ လေယာဉ်တင်သင်္ဘောကြီးများ အသုံးပြုကာ သယ်ဆောင် ၍ ဒုတိယကမ္ဘာစစ်၌ ရေကြောင်း၊ လေကြောင်းတိုက်ပွဲသင် နည်းနာများ တီထွင်ခဲ့သူလည်း ဖြစ်၏။ ဂျပန်တို့၏ ညတိုက်ပွဲနည်းဗျူဟာသစ်ကို ဖော်ထုတ်ခဲ့သူလည်း ဖြစ်၏။ ရေတိမ်တွင် တိုပီဒိုပစ်ခတ်နည်းအသစ်သုံးကာ ကျွန်တော် တို့ အမေရိကန်စစ်ရေယာဉ်များကို ရေအောက်စစ်သင်္ချိုင်း သို့ ပို့ခဲ့သူလည်းဖြစ်၏။ ယာမာမိုတိုကား ဂျပန်တို့ အလွန် အားထားရသည့် တကယ့်စစ်ပညာရှင်ကြီးပါပေ။

သူသည် အင်္ဂလိပ်စကားကို အမေရိကန်နှင့်မခြား ပြောနိုင်၏။ အမေရိကန်ဟားဗတ်တက္ကသိုလ်၌ အဆင့်မြင့် နည်းပညာများ သင်သွားခဲ့၏။ ဝါရှင်တန်၌ စစ်သံမှူးတာဝန် ထမ်းဆောင်ခဲ့ကာ အမေရိကန်မိတ်ဆွေ အများအပြားရှိခဲ့ပြီး အမေရိကန်တို့၏ အားကစားများကို နှစ်သက်သူ ဖြစ်လေ သည်။ အမေရိကန်များကိုလည်း ချစ်ခင်ခဲ့ရှာ၏။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြောင့် ဂျပန်က အမေရိကန်ကို စစ်ပြုလာ





သောအခါ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိသော ယာမာ မိုတိုသည် ကျွန်တော်တို့အမေရိကန်များအား အကြမ်းကြုတ် ဆုံး အရက်စက်ဆုံး စစ်ဆင်တိုက်ခိုက်ခဲ့လေသည်။

ယာမာမိုတိုသာ ဆက်လက်အသက်ရှင်နေပါက ကျွန်တော်တို့ အမေရိကန်များ မရဏစခန်းသို့ မကြာခဏ မြန်းကြရပေဦးတော့မည်။

ယခု ထိုနာမည်ကျော် ဂျပန်စစ်သူကြီးကို ကျွန် တော်တို့ တိုက်ခိုက်ကြရတော့မည်။

ဤကိစ္စမှာ ဂျပန်တို့၏ဝှက်စာများ ပေါက်ကြားရာမှ စတင်အခြေခံလာ၏။ ဂျပန်တို့သည် သူတို့၏ ဝှက်စာ ပညာရှင်များကို အလွန်အထင်ကြီးကြ၏။ သူတို့၏ဝှက်စာ များကို ကျွန်တော်တို့ အမေရိကန်များက ရှေးမဆွကပင် ဖော်ယူနေနိုင်ပြီဆိုသည်ကို သူတို့ မသိခဲ့။ ကျွန်တော်တို့မှ လည်း လွန်စွာလျှို့ဝှက်ထားခဲ့ကြ၏။

ယာမာမိုတိုအား လုပ်ကြံရေးအတွက် အမေရိကန် စစ်ဝန်ကြီးဌာနမှ သမ္မတကြီးရုစဗဲ့ထံ တင်ပြအမိန့် နာခံခဲ့၏။

"ယာမာမိုတို သေသွားရင် သူ့လိုလူမျိုး ဂျပန်မှာ ရှိဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိနိုင်ပါ"

"သူ့ကိုရော လုပ်ကြံသင့်ပါသလား"

"လုပ်ကြံသင့်ပါတယ်။ သူသာမရှိရင် ဂျပန်တွေ ညာလက်ရုံးကြီး ပြုတ်သွားပြီး ပစိဖိတ်သမုဒ္ဒရာထဲမှာ မလုပ်တတ်မကိုင်တတ် ဖြစ်သွားကြမှာပါ။ အဲဒါဆို စစ်ရေး အကဲသာမှုက ကျွန်တော်တို့ လက်ထဲ ရောက်လာမှာပါ"

"ဒါဆို သဘောတူတယ်"

သမ္မတကြီးရုစဗဲ့နှင့် လေကြောင်းဗိုလ်ချုပ်ကြီး အားနက်စ်ဂျေကင်း၊ ရေကြောင်းဗိုလ်ချုပ်ကြီး ချက်စတာ ဒဗလျူနိမစ်တို့ အထက်ပါအတိုင်း အပြန်အလှန် ဆွေးနွေး ဆုံးဖြတ်ကြခြင်းဖြစ်၏။

ဤသို့ဖြင့် ယာမာမိုတိုအား လုပ်ကြံရမည့် စီမံချက် ကျွန်တော်တို့ထံ ရောက်ရှိလာခြင်းဖြစ်ပေတော့သည်။

ကဲ . . . ဗိုလ်ချုပ်ကြီးယာမာမိုတိုရေ ကျွန်တော်တို့ လာပြီ။

ကျွန်တော်တို့သည် အချိန်တစ်ရက်သာရှိသည့် အတွက် တိုက်ခိုက်ရေးစီမံချက်ကို ချက်ချင်းဆွေးနွေးကြ၏။

"သတင်းက ဘာတဲ့လဲ"





"ရာဘောကနေပြီး ကဟီလီကို လာမယ်တဲ့"

"အချိန်ကရော"

"မနက် ၀၉း၄၅ မှာ ကဟီလီရောက်မယ်တဲ့"

"ဒါဆို ဒို့ ဒီကနေပြီး သူတို့လေယာဉ်တွေ ကဟီလီ မဆင်းမီ ဖြတ်တိုက်မှရမယ်"

"ကဟီလီမြောက်ဘက် ၃၅ မိုင်အကွာလောက်က ဖြတ်တိုက်ကြတာပေါ့"

ဗိုလ်မှူးဂျွန်မစ်ချယ်က သတ်ကွင်းရွေးလိုက်သည်။

"ဖြစ်ပါ့မလား"

"ဖြစ်အောင်လုပ်ကြရမှာပေါ့"

"ကဟီလီမှာ ဂျပန်လေယာဉ်အစင်းတစ်ရာ လောက် Standby ရှိနေတယ်"

"ရှိလည်းရှိပေါ့။ သမ္မတကြီးနဲ့ ဦးစီးချုပ်ရဲ့ လိုအပ် ချက်ပဲ။ စွန့်ကြတာပေါ့"

ကျွန်တော်တို့တွင် ပီ ၃၈ လိုက်တနင်းလေယာဉ် ၁၈ စင်းသာ လောလောဆယ် ရှိပေသည်။ စစ်ဆင်ရေး အောင်မြင်မှုမှာ ကျွန်တော်တို့စွမ်းရည်တစ်ခုတည်းသာမက ကံကြမ္မာ၏ မျက်နှာသာပေးမှုကိုလည်း ရည်းမှ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် စစ်သားဆိုတော့ အမိန့်နာခံရပေမည်။ တုံးတိုက် တိုက် ကျားကိုက်ကိုက် ပေးတဲ့အမိန့်အတိုင်း ဆောင်ရွက် ရမည်သာ ဖြစ်ပါ၏။

"ကဲ ...တိုက်ခိုက်ရေးစီမံချက်ကို ပြောမယ်"

"ကိုယ်ခေါင်းဆောင်တဲ့ တိုက်လေယာဉ်အုပ်က လေယာဉ် ၁၄ စင်းနဲ့ နက်ဖြန် ယရက် ၀၇း၂၅ နာရီ မှာ ဒီက တက်မယ်။ အမြင့်ပေ ၂၀၀၀၀ ကနေပြီး ကဟီလီ လေယာဉ်ကွင်းကို စိုးမိုးထိန်းချုပ်ထားမယ်။ လန်းဖီးယား ခေါင်းဆောင်တဲ့ လေယာဉ် ၄ စီးက အမြင့်ပေ ၁၀၀၀၀ ကနေပြီး ရန်သူလေယာဉ်အုပ်ကို စောင့်တိုက်ပေတော့"

ဗိုလ်မှူးမစ်ချယ်က သူ့စီမံချက်ကို နောက်ဆုံး အတည်ပြုပြောကြား၏။ စီမံချက်ကား လိုရင်းတိုရှင်း ဖြစ် ပေသည်။

"ဗိုလ်မှူး.... စီမံချက်က တိုတိုရှင်းရှင်းနဲ့ ကောင်း ပါတယ်။ အရေးကြီးတာ ယာမာမိုတို သတ်မှတ်တဲ့ အချိန် ရောက်လာဖို့ပါပဲ။ သူသာ ကျဆုံးသွားရင် ပစိဖိတ်သမုဒ္ဒရာ ထဲက ဂျပန်တွေ တစ်ခါတည်း စိတ်ဓာတ်ကျသွားမှာပါ"

"သူရောက်တော့ ရောက်ပါ့မလား"





"ယာမာမိုတိုဟာ အလွန်အချိန်လေးစားသူ ဖြစ် တယ်။ စိတ်မပူပါနဲ့။ သူ ရောက်ကို ရောက်လာမှာပါ"

ကျွန်တော်တို့အား ဂွါဒါကင်နယ်လ် စစ်ဒေသမှ ထောက်လှမ်းရေးအရာရှိက ဖြည့်စွက်ပြောကြားလေသည်။

"ကဲ ...ဘာမေးစရာရှိကြသေးလဲ"

"မရှိပါဘူး"

"မရှိရင်လဲ တန်းဖြုတ်ကြတာပေါ့"

❖

## ရန်သူ့လေယာဉ်အုပ်ကို တိုက်ခိုက်ခြင်း

အေပြီ ၁၈ ရက်။ တနင်္ဂနွေနေ့ နံနက်ခင်း။

ဂွါဒါကင်နယ် ကောင်းကင်ပြင်တွင် မိုးရိပ်မိုးငွေ့ လေးများဖြင့် မှုန်မှိုင်းနေ၏။

ကျွန်တော်တို့တိုက်ပွဲဝင် လေယာဉ်များအားလုံး အသင့်ဖြစ်နေကြသည်။

မနက် ၀၇း၂၅ ချိန်တွင် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူး မစ်ချယ် လေယာဉ်က ကောင်းကင်သို့ ဝေါခနဲ ထိုးတက်သွား ၏။ တစ်ဦးပြီးတစ်ဦး တက်သွားကြသည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com




လေယာဉ်အုပ်မှ အရေးထဲ ကွင်းကအတက် တစ်စီး ဘီးပေါက်သွားသည်။ တစ်စီးက ဆီပိတ်သွားသည်။ နှစ်စီးသာ ကျန်တော့၏။ ဗိုလ်မှူးမစ်ချယ်က ချက်ချင်း သူ့ဆီမှ လေယာဉ် နှစ်စီးကို ဖြည့်ပေးတော့၏။


ကျွန်တော်
ဗိုလ်ရက်စ်ဘာဘာ
ဗိုလ်ကက်စ်ဘီဟုမ်း
ဗိုလ်ရေမွန်ဟိုင်း လေးစီးပြန်ဖြစ်သွား၏။

ကျွန်တော်တို့သည် အနောက်ဘက်သို့ ဦးတည် ပျံသန်းခဲ့ကြ၏။ ရန်သူမရိပ်မိအောင် အနိမ့်ပျံခဲ့ကြပြီး လမ်းတစ်လျှောက်လုံး ရေဒီယိုဆက်သွယ်မှုလည်း လုံး မလုပ်ခဲ့ကြချေ။ အငိုက်ရဖို့က အရေးကြီးလှသည်။

ကျွန်တော်သည် ရန်သူခေါင်းဆောင်ကြီး ယာမာ မိုတိုနှင့် ရင်ဆိုင်ရမည်ဖြစ်သဖြင့် စိတ်လှုပ်ရှားတက်ကြွ နေ၏။ ၂ နာရီနီးနီးပျံသန်းမိပြီးနောက် ဘွားခနဲ Bougain ville ဘူဂိမ်းဗီးလ်ကျွန်းမကြီးကို သစ်ပင်စိမ်းစိမ်းများဖြင့် လှမ်းမြင်ရ၏။ ကျွန်းပေါ်ရောက်သည်နှင့် ဗိုလ်မှူးမစ်ချယ်၏ လေယာဉ်အုပ်က အမြင့်ပေ ၂၀၀၀၀ သို့ တိုးတက်သွား




www.burmeseclassic.com





ယာမာမိုတို၏လေယာဉ်အား ကြားဖြတ်တိုက်ခိုက်ရန်
အမေရိကန်တိုက်လေယာဉ်များ အုပ်ဖွဲ့ပျံသန်းလာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့၏ ဇီးရိုးတိုက်လေယာဉ်



အမေရိကန်တို့၏ ပီ - ၃၈ တိုက်လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကျွန်တော်က အမြင့်ပေ ၁၀၀၀၀ သို့ တက်ခဲ့၏။ နောက်က လေယာဉ်သုံးစီးလည်း ပါလာ၏။

နာရီကိုကြည့်လိုက်ရာ နံနက်၉နာရီ ၃၃ မိနစ်။

ဘယ်မှာလဲ ရန်သူ့လေယာဉ်ပျံတွေ အရိပ်အခြည် မျှ မမြင်ရ။ မျက်စိတစ်ဆုံး ရှာပုံတော်ဖွင့်မိ၏။ စိတ်လည်း စောနေသည်။ ကြာရင် ကဟီလီလေယာဉ်ကွင်းက ရန်သူ များ ရိပ်မိသွားမှာလည်း စိုးရိမ်နေမိ၏။ မည်သည့် ရေဒီယို သံမှ မကြားရ။ ကျွန်တော်တို့အားလုံး အငိုက်ဖမ်း၍ အလစ် ချောင်းတိုက်ရန် လာခဲ့ကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦးလည်း ရေဒီယိုအဆက်အသွယ်လည်း မလုပ်ရဲကြ။ ရေဒီယိုစက်အားလုံးကို Silent လုပ်ထားသည်။

ထိုအချိန်တွင် မမျှော်လင့်သောအသံတစ်ခု ပေါ် လာ၏။

"ရန်သူ့လေယာဉ်အုပ် ၁၀ နာရီ ညွှန်းမှတ်မှာ တွေ့ပြီ"

ဗိုလ်မှူးမစ်ချယ်၏ အုပ်မှ လေယာဉ်မှူးတစ်ဦးက လှမ်းပြောလိုက်ခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ သူပြောသည့် ညွှန်းမှတ်ကို လှမ်းကြည့်လိုက်ရာ ဗီ V ပုံသဏ္ဍာန်အုပ်ဖွဲ့ပျံလာသည့် ရန်သူလေယာဉ် အမည်းပြောက်လေးများကို လှမ်းမြင်ရသည်။ ချက်ချင်းပင် မြင်ကွင်းအတွင်း သဲသဲကွဲကွဲဖြင့် ရန်သူလေယာဉ်များ ဝင်ရောက်လာတော့၏။

Betty အမျိုးအစား ဗုံးကြဲလေယာဉ် နှစ်စင်းနှင့် ဇီးရိုးတိုက် လေယာဉ် ၆ စီး။

နာရီကြည့်လိုက်တော့ မနက် ၉ နာရီ ၃၅ မိနစ်တိတိ။

ဂျပန်ဗိုလ်ချုပ်ကြီး ယာမာမိုတိုကား အမှန်ပင် အချိန်လေးစားသူပါတကား။

ကျွန်တော်သည် တိုက်ပွဲဝင်ရန် အပိုဆီတိုင်ကီကို ဖြုတ်ချလိုက်၏။ ကျန်လေယာဉ်များကလည်း အပိုဆီတိုင်ကီများ ဖြုတ်ချကြရာ ၂စီးမှာ ဖြုတ်မရသဖြင့် ကမ်းခြေတန်းဘက်သို့ ရုတ်တရက် ထိုးဆင်းချသွားကြ၏။ ကျွန်တော်နှင့် ဘာသာနှစ်ဦးသာ တိုက်ပွဲဝင်ရန် ကျန်တော့၏။ မတတ်နိုင်ပါ။ အပွဲပွဲနွှဲလာတာ ဒီပွဲမှ လွဲသွားရင်ဖြင့် ရာဇဝင်ရိုင်းပေရော့မည်။ ရှိတဲ့သူနဲ့ပဲ တိုက်ရပေလိမ့်မည်။





ကျွန်တော်တို့ လေယာဉ် ၂စီးက ရန်သူလေယာဉ်များဆီသို့ တစ်ရှိန်ထိုး တိုးဝင်သွားမှ ရန်သူတို့က မြင်သွားပြီး ဇီးရိုးတိုက်လေယာဉ်များက ကျွန်တော်တို့ဆီသို့ တည့်တည့်ပျံသန်းလာကြ၏။

ရှေ့ဆုံးမှ ဗုံးကြဲ ဘက်တီလေယာဉ် ၂စီးအနက် တစ်စီးက မြေပြင်သို့ ထိုးဆင်းသွားပြီး တစ်စီးက ကျွန်တော့်ထံသို့ အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာခဲ့၏။ ကျွန်တော်က တိုးဝင်လာသည့် ရှေ့ဆုံးမှ ရန်သူ့ဗုံးကြဲ လေယာဉ်အား လေယာဉ်ချင်းထိလုမတတ် နီးမှ အသက်အောင့်ကာ စက်သေနတ်ခလုတ်ကို ဆွဲနှိပ်လိုက်တော့၏။

"ဒက် ... ဒက် ... ဒက် ... ဒက် ... ဒက် ဒက်"

ကျွန်တော့်စက်သေနတ်မှ ကျည်များက မြည်ဟည်းကာ ရန်သူ့လေယာဉ်အတောင်ပံကို ထိမှန်သွား၏။ ရန်သူ့ဗုံးကြဲလေယာဉ် အတောင်တစ်ဖက်ပြုတ်ကာ မြေပြင်သို့ ဇောက်ထိုးကျသွား၏။

ရန်သူ့လေယာဉ်တစ်စင်းတော့ သွားပြီ။

ကျွန်တော်လည်း ချက်ချင်းပင် တောအုပ်များဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ထိုးဆင်းသွားသည့် နောက်ထပ်ရန်သူ့ဘက်တီ လေယာဉ် နောက်သို့ လိုက်ပြန်၏။ ကျွန်တော့်နောက်သို့လည်း ကျွမ်း ဖိုးရိုးလေယာဉ် ၂စင်းက ကပ်လိုက်နေသည်။ နောက်က ကပ်လိုက်နေသည့် ရန်သူကို လွှတ်အောင်ရှောင်တိမ်းရင်း ရှေ့က ဗုံးကြဲလေယာဉ်ကို တောအုပ်ပေါ်တွင် မြင်လိုက် သည်နှင့် ချက်ချင်း အတင်းထိုးဆင်းကာ မိသည်နှင့် ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ စက်သေနတ် ခလုတ်ကို ဖမ်းနှိပ်လိုက်တော့၏။ ဗုံးကြဲလေယာဉ်၏ ဦးခေါင်းပိုင်းကို ထိမှန်သွားသည်။ ချက်ချင်းမီးထတောက် ၍ အတောင်တစ်ဖက်ပြုတ်ကာ သစ်တောအုပ်တွင်းသို့ ထိုးကျသွားတော့၏။

သွားပြန်ပြီ နောက်တစ်စင်း။

ယာမာမိုတို ပါ, မပါတော့ မသိ။ တာဝန်တော့ကျေ သွားပြီ။ ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်နေသော ဘာဘာ သည်လည်း အခြားလေယာဉ်တစ်စီးကို ပင်လယ်ထဲ ပစ်ချလိုက်သည်ကို လှမ်းမြင်ရ၏။

ကဲ ... ပြီးပြီ။ လစ်မှ။

နောက်မှကပ်လိုက်နေသည့် ဖိုးရိုးနှစ်စီးကို ကျွေ





ပတ်ရှောင်တိမ်းကာ ဂွါဒါကင်နယ်လ်သို့ ချက်ချင်းလှည့်ပြန် ခဲ့၏။ လမ်းမှားပြီး ကဟီလီလေယာဉ်ကွင်းပေါ် ရောက်သွား သေး၏။ ချက်ချင်း လမ်းကြောင်းပြောင်းပြီး ကိုယ့်လေတပ် ရှိရာသို့ အမြန်ဆုံး မိုင်နှုန်းတင် မောင်းလိုက်ရာ ရန်သူ့ လေယာဉ်များလည်း ပြတ်ကျန်ခဲ့တော့သည်။

ဝိုး ... ရည်မှန်းချက်တာဝန် အောင်မြင်စွာပြီးဆုံး သွားပြီ။

မကြာမတင်ပင် ကျွန်တော်တို့ ဂွါဒါကင်နယ် လေတပ်ကွင်းသို့ ကျွန်တော့်လေယာဉ် ပြန်ဆင်းနိုင်သည်။ အခြားလေယာဉ်များလည်း တစ်စီးပြီးတစ်စီး ရောက်လာ သည်။

"သူ့ကိုတော့ ပစ်ချခဲ့ပြီ"

"ဘယ်သူ့ကိုလဲ"

"ယာမာမိုတိုကိုလေ"

ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ပြောလိုက်ဘော့ ၏။

"ဝေးဟေးဟေး"

အားလုံးက အားပါးတရ အော်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကွန်ဂရက်ကျူလေးရှင်း လန်းဖီးယား"

စခန်းရှိ လေသူရဲများက ကျွန်တော့်ကို ဂုဏ်ပြု နှုတ်ဆက်ကာ ပခုံးပေါ်ထမ်းခေါ်သွားကြ၏။

❖

**ယာမာမိုတိုကျဆုံးခြင်း**

ထိုည၌ ဂွါဒါကင်နယ် စစ်ဒေသမှူး ဗိုလ်ချုပ်ကြီး ကောလင်းမှ ကျွန်တော်တို့တိုက်ပွဲဝင် လေသူရဲများအား ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံလေ၏။ ယမကာဖော်ခြင်း သောခြင်းနှင့် ညစာစားနေစဉ် လေတပ်ဦးစီးချုပ်ထံမှ ကြေးနန်းတစ်စောင် ဝင်လာသည်။

"သင်တို့တိုက်ပွဲဝင် သူရဲကောင်းများကို ချီးကျူးပါသည်။ သင်တို့ပစ်ချခဲ့သော ငှက်များ၌ ငှက်ဆင်ကြီး တစ်ကောင်ပါရှိကြောင်း"

"ဟေး ... ယာမာမိုတို သေပြီကွ"

ကျွန်တော်တို့အားလုံး ဝမ်းသာအားရ ကြွေးကြော်လိုက်ကြ၏။

ထိုနေ့က ကျွန်တော်တို့ တိုက်ပွဲဝင်မှုသတင်းအပြည့်





အစုံကို အထူးလျှို့ဝှက်ထားသဖြင့် စစ်ကြီးပြီးမှပင် အပြည့်အစုံ သိခွင့်ရခဲ့၏။ ရန်သူ့ဗုံးကြဲလေယာဉ် ၂စီးလုံးကို ကျွန်တော် ပစ်ခဲ့၏။ ၎င်းအနက် ပင်လယ်ထဲ ထိုးကျသွားသည့်လေယာဉ်ကို ဘာဘာကလည်း ပစ်ခဲ့သေးသည်ဟု ဆိုသည်။ ယာမာမိုတို စီးနင်းခဲ့သော လေယာဉ်ကိုလည်း ဘာဘာက ပစ်နိုင်ခဲ့သေးသည်ဟု ဆိုပြန်၏။ အဖြစ်အပျက်များမှာ စက္ကန့်ပိုင်းအတွင်းမှာပင် ဖြစ်၍ အားလုံးဖြစ်နိုင်သည်သာ။

ပင်လယ်ထဲသို့ ထိုးကျသွားသည့် လေယာဉ်၌ ဂျပန်ရေကြောင်းဗိုလ်ချုပ်ယူကာကီနှင့် ကီတာမူရာတို့ ပါသွားပြီး ဒဏ်ရာအကြီးအကျယ်ဖြင့် ဂျပန်တို့က ပင်လယ်တွင်းမှ ပြန်လည်ဆယ်ယူကယ်တင်နိုင်ကြသည်ဟု ဆို၏။ သို့ရာတွင် တောအုပ်အတွင်း မီးလောင်ပျက်ကျသွားသည့် လေယာဉ်၌မူ ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတိုကိုယ်တိုင် ပါဝင်သွားကြောင်းနှင့် လေယာဉ်ပျက်ကျသည့်နေရာမှာပင် ကျဆုံးသွားကြောင်း သိရပါသည်။ ယာမာမိုတိုကို ဘူးအင်းအနီးရှိ တောင်ကုန်းလေးတစ်ခုတွင် မီးသင်္ဂြိုဟ်၍ သူ၏အရိုးအိုးကို တိုကျိုသို့ ပြန်ပို့ခဲ့၏။ တိုကျို၌ နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com



ရှာပနအဖြစ် ဂုဏ်ပြုသဖြင့်ဟ်ရာ ဂျပန်ပြည်သူထောင်ပေါင်းများစွာက လိုက်ပို့ကြသည်ဆိုပါသည်။ စည်ကားသိုက်မြိုက်မှုမှာ ဗြိတိသျှရေကြောင်းဗိုလ်ချုပ်ကြီး နယ်လ်ဆင်၏ ရှာပနနှင့်ပင် ယှဉ်ပြိုင်နိုင်သည်ဟု ပြောစမှတ်ပြုကြ၏။

ယာမာမိုတိုကျဆုံးပြီး တစ်လကျော်အကြာ မေ ၂၁ ရက်နေ့မှ ဂျပန်အစိုးရက သူ ကျဆုံးသွားကြောင်း တရားဝင်သတင်းထုတ်ပြန်ခဲ့၏။

ကျွန်တော်တို့ အမေရိကန်အစိုးရကမူ တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ နှုတ်ဆိတ်ရေငုံနေခဲ့၏။

အကြောင်း နှစ်ချက်ရှိပါသည်။

တစ်ချက်မှာ ယာမာမိုတို၏ လေယာဉ်ကို ကြားဖြတ်တိုက်ခိုက်နိုင်ခြင်းမှာ ဂျပန်တို့ ဝှက်စာများကို ကျွန်တော်တို့ အမေရိကန်တွေ ဖော်ယူနိုင်နေသည်အား ဂျပန်တို့ မသိစေလို၍ ဖြစ်၏။

ကျန်တစ်ချက်ကား ကျွန်တော်တို့ ထိုစဉ်က တိုက်ပွဲဝင် လေသူရဲများ အထူးသဖြင့် ကျွန်တော့်အား ဂျပန်တို့က ပစ်မှတ်ထား၍ လက်စားချေမည်စိုးသောကြောင့်ပင်။

သို့ရာတွင် ကံကြမ္မာသည်ကား အံ့သြဖွယ် ကောင်း





လေစွ။

ယာမာမိုတို ကျဆုံးပြီး ၂ လခန့်အကြာ၌ ကျွန်တော့်ညီငယ်ချားလ်စ်သည် လေယာဉ် ၈ စီးကို ခေါင်းဆောင်၍ ကဟီလီလေယာဉ်ကွင်းသို့ သွားရောက်ဗုံးကြဲ တိုက်ခိုက်ရာ ဂျပန်တို့ပစ်ချခြင်းကို ခံခဲ့ရ၏။ ယာမာမိုတို လေယာဉ်ပျက်ကျသည့်နေရာမှာပင် သူ့လေယာဉ် ပျက်ကျခဲ့၏။ သူကား အသက်မသေပါ။ ဂျပန်များ၏ ဖမ်းဆီး ခြင်းခံရ၏။ စစ်ကြီးပြီးဆုံးခါနီး သူ့အား ဖမ်းထားသည့် သုံ့ပန်းစခန်းကို ကျွန်တော်တို့ တပ်များက ပြန်လည်သိမ်း ပိုက်ရာ၌ ထိုစခန်းမှ ကျွန်တော့်ညီငယ် ချားလ်စ်သည် ရောဂါတစ်ခုဖြင့် ကွယ်လွန်ပြီးခဲ့သည်မှာ ရက်သတ္တနှစ်ပတ်ပင် ရှိခဲ့လေပြီ။

❖

နိဂုံး

အာလင်တန်စစ်သင်္ချိုင်း၌ မိုးက မစဲသေးပါ။ တဖွဲဖွဲနှင့် ရွာလျက်ရှိနေသေးသည်။ ကျွန်တော်သည် ယာမာမိုတိုအား လုပ်ကြံတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်ကို ပြန်စဉ်းစားရင်း ညီငယ်၏ မြေကျင်းဘေး၌ တွေတွေကြီး ရပ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် စစ်ကို အလိုမရှိတော့ပါ။ စစ်ကို မုန်းတီးနေမိပါပြီ။ ဝဋ်၏ အတုံ့အလှယ်သဘောကိုလည်း စောကြောမိပါသည်။ ကျွန်တော်က ဗိုလ်ချုပ်ကြီး ယာမာမိုတိုကို ပစ်ခတ်လုပ်ကြံခဲ့၏။ သူလေယာဉ်ပျက်ကျသည့် နေရာမှာပင် ကျွန်တော့်ညီလေးချားလ်စ်၏ လေယာဉ်ကို ဂျပန်တို့က ပစ်ချခဲ့ပြန်၏။ အပြန်အလှန်နိယာမသဘောကို ကျွန်တော် တွေးတောမိပါသည်။ ဂျပန်တွင် ယာမာမိုတို၏ဖနီးသည်တို့ ကျွန်တော် တွေ့ခဲ့ပြီးပါပြီ။ လင်မရှိတော့သည့် သူမ၏မုဆိုးမဘဝကို နားလည်စာနာနိုင်ခဲ့ပါသည်။

သိပ္ပံပညာတိုးတက်နေသော ဤကမ္ဘာကြီးတွင် လူသတ်လက်နက်များကလည်း တိုးတက်နေကြရာ ကမ္ဘာငြိမ်းချမ်းရေးအတွက်လည်း ရတက်မအေး ဖြစ်မိပါသည်။

စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ကမ္ဘာသူကမ္ဘာသားများ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ကြပါစေဟု သာ ဆုတောင်းမိပါတော့သည်။

သောင်းဝေဦး

၁၀. ၆. ၂၀၀၄





## မှီငြမ်းကိုးကားသည့်စာအုပ်များ


၁။ The Second World War, Wiston Churchill

၂။ The War Against Japan, Maj: General S.Woodburn

၃။ I Led the Air Attack on Pearl Harbour, Mitsuo Fuchida

၄။ I Shot down Yamamoto, Thomas George Lanphier

၅။ The Giants of Japan, Mark Weston

၆။ Japan Drives Southwest, Colonel Victor J.Croziat

၇။ A History of Modern Japan, Tsuji Masanobu




www.burmeseclassic.com

www.burmeseclassic.com

## တော်ဝင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကံမရောက် သက်မပျောက်

၈။ ဣတ္ထိယခေါ် မိန်းမတို့သည်

၉။ ယောက်ျားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ

၁၂။ ဖွံ့သားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ မှုးမြစ်မှသည် ရောဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ

၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)

၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)

၁၈။ ဣတ္ထိယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း

၁၉။ အစ်ကိုတို့စစ်သား

၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)

၂၁။ ကျွန်တော် ဝေါက်သီးသမား

၂၂။ နှိုးဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ

၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)

၂၄။ ကမ္ဘတိန်ကျော်ညွန့်၏ စွန့်စားခန်းများ

၂၅။ အချစ်နဲ့ စစ်သား

၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်

၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ

၂၈။ မလွမ်းပို မငိုနဲ့နော်

၂၉။ အမှတ်တရတိုက်ပွဲများ အမှတ်(၁)

စီစီဝမ်တာပန်တိုက်ပွဲကြီး

၃၀။ မြန်မာ့မြေမှ အင်္ဂလိပ်-ဂျပန်တိုက်ပွဲများ

၃၁။ လှစွန့်စားကြီးကမ္ဘတိန်တေနာဦး


www.burmeseclassic.com

www.burmeseclassic.com

၃၂။ အမှတ်တရတိုက်ပွဲများ အမှတ်(၂)
မိုင်းယန်းတိုက်ပွဲ

၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)

၃၄။ အမှတ်တရတိုက်ပွဲများ အမှတ်(၃)
ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်နှင့် ဗိုလ် ၆၀၄၁ တိုက်ပွဲကြီး

## ထုတ်ဝေဆဲစာအုပ်

၃၅။ ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ
အမှတ် (၁)၊ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ

## ထုတ်ဝေရန်ရှိသည့် စာအုပ်များ

၃၆။ ကမ္ဘာ့ထင်ရှားသော မက်ဆီဒိုးစ်တားမီးယားဓားစွန်တားခန်းများ

၃၇။ ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ
အမှတ် (၂) (၃) (၄) (၅)

၃၈။ ပော့. နိုတွန်မန်နီ

BURMESE CLASSIC

၁၉၈၆ ခုနှစ် နိုဝင်ဘာမှ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီထိ သုံးလနီးပါး ကြာမြင့်ခဲ့သည့် အရှေ့မြောက်ဒေသမှ ဗကပတို့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲကြီးအကြောင်း . . .

# သောင်းဝေဦး

# အမှတ်တရ တိုက်ပွဲများ

## အမှတ် (၁)

# စီစီဝမ် တာပန် တိုက်ပွဲကြီး

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၇၃၁၀၀၈
မြရတနာစာပေတွင် ရနိုင်ပါသည်၊
မြရတနာစာပေ (ဖုန်း) ၀၁-၃၇၉၇၇၃/ ၀၁-၅၇၈၆၇၀

www.burmeseclassic.com